ဝမ့်ကွန်ကျေးရွာ

လွိုင်ကော်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝမ့်ကွန်ကျေးရွာ၊လွိုင်ကော်မြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၄

ဝမ်းကွန်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ လွိုင်ကော်မြို့နယ် ၆

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၇

၁။ **နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ **ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၉

(က)` တည်နေရာ၊ မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ **ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

၄။ **ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ** ၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမှီရယူမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

၅။ **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ** ၂၂

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ **ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ** ၂၇

၇။ **ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ** ၂၉

၈။ **ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ** ၃၁

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေး

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ **ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်** ၃၆

၁၀။ **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ** ၃၈

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ **စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း** ၃၉

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံချက် ဇယားများ ၄၂

(၁) ရွာ၏ လူမှုစီးပွားရေး အခြေအနေ

ဇယား (၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု

(၂) လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား (၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့် အခက်အခဲများ
ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ
ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား (၂၈) ကျောင်းအပ်နှုန်း
ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ
ဇယား (၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား (၃၁) အဖြစ်များသော ရောဂါများ
ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) သောက်သုံးရေ ရရှိမှု
ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ
ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား (၄၀) ယာဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့် အခြေအနေ ကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ ၇၉

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၈၆

ဇယား (၄၅) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ကိုးကားစာရင်း ၉၁

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၉၂

စီမံချက်ဆိုင်ရာ အချက်အလက်ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ဝမ်းကွန်ကျေးရွာ၏ ကျေးရွာသူ ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် လွိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများကစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့်စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင်ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှု ကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင် သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့်အချက်အလက်များကို သာအားပြုထားသော်လည်း နောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ လွိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လွိုင်ကော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာန

များ၏အကြံပြုချက်များ၊ ကယားပြည်နယ်အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအားထုတ်မှု အခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံချက်တွင် အပိုင်း(၂) ပိုင်းပါရှိပါသည်။ အပိုင်း (က) တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေး ဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝမ့်ကွန်ကျေးရွာ

လွိုင်ကော်မြို့နယ်

ဝမ့်ကွန်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ လွိုင်ကော်မြို့နယ်



ရည်ညွှန်း။ ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ (၂၄-၂၆.၇.၂၀၁၅) ရက်နေ့တွင်ကောက်ယူထားခြင်းဖြစ်ပါသည်။

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှလိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကို လည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ပထဝီဝင်အနေအထားအရ ကယားပြည်နည်သည် မြန်မာပြည်၏ အရှေ့တောင်ဘက်အကျဆုံးပြည်နယ်ကြီးတစ်ခုဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၉၅၀ ကျော်တွင်ရှိပြီးမြောက်ဘက်တွင် ရှမ်းပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ တောင်ဘက်တွင် ကရင်ပြည်နယ်၊ အနောက်ဘက်တွင် မန္တလေးတိုင်းတို့နှင့် နယ်နိမိတ်ချင်းဆက်စပ်နေသော ဒေသတစ်ခုဖြစ်ပါသည်။ လွိုင်ကော်မြို့သည် ကယားပြည်နယ်၏မြို့တော်ဖြစ်ပြီး (နေပြည်တော်၊ လွိုင်ကော်)၊ (တောင်ကြီး/အောင်ပန်း၊ လွိုင်ကော်) ကားလမ်းမကြီးနှင့် ဆက်သွယ်ထားပါသည်။ ကယားပြည်နယ်လွိုင်ကော်မြို့ကို အခြားတောင်ကြီး၊ အောင်ပန်း၊ ပင်လောင်း၊ နေပြည်တော်၊ မန္တလေး၊ ရန်ကုန်မြို့များသို့ ကားလမ်း၊ ရထားလမ်းများဖြင့်ဆက်သွယ်ထားပြီး လေကြောင်းလမ်းဖြင့်လည်း သွားလာနိုင်သည်။ လွိုင်ကော်မြို့နယ်သည် လောပိတရေတံခွန်နှင့်နီးပြီး မြေပြန့်လယ်ယာပေါများသော ဒေသတစ်ခုလည်း ဖြစ်ပါသည်။

ဝမ့်ကွန်ကျေးရွာသည် ပထဝီဝင်အနေအထားအရ လွိုင်ကော်မြို့နှင့် ၁၂ ကီလိုမီတာအကွာအဝေး၊ မထောက်ခူကျေးရွာအုပ်စု၊ ဘီလူးချောင်းဘေးတွင် မြေပြန့်၊ ယာကုန်းများနှင့် တောင်ကုန်းငယ်လေးများရောနှောတည်ရှိပါသည်။ လွိုင်ကော်မှ ကျောက်ချောလမ်းဖြင့် ဆက်သွယ်ထားပြီး လွိုင်ကော်မြို့၏ အရှေ့တောင်ဘက်တွင်တည်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးအသင့်အတင့်ကောင်းသည်။ ဝမ့်ကွန်ကျေးရွာ၏ အဓိကသက်မွေးဝမ်းလုပ်ငန်းမှာ လယ်၊ ယာနှင့် ရွှေပြောင်းတောင်ယာစိုက်ပျိုးရေးလုပ်ငန်း၊ အိမ်ခြံဝင်းဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းနှင့် မွေးမြူရေးလုပ်ငန်းဖြစ်သည်။

လွိုင်ကော်မြို့နယ်၏ (၂၀၁၄) ခုနှစ်အတွင်း မိုးရွာ ရက် ပေါင်း (၁၂၀) ရက်နှင့် မိုးရေချိန်မှာ (၄၀) လက်မ အောက်ရှိသည်။

(ခ) သဘာဝအရင်းအမြစ်များ

လွိုင်ကော်မြို့သည် ဘီလူးချောင်းမှတနှစ်ပါတ်လုံး ရစ်ခွေစီးဆင်းနေသောမြို့ဖြစ်ပြီး မြန်မာပြည်၏ အကြီးဆုံးလောပိတရေတံခွန်နှင့် ရေအားလျပ်စစ်ထုတ်လုပ်သောမြို့ ဖြစ်သည်။ လယ်စပါး၊ အဖိုးတန်သစ်သီးဥယျဉ်ခြံ၊ ဟင်းသီးဟင်းရွက်မျိုးစုံ၊ ရွှေပြောင်းတောင်ယာ၊ အဖိုးတန်ကျွန်းနှင့် သစ်မာများမျိုးစုံစိုက်ပျိုးဖြစ်ထွန်းသော ရေမြေရာသီဥတုရှိသည်။ မြို့နယ်သည် သဘာဝသယံဇာတနှင့် ပတ်သက်၍ ခဲမဖြူနှင့် အဖြိုက်နက် အနည်းငယ်ထွက်ရှိသော ဒေသလည်းဖြစ်သည်။

ဝမ့်ကွန်ကျေးရွာသည် ဘီလူးချောင်းအနီးတွင်တည်ရှိပြီး ဘီလူးချောင်းမှာလည်း တနှစ်ပါတ်လုံးရေစီးဆင်းသောချောင်းဖြစ်သည်။ ဘီလူးချောင်းသည် ၎င်းဒေသ၏ စိုက်ပျိုးရေးအတွက်များစွာအကျိုးရှိပြီး ဝမ့်ကွန်ကျေးရွာကို ကျောက်ချောလမ်းဖြင့် သွားလာနိုင်သည်။ ငါးမွေးမြူရေးအတွက်လည်းအလားအလာကောင်းများရှိသည်။ ကျေးရွာတွင်စိုက်ပျိုးမြေအဖြစ် လယ်၊ ယာနှင့် ရွှေပြောင်းတောင်ယာမြေများစွာရှိသည်။ စိုက်ပျိုးရေး ကိုအဓိကထားလုပ်ကြပြီး မြေဩဇာအသင့်အတင့်သာကောင်းမွန်သောစိုက်ပျိုးမြေများဖြစ်ပါသည်။ ရွာအနီးပတ်ဝန်းကျင်တွင် တောင်စောင်းစိုက်ပျိုနှင့်

လယ်မြေအဖြစ် အသုံးပြုနိုင်သော မြေအချို့ကျန်နေသေးသဖြင့် စိုက်ပျိုးမြေများတိုးချဲ့ရန်မှာ အခွင့်အလမ်းရှိပါသေးသည်။ လက်ရှိလယ်များကို ဘီလူးချောင်းဆည်မြောင်း (၁) မှဆည်ရေကိုတန်စ်ပါတ်လုံးရရှိ စိုက်ပျိုးနေကြသော်လည်း ဆည်မြောင်းမှာပျက်စီးနေသောကြောင့် လယ်များရေလုံလောက်မှုမရှိကြပါ။ အကယ်၍ ၎င်းဆည်မြောင်း ပြုပြင်ကောင်းမွန်ပါက စွန့်ပစ်လည်း ဧက ၂၀၀ ခန့် တိုးချဲ့စိုက်ပျိုးခြင်းဖြင့် သီးနှံအထွက်တိုးလာနိုင်ပါသည်။

၎င်းအပြင် လက်ရှိယာမြေများမှာလည်း ပြေပြစ်သော တောင်ကုန်းငယ်များဖြစ်သောကြောင့် အမြဲတမ်းတောင်စောင်းစနစ်စိုက်ပျိုးရန် အခြေအနေကောင်းများစွာရှိသည်။ အမြဲတမ်းခေတ်မီတောင်စောင်းစနစ်ဖြင့်စိုက်ပျိုးပါက မြေဆီလွှာထိန်းသိမ်းမှုကောင်းမွန်ခြင်း၊ အမြဲတမ်းစိုက်ဧရိယာတိုးလာခြင်း၊ သစ်တောပြုန်းတီးမှုလျော့နည်းခြင်းဖြင့် သဘာဝပါတ်ဝန်းကျင်တိုးတက်လာခြင်းစသည့် တိုးတက်ပြောင်းလဲမှုများအကျိုးရှိလာနိုင်ပါသည်။

ရွှေပြောင်းတောင်ယာလုပ်ကြပြီး တချို့နေရာတွင် ၂ နှစ်တကြိမ်၊ တချို့နေရာတွင် ၅ နှစ်မှ ၁၀ နှစ် တကြိမ် မြေအနေအထားပေါ်မူတည်၍ ရွှေပြောင်းကြသဖြင့် နေရာအတည်တကျနှင့် ဧက အတိအကျမရှိပါ။ ရွှေပြောင်းတောင်ယာများမှာလည်း ကုလာမတောင်တွင်တည်ရှိပြီး ၎င်းနေရာတွင် ဆည်မြောင်းတည်ဆောက်ရန် အလားအလာကောင်းသော စမ်းရေထွက်များရှိခြင်းနှင့် လယ်ရိုင်းဖေါ်နိုင်သောအကျယ်အဝန်း ဧက ၆၀ ခန့်ရှိသည်။ ၎င်းအပြင် တနှစ်ပါတ်လုံးရေကို အလွယ်တကူနှင့် အလုံအလောက်ရရှိနိုင်သောကြောင့် ငါးမွေးမြူရေး အလားအလာကောင်းများလည်းရှိသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

ဝမ့်ကွန်ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၈၈ အိမ်နှင့် လူဦးရေပေါင်း (၄၃၆) ဦး (ကျား ၂၀၉ + မ ၂၂၇) ဦးရှိသည်။ လူဦးရေထူထပ်မှုမှာ တအိမ်ထောင် ပျမ်းမျှ (၄.၉၅) ဖြစ်ပြီး မိသားစု ပျမ်းမျှ လူဦးရေအသင့်အတင့်ရှိသည်ကိုတွေ့ရပါသည်။ အလုပ်လုပ်ကိုင်နိုင်သူလူဦးရေမှာ ၂၉၈ ဦး (၆၈.၃%) ရှိပြီး မှီခိုသူဦးရေမှာ ၁၃၈ (၃၁.၇%) ရှိသည်။ အမျိုးသမီးအလုပ်လုပ်ကိုင်နိုင်သူ လူဦးရေမှာလည်း အမျိုးသား လူဦးရေထက် ၈ ဦး (၂.၇%) ပိုများသည်ကို တွေ့ရသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု - ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင် ဆုံး ဖြတ်သော ဓနဥစ္စာအဆင့်အနေအထားအရ ဆင်းရဲနှင့်ဆင်းရဲဆုံးအိမ်ထောင်စုမှာ စုစုပေါင်း (၆၃) အိမ် (၇၁.၆%) ရှိသဖြင့် အများစုမှာ ဆင်းရဲသားများဖြစ်ကြသည်။ ကျန် ၂၅ အိမ် (၂၈.၄%) မှာ အဆင်ပြေနှင့် အလယ်အလတ်တန်းစားမိသားစုများဖြစ်သည်။ ဓနဥစ္စာအဆင့်သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ အိမ်အခြေအနေ၊ လယ်ယာသုံးစက်ကရိယာပိုင်ဆိုင်မှု၊ ကုန်ထုတ်လုပ်ငန်းနှင့် မဆိုင်သောပိုင်ဆိုင်ပစ္စည်း၊ အိမ်မွေးတိရစ္ဆာန်ပိုင်ဆိုင်မှုနှင့် တနှစ်ဝင်ငွေမှာ အရေးပါသည်ကိုတွေ့ရသည်။ အဆင်ပြေသော မိသားစုများမှာ အနည်းဆုံး လယ် ၃ ဧက၊ ယာ ၅

ဧကအထက်နှင့် တနှစ်ဝင်ငွေ အနည်းဆုံးသိန်း (၆၀) သိန်းအထိ ရှိသော်လည်း ဆင်းရဲ ဆုံး မိသား စုများမှာ စိုက်ပျိုးမြေမရှိ၊ ပုံမှန်ဝင်ငွေမရှိ၊ ၁၀ သိန်းအောက် ဝင်ငွေရှိသူများဖြစ်ကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

၃ လအောက် ဝမ်းစာဖူလုံသူများမှာ မြေယာမဲ့ကျပန်းသမားများနှင့် တောင်သူငယ်များဖြစ်ပြီး ၈ အိမ်ထောင်စု (၉.၁%) ရှိသည်။ ၎င်းတို့မှာ ငွေချေးခြင်း၊ ရိက္ခာချေးခြင်း၊ လုပ်အား ဖြင့် ပြန်လည်ပေးဆပ်ခြင်း၊ လုပ်အားကြိုတင် ရောင်းချခြင်းဖြင့် ဖြေရှင်းကြသည်။ ကျေးရွာ မိသားစု ၏ ၃၅ အိမ်ထောင်စု ၃၉.၈% ရာခိုင်နှုန်းမှာ တောင်သူငယ်များဖြစ်ကြပြီး သီးနှံပြတ်လတ်ချိတ်တွင် တောင်သူကြီး များထံမှ အတိုးဖြင့်ချေးငှားကြရသည်။ သီးနှံပေါ်လျှင် ချက်ချင်းအမြန်ပြန်ဆပ်ကြ ရသည်။ နေ့စားလုပ်အားခ သို့မဟုတ် အကြွေးယူခြင်းနှင့် လုပ်အားကြိုရောင်းခြင်း၊ တပိုင်တနိုင် မွေးမြူရေးလုပ်ကိုင်ခြင်းဖြင့် ဖြေရှင်းကြသည်။ ရရာအလုပ်ကို နေ့စားလုပ်ကိုင်၍ ရရှိလာသော ဝင်ငွေများဖြင့် တစ်နေ့စာတစ်နေ့ ဝယ်စားကြသူများလည်း ရှိ သည်။ အလုပ်မရှိသောလများတွင် လုပ်အားခကြိုယူခြင်း၊ ဈေးဆိုင်များတွင် အကြွေးယူ၍စားသုံးရသူများ လည်းရှိသည်။ ကျန် ၂၀ အိမ် (၂၂.၇%) သာ ၆ လနှင့်အထက်ဝမ်းစာဖူလုံကြပြီး ဆွေမျိုးမိတ်ဆွေများထံမှ ချေးယူစားသုံး ကြရပြီး သီးနှံပေါ်ချိန်တွင် အမြန် ပြန်ဆပ်ကြရသည်။

ငြိမ်းချမ်းရေး ရပြီးနောက်ပိုင်း လူငယ်များထိခိုက်မှုနည်းလာသည်။၊ အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စုများ၊ ငါးကန်ပိုင်ရှင်များ၊ လက်လုပ် လက်စားကျပန်းများနှင့် ရွှေပြောင်း လုပ်သား များသည် ပုံမှန်အလုပ်နှင့် ပုံမှန်ဝင်ငွေမရကြသောကြောင့် ထိခိုက်လွယ်ဆုံးမိသားစု၊ အုပ်စုများဖြစ် သည်။

(ဃ)ကျန်းမာရေးနှင့်အာဟာရ- ဝမ့်ကွန်

ကျေးရွာသည် လက်ရှိတွင် ရာသီဖျား၊ ဝမ်းပျက်ဝမ်းလျှောနှင့် ငှက်ဖျားရောဂါများအဖြစ်များ နေပါသည်။ ဆေးခန်းရှိသော်လည်း ပရိဘောဂမရှိသေးပါ။ ဆေးခန်းမှာ ယခုမှ ဆောက် လုပ်ပြီးခါစ သာရှိသေးပြီး ဖွင့်လှစ်ခြင်းမပြုရသေးပါ။ ကျေးရွာသူ/သားများအနေဖြင့် ယခင်က ကျန်းမာရေး စောင့်ရှောက်မှု မရရှိကြသေးပါ။ ရောဂါပြင်းထန်ပါက လွိုင်ကော်ဆေးရုံသို့သွားရောက်သည်။ ဆည်မြောင်းမှ လာသော ဘီလူးချောင်းရေကို ကဲမြန်မာအဖွဲ့မှ ပံ့ပိုးပေးထားသော ရေတွင်း (၅) ခုမှ ရေကို သောက်သုံးကြ သည်။ တနှစ်ပါတ်လုံး လုံလောက်မှုရှိသည်။ အိမ်ထောင် စုပေါင်း (၈၈) တွင် အိမ်ထောင် (၁) သည် ယင်လုံ အိမ်သာကို သုံးစွဲကြပြီး ကျန် ၈၄ အိမ်မှာ ကျင်းအိမ် သာကိုသာ အသုံးပြုနေကြသည်။ ယင်လုံအိမ်သာ တရွာလုံး တွင် တစ်အိမ်ထောင်သာ အသုံးပြုနေသေးပြီး ကျန်အိမ်ထောင်စုများမှာ ယင်လုံအိမ် သာ အသုံးပြုရန် ဗဟုသုတ နည်းသေးသည်။ ထို့ကြောင့် ကျင်း အိမ်သာကိုသာ အသုံးပြုနေကြသေးသည်။ အချို့ မှာ ၂ အိမ်စုပေါင်း အသုံးပြု ကြသည်။ ကျေးရွာရှိ မူလတန်းကျောင်းမှ ကျောင်းသူကျောင်းသားများ၏ တစ်ကိုယ်ရေ သန့်ရှင်းရေးအတွက် လုံ လောက် သော အသုံးအဆောင်မရှိပါ။

(ဇ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ဝမ့်ကွန်ကျေးရွာတွင် လုံးဝ ကျောင်းမနေသူ ၁၃၄ (၃၇.၂%) ဘာသာရေး အခြေပြုပညာရေး ပြီးဆုံးသူ (၄) ဦး (၁.၁%)၊ မူလတန်းပြီးဆုံးသူ (၁၄၆) ဦး(၄၀.၆%)၊ အလယ်တန်းပြီးဆုံးသူ (၇၃) ဦး (၂၀.၃%) ၊ အထက်တန်းပြီးဆုံးသူ (၃) ဦး (၀.၈%)၊ ရှိပါ သည်။ လက်ရှိတွင် အထက်တန်းတက် ရောက်နေ သူ ၃ ဦးရှိပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် အားရကျေနပ်စရာ နည်းနေသေးသည်။ ကျေးရွာ၏ ကျွမ်းကျင်မှုနှင့် အဓိကဝင်ငွေတိုးလုပ်ငန်းများမှာ ထုတ်ကုန်လုပ်ငန်း ၆ ခု၊ ဆောက်လုပ်ရေး ပန်းရံနှင့် လက်သမား ၄ ဦး၊ လက်လီလက်ကားဈေးဆိုင် ၅၊ သယ်ယူပို့ဆောင်ရေး ၁၀ ဦး၊ စုစုပေါင်းလုပ်ငန်းအရေအတွက် ၂၅ ခုရှိ သည်။ သဘာဝသစ်တော ထွက်ပစ္စည်များကို မှီခိုသူ ၈၈ ဦးနှင့် ကျပန်းအိမ်ထောင်စု ၆ စုရှိသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

ဝမ့်ကွန်ကျေးရွာတွင် အမျိုးသားဦးရေ ၂၀၉ ဦးနှင့် အမျိုးသမီးဦးရေမှာ ၂၂၇ ဦးရှိသည်။ အမျိုးသမီးလုပ်သားဦးရေမှာ အမျိုးသားလုပ်အားထက် ၈ ဦး (၂.၇%) ရာခိုင်နှုန်းခန့် ပိုမိုပါ သည်။ ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသားဦးရေမှာ အမျိုးသမီးဦးရေထက် ပိုမိုများပြားပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများ ဖွဲ့စည်းရာတွင်မူ ကော်မတီကိုယ်စားလှယ်အဖြစ် အမျိုးသားများသာ အဓိကပါဝင်ဖွဲ့စည်းထားပြီး လူငယ်နှင့် အမျိုးသမီးများ ပါဝင်ခွင့်ရမှုနည်းကြသည်။ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိသားစုကိစ္စများအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်လည်း အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေဆဲဖြစ်ပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာအထောက်အကူပြုနိုင်ပါသည်။

(က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ဝမ့်ကွန်ကျေးရွာအတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်ကိုင် ဆောင်ရွက်နေသော အဖွဲ့အစည်းဟူ၍ သီးသန့်ဖွဲ့စည်းထားခြင်းမရှိသော်လည်း ကျေးရွာ၏လိုအပ်ချက်အရအဖွဲ့ ၈ ဖွဲ့ကို ဖွဲ့စည်းထားကြပါ သည်။ ကျေးရွာရှိ ဖွဲ့စည်းထားသောအဖွဲ့အစည်းများမှာ ကျောင်းကော်မတီ၊ ဖွံ့ဖြိုးရေးကော်မတီ၊ လူငယ်အဖွဲ့၊ဂေါပကအဖွဲ့၊ ဘဝပန်းတိုင်ငွေစုငွေချေးအဖွဲ့၊ အောင်ပန်းတိုင် ငွေစုငွေချေးအဖွဲ့၊ ကြယ်စင်လင်းလက် ငွေစုငွေချေးအဖွဲ့နှင့် ဓမ္မစကြာအဖွဲ့စသည် သက်ဆိုင်သော ကိစ္စရပ်များအတွက် ရည်ရွယ်ဖွဲ့စည်းထားခဲ့သော်လည်း အဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု အားနည်းသည့်အပြင် ကျေးရွာနှင့် အဖွဲ့အစည်း၏ ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိအောင် စနစ်တကျဆောင်ရွက်တတ်သည့် အလေ့အထများကို ကျင့်သုံးနိုင်ခြင်းမရှိသေးပေ။ ၎င်းအပြင် မိမိတို့ကျေးရွာသည်

နိုင်ငံတော်အစိုးရလက်အောက်ရှိ ကျေးရွာနှင့် တိုက်ရိုက်သက်ဆိုင်သော ဦးစီးဌာနများ (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ဘဏ်၊ သမဝါ ယမ၊) စသည့် အဖွဲ့များနှင့် နိုင်ငံတကာအဖွဲ့အစည်းများ (ကဲမြန်မာ၊ ကိန္နရာအဖွဲ့၊ မာလင်အဖွဲ့) အဖွဲ့များနှင့်လည်း ချိတ်ဆက်မှုရှိခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြင်ပအကူအညီ များကို ရရှိခဲ့ပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး **ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**ကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤ ကော်မတီသည် လုပ်ငန်းကဏ္ဍအလိုက် ရည်ရွယ်၍ ဖွဲ့စည်းထားသောအဖွဲ့ငယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပုံမှန်အစည်းအဝေး ပြုလုပ်၍ အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်း စသည့်ဖြင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျေးရွာ၏အခြေအနေကို ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ပါဝင်ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲပြုလုပ်စဉ်ကာလအတွင်း ပါဝင်တက်ရောက်သူများသည် ကျေးရွာအတွင်းရှိ အစုအဖွဲ့များ ညီညီညွတ်ညွတ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ဤသို့ဆောင်ရွက်ပါက ကျေးရွာဖွံ့ဖြိုးရေးကိစ္စရပ်များ ထိထိရောက်ရောက် အစီအစဉ်တကျဖြစ်ထွန်းမည်ကို ခံစားသိရှိလာကြပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွံ့ဖြိုးရေးအစီအစဉ် ကျွမ်းကျင်သူအဖွဲ့၏ ရှင်းလင်းပြောကြား ချက်များအပေါ် အခြေခံ၍ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ ၎င်းကော်မတီကို ဖွဲ့စည်းရာတွင် တောင်သူအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ လူငယ်အဖွဲ့နှင့် ကျပန်းအဖွဲ့များခွဲ၍ အဖွဲ့၏အင်အားအရေအတွက်ပေါ်မူတည် ကော်မတီအဖွဲ့ဝင်ဦးရေးအချိုး၊ ကျား/မ အချိုးတို့ကို ထည့်သွင်း စဉ်းစားဖွဲ့စည်းခြင်း၊ လူတဦးချင်းစီ၏ ဆန္ဒမဲဖြင့် ရွေးချယ်ခဲ့သောကြောင့် လူထုကို အမှန်ကိုယ်စားပြုသော ကျေးရွာဖွံ့ဖြိုးကော်မတီကို အများသဘောတူဖွဲ့စည်းခဲ့ကြသည်။ ဤကော်မတီကို အဖွဲ့ဝင် (၉) ဦး (က ၅ + မ ၄) ဖြင့် ဖွဲ့စည်းထားပါသည်။ ဤကော်မတီ သည် လုပ်ငန်းကဏ္ဍအလိုက် ရည်ရွယ်၍ဖွဲ့စည်းထားသော အဖွဲ့ငယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ကျေးရွာသယံဇာတများအသုံးချခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်း လုပ်ငန်းများ ပိုမိုထိရောက်စေရန်အတွက် ကူညီပံ့ပိုးပေးပါမည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပုံမှန်အစည်း အဝေးပြုလုပ်၍ ကျေးရွာဖွံ့ဖြိုးရေးကိစ္စရပ်များ တိုင်ပင်ဆွေးနွေးကြပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများ၏ စီမံကိန်းအချက်အလက်များပြုစုခြင်း၊ ကိန်းဂဏန်းအချက်အလက်များ ထပ်မံကောက်ယူခြင်းတို့ လုပ်ဆောင် ကြပါမည်။

လူငယ်အဖွဲ့

လူငယ်အဖွဲ့ကို ကျေးရွာအစည်အဆက် မဖြစ်မနေဖွဲ့စည်းထားပြီး ကျေးရွာသာရေး၊ နာရေးကိစ္စများတွင် တက် ကြွစွာ ပါဝင်လှုပ်ရှားကြသည်။ လက်ရှိ အဖွဲ့ဝင် (၆၃) ဦး (က ၂၅ + မ ၃၈) ရှိသည်။ ၎င်းအဖွဲ့သည် ယခုအခါ တလတခါအနည်းဆုံး (၅၀၀) ကျပ်ငွေစုခြင်း၊ တောင်ယာများတွင် လုပ်အားပေးလုပ်ဆောင်ပြီး အဖွဲ့ရံပုံငွေစုဆောင်းခြင်း၊ အရေးပေါ်လိုအပ်ပါက ငွေချေးပေးခြင်း၊ ငွေချေးရာတွင် ရက်ပိုင်းငွေချေးပါက အတိုးမယူဘဲ လပိုင်းငွေချေးမှသာ ၅ % အတိုးဖြင့် ငွေချေးခြင်းကို ဆောင်ရွက်ပေးသည်။ ၎င်းအဖွဲ့ကို ခေါင်းဆောင် (၂) ဦးရွေးချယ်ထားပြီး တဦးမှာ စာရင်းကိုင်ဖြစ်ပြီး ကျန်တဦးမှာ ဘဏ္ဍာရေးမှူးဖြစ်သည်။ ငွေစုငွေချေးအဖွဲ့များမှာ-

(၁) ဘဝပန်းတိုင် ငွေစုငွေချေးအဖွဲ့

(၂) အောင်ပန်းတိုင် ငွေစုငွေချေးအဖွဲ့

(၃) ကြယ်စင်လင်းလက်ငွေစုငွေချေးအဖွဲ့ တို့ဖြစ်သည်။

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ဝမ်းကွန်ကျေးရွာတွင် စုစုပေါင်းလယ်မြေ (၇၇.၂) ဧက၊ ယာမြေ ၅၂၀ ဧက၊ အိမ်ခြံဝင်း စိုက်ခင်း ၃ ဧက (ခန့်မှန်းတွက်ချက်ထားခြင်းဖြစ်သည်)၊ ရွှေပြောင်းတောင်ယာ အတိအကျမသိ နိုင်၊ ပလပ်မြေ ၂၀၀ ဧက၊ သစ်တောမြေ ၁၀၀၀ ဧက၊ ရာဘာ ၄ ဧက၊ စုစုပေါင်း ၁၈၀၃.၂ ဧက ရှိသည်။ ဘီလူးချောင်းဆည်မြောင်း ၁ မှ တနှစ်ပါတ်လုံး ရေအား၊ ရေအရင်းအမြစ် အလုံအလောက်ရှိသော်လည်းလက်ရှိဆည်မြောင်းနှင့် ဆည်ရေသရောက်များမှ ပျက်စီးနေသဖြင့် စိုက်ပျိုးရေအလုံအလောက်မရရှိတော့ပါ။ ရွှေပြောင်းတောင်ယာ လုပ်ရာတွင် တနေရာမှတနေရာသို့ ပြောင်းရွှေ့လုပ်ကိုင်ကြသောကြောင့် စိုက်ဧကအတိ အကျမသိပါ။ ယာမြေမှာ မိုးရေသောက်အဓိကဖြစ်သည်။ ယာမြေတွင် ပြောင်း၊ပဲစဉ်းငုံနှင့် နှမ်း၊ ပဲမျိုးစုံ၊ တို့ကို အဓိကစိုက်ပျိုးကြသော်လည်း ရာသီဥတုမကောင်းခြင်း (မိုးခေါင်ခြင်း)၊ မြေ ဆီလွှာပျက်သုန်းခြင်းကြောင့် မျှော်မှန်းသီးနှံအထွက်နှုန်းမရရှိကြပါ ။ ဟင်းသီး/ရွက်ကိုလည်း စနစ်တကျ စီးပွားဖြစ် စိုက်ပျိုးလေ့မရှိဘဲ မိမိစားသုံးရန်လောက်သာ စိုက်ပျိုးနိုင်သည်။

ဝမ်းကွန်ကျေးရွာတွင် မြေယာမဲ့ ၆ အိမ် (၆.၈%)၊ ၂.၅ ဧကနှင့် ၅ ဧကကြားတောင်သူငယ် ၃၂ အိမ်၊ (၃၆.၄%)၊ ၅ ဧကနှင့် ၁၂.၅ ဧကကြား အလယ်အလတ်တောင်သူ ၄၁ အိမ် (၄၆.၆%) နှင့် ၁၂.၅ ဧကအထက် တောင်သူကြီး ၉ အိမ် (၁၀.၂%) ရှိသည်။ ထိုကြောင့် စုစုပေါင်း အိမ်ခြေ ၈၈ အနက် ၆ အိမ်မှာ မြေယာမဲ့နှင့် ဆင်းရဲသား တောင်သူများဖြစ်နေသည်ကို တွေ့ရသည်။ မြေယာမဲ့အိမ်ထောင်စုနည်းပြီး မြေပိုင်ဆိုင်သူဦးရေများသော်လည်း လယ်မြေ စုစုပေါင်းမှာ (၇၇.၂) ဧကသာရှိသဖြင့် ပျမ်းမျှလယ်ပိုင်ဆိုင်မှုမှာ (၀.၉) ဧကသာရှိပြီး၊ ယာမြေပိုင် ဆိုင်မှုမှာ ပျမ်းမျှ (၆.၃) ဧကရှိသည်။ လယ်မြေမှာလည်း ဆည်ရေအလုံအလောက်မရရှိခြင်း၊ ရွှေပြောင်းတောင် ယာမှာလည်း မြေဆီလွှာခမ်းခြောက်ခြင်း၊ မျောက်နှင့် ပိုးမွှားရောဂါများ ဖျက်ဆီးခံရခြင်း၊ မိုးခေါင်ခြင်းနှင့် ယာမြေမှာလည်း မိုးခေါင်သဖြင့်သီးနှံထွက်နှုံးနည်းသည်။ ထို့ကြောင့်ဝမ်းစာဖူလုံမှုမရှိကြပါ။ တောင်သူကြီးအချို့သာ

လယ်ယာသုံးစက်ကရိယာများကို အသုံးပြုနိုင်ကြသည်။ နွားကိုအဓိက အသုံးပြုကြပြီးလယ်နှင့် ယာတွင် လက်တွန်းထွန်စက်များကိုတွဲဖက်သုံးကြသည်။ ကျေးရွာတွင် လက်တွန်းထွန်စက် ၁၉ စင်းနှင် ခြွေလှေ့စက် ၃ စင်းကို အသုံးပြုနေကြသည်။ အဓိကသီးနှံအနေဖြင့် ပြောင်းဖူးကို စိုက်ပျိုးကြသော်လည်း စပါးကို မိသားစု စားသုံးရန်အတွက် စိုက်ပျိုးကြသည်။ ပြောင်းဖူးစျေး အနှိမ်ခံရခြင်း၊ သီးနှံအထွက်နှုန်းနည်းခြင်း၊ နည်းပညာ အားနည်းခြင်းတို့ကြောင့် ပြောင်းစိုက်တောင်သူများ အရှုံးပေါ်နေကြသည်။ ပဲစဉ်းငုံကိုလည်း သီးခြားစိုက်ပျိုး လေ့မရှိဘဲ ပြောင်းဖူးနှင့်သီး ရောစိုက်ပျိုး လေ့ရှိကြသည်။ စပါးအထွက်နှုံးအလွန်နည်းနေရခြင်းမှာ ဒေသစပါးမျိုး ကိုသာအသုံးပြုခြင်း၊ ဓါတု ဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကိုလည်း လုံးဝအသုံးမပြုကြပါ။ ပျိုးသက်ကိုလည်း ပျိုးသက် ကြီးချိန် ၄၅ ရက်သားမှသာ ရွှေ့ပြောင်းစိုက်ပျိုးကြခြင်း၊ စိုက်ပျိုးရေလုံလောက်မှု မရှိခြင်း၊ လယ်ယာ သုံးစက်ကိရိယာ မလုံလောက်ခြင်းနှင့် ဌါးရမ်းခ ကြီးမြင့်မှုကြောင့် တောင်သူငယ်များသည် အချိန်မီ မစိုက်ပျိုးနိုင်ခြင်းတို့ကြောင့် ဖြစ်သည်။ လက်ရှိ သီးနှံအထွက်နှုန်းများမှာ စပါးပျမ်းမျှအထွက်နှုန်း တဧက ၂၅ တင်း၊ ပြောင်းဖူး ပျမ်းမျှတဧက ၄၀ တင်း၊ မြေပဲအတောင့် ပျမ်းမျှတဧက ၄၀ တင်းနှင့် ပဲစဉ်းငုံ တဧက ၁၅ တင်းနှုန်းဖြစ်သည်။

စိုက်ပျိုးရေးသီးနှံ

တောင်သူ(၈၂)ဦးရှိ၍ တစ်ဦးလျှင် ပျမ်းမျှလယ် (၀.၉) ဧက၊ ယာ (၆.၃) ဧက နှင့် ရွှေ့ပြောင်း တောင်ယာ (၁.၈) ဧက နှုန်း၊ တဦးစုစုပေါင်းပျမ်းမျှ (၉.၁) ဧက ပိုင်ဆိုင်ပြီး တရွာလုံးစိုက်ပျိုးမြေ စုစုပေါင်း (၇၄၇.၂) ဧက (လယ် ၇၇.၂ ဧက၊ ယာ ၅၂၀ ဧက နှင့် ရွှေ့ပြောင်းတောင်ယ ၁၅၀ ဧက) ရှိပါသည်။

စပါးသီးနှံ

ကျေးရွာ၏ လယ်စိုက်ဧကမှာ (၇၇.၂) ဧကခန့်ဖြစ်ပါသည်။ လယ်ကို မူလပိုင်ရှင် (၅) ခန့်နှင့် အငှါး (၂၀) ဦးမှ လုပ်ကိုင်ကြသည်။ ဒေသစပါးမျိုးကိုသာ စိုက်ပျိုးလေ့ရှိပြီး ဒေသစပါးမျိုးများမှာ လုံးပု၊ ဖင်မည်း နှင့်လုံးရှည်စပါးမျိုးများကို စိုက်ပျိုးကြသည်။ တဧကအတွက် စပါးမျိုး (၁၂) ပြည်နှုံးသာ စိုက်ပျိုးလေ့ရှိပြီး၊ ပျိုးသက်ကို (၄၀–၄၅) ရက်တွင် ကောက်စိုက်လေ့ရှိသည်။ နယုန်လတွင် ပျိုးထောင်ပြီး ဝါခေါင်လလယ်တွင် ကောက်စိုက်ပြီး သီတင်းကျွတ်၊ တန်ဆောင်မုန်းလတွင် ကောက် ရိတ်လေ့ရှိသည်။ သဘာဝမြေဆွေး နွားချေး၊ ဝက်ချေးတို့ကိုသာ သုံးစွဲလေ့ရှိပြီး မြေပျက်မှာ စိုးရိမ် သောကြောင့်ဓါတ်မြေ ဩဇာကိုသုံးစွဲလေ့မရှိကြ။ တောင်သူကြီး (၂) ဦးသာ ပြီးခဲ့သည့် စိုက်ပျိုးရာသီ တွင် ကမ္ဘာလုံးသီးစုံဓါတ်မြေဩဇာနှင့် အာမိုဓါတ်မြေဩဇာကို သုံးစွဲခဲ့ကြသော်လည်း ပိုးသတ်ဆေး ကိုမူ ယခုထိ လုံးဝသုံးစွဲခြင်းမရှိကြသေးပါ။ စာခြောက်ရုပ်နှင့် မီးခိုးမှိုင်းတိုက်ခြင်း နည်းဖြင့်သာ ပိုးမွှားများကို ကာကွယ်နှိမ်နှင်း လျက်ရှိသည်။ လက်ရှိစပါးထွက်နှုံးမှာ တဧက (၃၅ မှ ၄၀) တင်း ခန့် ထွက်သော်လည်း အထွက်နှုံးနည်းသည်။ လက်ရှိစပါးစျေးမှာ တတင်း (၁၂၀၀၀) ကျပ်ရှိသည်။ တဧက ကုန်ကျစရိတ်မှာ မိသားစုလုပ်အားခအပြင် စုစုပေါင်း (၂၇၀၀၀၀) ကျပ် (စက်ထွန်ယက်ခ ၅၀၀၀၀၊ ပျိုးနှုတ်ခ ၅၀၀၀၊ ကောက်စိုက်ခ ၆၀၀၀၀၊ ကောက်ရိတ်ခ ၅၀၀၀၀၊ ခြွေခ ၁၀၀၀၀၀၊

မျိုးစေ့ ၅၀၀၀) ဖြစ်သည်။ နွား ၂ ကောင်ထယ် တရက်၄ါးရမ်းခ ၂၀၀၀၀ ကျပ်၊ နွားတကောင်ထယ် တရက်၄ါးခ ၁၀၀၀၀ ကျပ်ရှိသည်။

ဘီလူးချောင်းမှရေကို နံပါတ်(၁) ရေမြောင်းစီမံကိန်းမှ စိုက်ပျိုးရေနှင့် သောက်ရေကို တနှစ်ပါတ်လုံး ရှိနိုင်သော်လည်း ရေမြောင်းတလျှောက်လုံး အနည်းနှင့် အများမှာ ပျက်စီးနေသည်။ ရေမြောင်း အရွယ်အစားမှာ မြောင်းအရင်းမှာ ၃ ပေခန့်အကျယ်ရှိပြီး မြောင်းအဖျားမှာ ၁.၅ ပေခန့် အကျယ်ရှိသည်။ ရေမြောင်းအတွက် ရေခွန်ပေးရန်မလိုသော်လည်း ရေမြောင်းပျက်စီးပါက တောင်သူများ အချိုးကျ ထည့်ဝင် ပြုပြင်ခဲ့ကြသည်။ ရေမြောင်းပြုပြင်ရန် ပြင်ပအကူအညီ တစုံတရာ မရခဲ့ကြပါ။ ဆည်မြောင်းကို ၁၉၉၄ ခုနှစ်တွင် ဆည်မြောင်းဦး စီးဌါနမှ ဆောက်လုပ်ပေးခဲ့သည်။ ပင်မ မြောင်းအရှည်မှာ (၅၀၀၀) ပေနှင့် မြောင်းခွဲ (၂) ခု ရှိသည်။ အကယ်၍ ရေမြောင်းကို အရှည် ပေ (၁၀၀၀၀) ခန့် အသစ်ဆောက်လုပ်နိုင်ပါက ယခုလက်ရှိ (၇၇.၂) ဧကအပြင် ဧက (၂၀၀) ခန့် တိုးချဲ့ဖော်ထုတ်နိုင်မည်ဖြစ်ပြီး အခြားကျေးရွာမှ လယ်ဟောင်း (၁၀၀၀) နီးပါးခန့်လည်း စပါးပြန် လည်စိုက်ပျိုးလာနိုင်မည်ဖြစ်သည်။ ၎င်းအပြင် နွေသီးနှံအဖြစ် နှမ်း၊ ပဲပုပ်၊ ကြက်သွန်နီ/ဖြူ၊ ဟင်းသီး/ရွက်၊ နေကြာနှင့် ပဲမျိုးစုံ၊ မြေပဲ၊ မတ်ပဲ တို့ကိုလည်း စိုက်ပျိုးလာနိုင်မည်ဖြစ်သည်။

တောင်ယာစပါးစိုက်ပျိုးခြင်း

တောင်သူ (၅၀) ဦးခန့်မှာ တောင်ယာစပါးကို စိုက်ပျိုးကြပြီး ဒေသမျိုးလုံးရှည်နှင့် လုံးပု မျိုးများကို တဧက (၂၄ ပြည်မှ ၂၅ ပြည်) နှုံး စိုက်ပျိုးကြသည်။ ကြွက်၊ မျောက်၊ ဝက်ဝံနှင့် တောဝက် များ၏ ဖျက်ဆီးမှု ခံရခြင်း၊ မြေဆီဩဇာခမ်းခြောက်ခြင်းကြောင့် တဧက (၇ တင်းမှ ၁၀ တင်း) နှုံးသာ ထွက်သဖြင့် တောင်သူများ အရှုံးပေါ်သည်။ သို့သော် ဆင်းရဲသောတောင်သူများမှာ အခြား လုပ်ကိုင် စားသောက်ရန်နည်းလမ်းမရှိကြပါ။ တောင်ယာစပါး စိုက်ပျိုးသည့် ရွာ၏အရှေ့ တောင်ဘက် လွယ်ပီးရေအိုင်နှင့် ကုလားမတောင်အနီးတွင် ရေလောင်တမံ ဆောက်လုပ်ရန်နှင့် လယ်ရိုင်း ဧက (၆၀) ခန့် ဖော်ထုတ် နိုင်သောအလာအလား၊ အခွင့်အလမ်းကောင်းရှိသည်။

ရွှေပြောင်းတောင်ယာစိုက်ပျိုးခြင်း

တောင်သူ (၈၀) ဦးမှ ရွှေပြောင်းတောင်ယာ (၄၅၀) ဧကခန့် စိုက်ပျိုးလုပ်ကိုင်ကြပြီး အချို့နေရာတွင် ၂ နှစ်တခါမှ အချို့နေရာတွင် ၅ နှစ်မှ ၁၀ နှစ်တခါ ရွှေပြောင်း စိုက်ပျိုးကြသည်။ စီပီ ၈၈၈ ပြောင်းဖူးမျိုးကိုအဓိက စိုက်ပျိုးကြပြီး တဧက ပျမ်းမျှ ပိဿ ၁၀၀၀ ခန့် ထွက်သည်။ လွိုင်ကော်မြို့သို့ သွားရောင်းချရပြီး တပိဿ ၂၇၀ မှ ၃၀၀ ကျပ်နှုံး၊ သယ်ယူစရိတ် တပိဿ ၁၅ ကျပ်နှုံး ပေးရသည်။ တဧက မျိုးတထုပ် ၂၅၀၀၀ ကျပ်ဖြစ်ပြီး ကမ္ဘာလုံးသီးစုံ ဓါတ်မြေဩဇာ တအိပ် ၁၅၀၀၀ ကျပ် အသုံးပြုရသည်။ နှစ်စဉ် ပြောင်းဖူးကို စိုက်ပျိုးသော ကြောင့် သစ်တောပြုန်းတီးခြင်း၊ မြေဆီလွှာခမ်းခြောက်ခြင်း၊ သီးနှံထွက်နှုံး တဖြည်းဖြည်း ကျဆင်းခြင်း၊ ရေထွက်များ ခမ်းခြောက် ခြင်းတို့ကို ကြုံတွေ့လာရသည်။ ကျေးရွာတွင် တောင်စောင်းလှေခါးထစ် တည်ထောင် ရန် လွယ်ကူ ပြီး အလားအလာကောင်းများစွာရှိပြီး ဖော်ထုတ်နိုင်ပါက မြေဆီဩဇာကောင်းလာခြင်း အမြဲတမ်း စိုက်ခင်းများ၊ နှစ် ရှည်ပင် ဥယာဉ်များစွာ ပေါ်ပေါက်လာနိုင်သည်။

အထက်ပါလုပ်ငန်း (၃) မျိုးကို အကောင်အထည်ဖော်နိုင်မည်ဆိုပါက ကျေးရွာ၏ စီးပွါးရေးနှင့် အသက် မွေးဝမ်းလုပ်ငန်းသည် သိသိသာသာ တိုးတက်ပြောင်းလဲလာနိုင်မည်ဖြစ်ပါသည်။

ပဲစဉ်းငုံသီးနှံ

ပဲစဉ်းငုံအနီမျိုးကို သီးခြားစိုက်ပျိုးလေ့မရှိဘဲ ပြောင်းဖူးနှင့် ရောနှော၍ သီးရောစိုက်ပျိုးလေ့ရှိကြသည်။ တဧကမျိုး (၄) ပြည်ခန့် စိုက်ပျိုးလေ့ရှိပြီး တဧက ပျမ်းမျှ ၃.၅ တင်းထွက်သည်။ ပြောင်းဖူးနှင့် တွဲဖက်စိုက်သောကြောင့် သီးခြားသွင်းအားစုကုန်ကျမှုမရှိဘဲ ဈေးကွက်ကောင်း၊ ဈေးကောင်း ရရှိပြီး အကျိုးအမြတ်ရှိသည့် သီးနှံဖြစ်သည်။ တပိဿတန်ဖိုးမှာ ၁၃၀၀ ကျပ်ဖြစ်ပြီး တတင်းတန်ဖိုးမှာ ၂၀၀၀၀ ကျပ်ဖြစ်သည်။ မေလ တွင်စတင်စိုက်ပျိုးလေ့ရှိပြီး နောင်နှစ် ဖေဖော်ဝါရီလတွင် ရိတ်သိမ်းရသောကြောင့် သီးနှံ သက်တမ်း မှာ ၉ လ ကြာမြင့်သည်။

မြေပဲသီးနှံ

မြေပဲကို တောင်ယာတွင် ဧက (၃၀) ခန့် အနည်းအကျဉ်းသာ ပင်ထောင်မျိုးကို စိုက်ပျိုးလေ့ရှိသည်။ တဧကအတွက် မျိုးစေ့တတင်းကို ဇူလိုင်လတွင် စတင် စိုက်ပျိုးပြီး နိဝင်္ဘာလတွင် ရိတ်သိမ်းကြသည်။ ထွက်နှုံးမှာ တဧ က ပျမ်းမျှ အတောင့် ၃၅ တင်းနှုံး ထွက်ရှိပြီး တတင်းတန်ဖိုးမှာ (၈၀၀၀ ကျပ်မှ ၉၀၀၀ ကျပ်) ဖြစ်သည်။ တဧကအတွက် ကုန်ကျစရိတ်မှာ ၂၃၂၅၀၀ ကျပ်ဖြစ်ပြီး ဝင်ငွေမှာ ၃၁၅၀၀၀ ကျပ်ခန့်ဖြစ်သည်။ အမြတ်အစွန်း အနည်းငယ်ရရှိနိုင်ပြီး တောင်သူ အနည်းငယ်ကသာ စိုက်ပျိုးလေ့ရှိသည်။

ဟင်းသီး/ရွက်နှင့်ပိန္နဲပင်၊ ငှက်ပျောပင်စသည်တို့ကို အိမ်ဝန်းအတွင်း အနည်းအကျဉ်းစိုက်ပျိုးကြသော်လည်း စီးပွါးဖြစ်၊ ဝင်ငွေရ သီးနှံအနေဖြင့် စိုက်ပျိုးလေ့မရှိကြပါ။

ကျေးရွာသူ/သားများအနေဖြင့် လယ်စပါး၊ ယာစပါးနှင့် ပြောင်းဖူးတို့ကို မိရိုးဖလာအရ စိုက်ပျိုး နေကြ သော်လည်း စိုက်ပျိုးရေ အလုံအလောက်မရရှိခြင်း၊ ရာသီဥတုဖေါက်ပြန်ခြင်း၊ မြေဆီသြဇာ ခန်းခြောက်ခြင်း၊ အကျိုးအာနိသင် ထိရောက်မှု မရှိသော ဓါတ်မြေသြဇာများကိုသာ သုံးစွဲနေကြရခြင်း၊ စိုက်ပျိုးနည်းစနစ် အားနည်းခြင်းတို့ကြောင့် အရှုံးနှင့်ရင်ဆိုင်နေကြရသည်။ ထို့ကြောင့် တောင်သူများအနေဖြင့် ရေမြောင်းအသစ် ဆောက်လုပ်ခြင်း၊ လယ်ရိုင်းဖော်ထုတ်ခြင်းနှင့် ခေတ်မီတောင်စောင်းလှေခါးထစ် တည်ထောင်ရန် လိုအပ်ကြသည်။

မွေးမြူရေးကို တရွာလုံး ၈၈ အိမ်ထောင်မှ နွား၊ ကြက်၊ ဝက်ကို အဓိကမွေးမြူကြသည်။ ငါးမွေးမြူရေးကို မာလင်စီမံကိန်းမှ ပံ့ပိုးပေးပြီး တောင်သူ ၃ ဦးမှ မွေးမြူကြသော်လည်း ငါးများမှာ သေနေကြပြီး အကြောင်း ရင်းကို သေချာမသိကြပါ။ လက်ရှိ နွား ၈၀ ကောင်၊ ဝက် ၆၂ ကောင်နှင့် ကြက် ၉၉၀ ကောင်ကို မွေးမြူထား ကြသည်။ ဈေးကွက်ကောင်းသော်လည်း ဈေးကွက်အတွက် လွတ်လပ်စွာရောင်းချခွင့် လိုင်စင်မရှိခြင်း၊ လိုင်စင် ရရန်ခက်ခဲခြင်းနှင့် လိုင်စင်ရှိသူများ၏ ခေါင်းပုံဖြတ်ခံရခြင်း၊ နှစ်စဉ်ကျရောက်သော ရောဂါများကို ကာကွယ် နိုင်ခြင်းမရှိ၊ နည်းပညာ ဝန်ဆောင်မှု မရရှိသောကြောင့် မွေးမြူရေးကို စီးပွါးဖြစ်မွေးမြူ လေ့မရှိကြပါ။ အစိုးရဌာနနှင့် အဖွဲ့အစည်းများ၏ နည်းပညာဝန်ဆောင်မှု လက်လှမ်းမမီနိုင်သဖြင့် မွေးမြူရေး တောင်သူများ ထုတ် လုပ်မှုနည်းပြီး

အမြတ်အစွန်းလည်းနည်းသည်။ ကျေးရွာတွင်တိရစ္ဆာန်ဆေးကုရန် သင်တန်းဆင်းတစ်ဦးရှိသော်လည်း ဆေးဝါးနှင့် ပစ္စည်းကရိယာ လုံလောက်မှုမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာအတွင်းရှိ စိုက်ပျိုးမွေး မြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများမှာ တရွာလုံး ၈၈ အိမ်မှ သဘာဝသစ်တောကို မှီခိုအားထားနေကြရသည်။ ကျန်လုပ်ငန်းများမှာ ထုတ်ကုန်လုပ်ငန်း ၆ ခု၊ ပန်းရံ၊ လက်သမား ၄ ဦး၊ သယ်ယူပို့ဆောင်ရေး ၁၈ ဦး၊ ဈေးဆိုင် ၅၊ စုစုပေါင်း လုပ်ငန်းအရေအတွက် ၂၅ ခုရှိသည်။ ကျပန်းလုပ်ကိုင်သူ မြေယာမဲ့ကျပန်းသမားများမှာ ၆ အိမ်ရှိပြီး အလုပ်နှင့် ဝင်ငွေ ပုံမှန်မရှိကြပါ။ ကျပန်းနှင့် တောင်သူငယ်များအတွက် စိုက်ပျိုးရေးလုပ်ငန်းများ တွင် နေ့စား လုပ်ခြင်းသည် အဓိက လုပ်ငန်းဖြစ် သော်လည်း စားဝတ်နေရေးခက်ခဲကြသည်။ လယ်ယာစိုက်ချိန် ရိတ်ချိန်တွင် အလုပ်ပေါပြီး ကျန်အချိန်များ အလုပ်ခက်ခဲသည်။ အကြွေးယူ (သို့မဟုတ်) လုပ်အားကြိုရောင်း ခြင်း စားဝတ်နေရေးကိုဖြေရှင်းရသည်။

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင် ကျောက်တုံး၊ ကျောက်ခဲနှင့် သဲများ အလွန်ပေါများပါသည်။ သဘာဝသစ်တော ရှိပြီး ရွှေပြောင်းတောင်ယာကို အများအားဖြင့် လုပ်ကိုင်ကြ သည်။ တိရစ္ဆာန်မျိုးစိတ်များမှာ မြောက်၊ ဝက်ဝံ၊ ဂျီ စသည်မျိုးစုံရှိပြီး အမဲလိုက်ကြသည်။။ အပင်မျိုးစိတ်များလည်း အလွန်ပေါများပါသည်။ ၎င်းသဘာဝအရင်းအမြစ်များကို ထိန်းသိမ်းမှု အန္တရာယ်ရှိသည်။ ငါးမျိုးများနှင့် အခြား တိရစ္ဆာန်များ ထိန်းသိမ်းမှု၊ စီမံခန့်ခွဲမှု အားနည်းပြီး သဘာဝအရင်းအမြစ် ထိန်းသိမ်းမှု အန္တရာယ်ရှိသည်။ မြေဆီလွှာထိန်းသိမ်းမှုမရှိကြပါ။ ပိုးသတ်ဆေးဗူးခွံများကိုလည်း စနစ်တကျစွန့်ပစ်ခြင်း မရှိသောကြောင့် ပါတ်ဝန်းကျင်သန့်ရှင်းမှုနည်းလာသည်။ သစ်တောများလည်းထုတ်ယူသုံးစွဲမှုများပြီး သစ်တောပြုန်း တီးလာသဖြင့် စိမ့်စမ်းရေထွက်များလည်း တဖြည်းဖြည်းခမ်းခြောက်လာသည်။ အခြားသဘာဝ ဘေးလျှော့ ချရေး အစီအစဉ် အလေ့အထမရှိ။ ဗဟုသုတနှင့် ကျွမ်းကျင်မှု မရှိကြပါ။

သစ်တောပြုန်းတီးခြင်း

ရွှေပြောင်းတောင်ယာ စိုက်ပျိုးရေးစနစ်ကျင့်သုံးသောကြောင့် သစ်တောများ ပြုန်းတီးလာသည်။ စိမ့်စမ်းရေခမ်းခြောက်ခြင်း၊ ရာသီဥတုဖေါက်ပြန်မှုကိုလည်း ခံစားရသည်။ မြေကြီးအရည် သွေးကျဆင်းခြင်းတို့ ဖြစ်ပေါ်သည်။

မြေဆီလွှာတိုက်စားခြင်းနှင့် မြေဆီလွှာခမ်းခြောက်ခြင်း

တောင်စောင်းဒေသဖြစ်ခြင်းနှင့် ပြောင်းဖူးကို နှစ်စဉ်တမျိုးတည်း စိုက်ပျိုးခြင်းကြောင့် တဖြည်းဖြည်း မြေဆီလွှာတိုက်စားခြင်းနှင့် မြေဆီလွှာ ခမ်းခြောက် ခြင်းတို့ ကြုံတွေ့ရပါသည်။

သစ်တောစိုက်ခင်းထူထောင်ရန် လုံခြုံမှုအားနည်းခြင်း

လူထုသစ်တောစိုက်ခင်းတည်ထောင်ရန် ရွာသူ/ သားများမှ စိတ်ဝင်စားခြင်း၊ မြေနေရာအကျယ်အဝန်းနှင့် ရာသီဥတုသင့်တော်သော်လည်း အနီးဝန်းကျင်ရွာများနှင့် အခြားအဖွဲ့အစည်း များ

၏ သစ်တောခုတ်ယူမှုကြောင့် လုံခြုံမှုအားနည်းသဖြင့် သစ်တောစိုက်ခင်းထူထောင်ရန် အခက်အခဲကြုံ ရပါသည်။

အမြဲတမ်းစိုက်ပျိုးဧရိယာတိုးလာစေရန် ခေတ်မီ တောင်စောင်းစိုက်ပျိုးရေး တည်ဆောက်ခြင်း

ကျေးရွာတွင် ခေတ်မီတောင်စောင်းပြုလုပ်ရန် အခြေအနေကောင်းများရှိသည်။ ခေတ်မီ တောင်စောင်းစိုက်ပျိုးရေး ထူထောင်ခြင်းဖြင့် အမြဲတမ်း စိုက်ပျိုးဧရိယာ တိုးလာနိုင်ပါ သည်။

ဆည်မြောင်းပြုပြင်ခြင်း၊ တမံတည်ဆောက်ခြင်းနှင့် လယ်ရိုင်းဖေါ်ထုတ်ခြင်း

အမြဲတမ်းစိုက်ပျိုး ဧရိယာတိုးလာခြင်း၊ သီးနှံအထွက်နှုန်းတိုးလာပြီး သစ်တောပြုန်းတီးမှုကို ကာကွယ်နိုင်မည်။

(c) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

စိုက်ဘဏ်၊ သမနှင့် ငွေစုငွေချေးအဖွဲ့များထံမှ ချေးငှားကြသည်။ မြစိမ်းရောင် စီမံကိန်း စတင်ရန် ကော်မတီဖွဲ့စည်းထားပြီး ဖြစ်သည်။ မစတင်ရသေးပါ။
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမမှချေးငွေများ ရရှိနေကြသော်လည်း ချေးငွေအချိန်မီမရသဖြင့် စိုက်ချိန်မီရန် ပြင်ပမှအတိုးကြီးပေးချေးပြီးမှပြန်ဆပ်ကြရဖြင့် စိုက်ဘဏ်ငွေချေးစနစ်သည် တောင်သူ များ အတွက် ထိရောက်မှုမရှိပါ။

စိုက်ဘဏ် ငွေချေးစနစ်မှာ တောင်သူ (၇) ဦးသာ ငွေချေးနိုင်ပြီး လယ်တဧက (၁၀၀၀၀) ကျပ်နှုန်းနှင့် ယာတဧကလျင် (၂၀၀၀၀) ကျပ်နှုန်း ထုတ်ချေးပေးသည်။ ချေးငွေကာလမှာ ၆ လဖြစ်ပြီး ဇွန်လတွင် ငွေချေးပြီး ဇန္နဝါ ရီလတွင် ပြန်ဆပ်ရသည်။ အတိုးနှုန်းမှာ (၀.၄) ကျပ်နှုန်းဖြစ်သည်။

သမဝါ ယမချေးငွေစနစ်တွင် တောင်သူ (၁၀) ဦးသာ ချေးခွင့်ရရှိပြီး မိမိကျေးရွာတွင် ကော်မတီမရှိဘဲ အုပ်စုကျေးရွာတွင် သွားရောက်ချေးယူရသည်။ အဖွဲ့ဝင်ကြေး (၅၀၀၀) ကျပ်ပေးရပြီး နောက်နှစ် ငွေချေးပါက ချေးငွေမှ ၁၀% ကို စုငွေအဖြစ်ပြန်စုရသည်။ ချေးငွေမှာ အဖွဲ့ဝင်တဦးလျင် (၁၀၀၀၀၀၀) ကျပ်နှုန်းချေးပေးပြီး၊ ချေးငွေကာလမှာ ၆ လ၊ အတိုးနှုန်းမှာ (၁.၅) ကျပ်တိုးဖြစ်သည်။

ကျေးရွာတွင် ငွေစုငွေချေး (၃) ဖွဲ့ကို ကိုယ်ထူကိုယ်ထထူထောင်ထားသည်။ **ဘဝပန်းတိုင်** ငွေစုငွေချေးအဖွဲ့ တွင် အဖွဲ့ဝင် (မ ၂၂) ဦး၊ လစဉ်အနည်းဆုံးစုဆောင်းငွေ (၅၀၀) ကျပ်၊အစည်းအဝေးကို လစဉ် (၁၆) ရက်နေ့တိုင်း ကျင်းပပြီး ပျက်ကွက်ပါက ဒဏ်ကြေး ၂၀၀ ကျပ်၊ အဖွဲ့ရံပုံငွေ (၈၀၀၀၀၀) ကျပ်ရှိသည်။

အောင်ပန်းတိုင် ငွေစုငွေချေးအဖွဲ့တွင် အဖွဲ့ဝင် (မ ၁၆) ဦး၊ လစဉ်အနည်းဆုံးစုဆောင်းငွေ (၅၀၀) ကျပ်၊ အစည်းအဝေးကို လစဉ် (၁၆) ရက်နေ့တိုင်း ကျင်းပပြီး ပျက်ကွက်ပါက ဒဏ်ကြေး ၂၀၀ ကျပ်၊ အဖွဲ့ရံပုံငွေ (၈၀၀၀၀၀) ကျပ်ရှိသည်။

ကြယ်စင်လင်းလက် ငွေစုငွေချေးအဖွဲ့တွင် အဖွဲ့ဝင် (မ ၁၄) ဦး၊ လစဉ်အနည်းဆုံးစုဆောင်းငွေ (၅၀၀) ကျပ်၊ အစည်းအဝေးကို လစဉ် (၁၆) ရက်နေ့တိုင်း ကျင်းပပြီး ပျက်ကွက်ပါက ဒဏ်ကြေး ၂၀၀ ကျပ်၊ အဖွဲ့ရံပုံငွေ (၆၀၀၀၀၀) ကျပ်ရှိသည်။

ကျေးရွာတွင် မိတ်ဆွေနှင့် ဆွေမျိုးများထံမှ ငွေချေးပါက အတိုး (၅–၁၀) ကျပ်တိုးဖြစ်ပြီး လိုသလောက် အချိန်မရွေး မရနိုင်ပါ။ အပေါင်ခံပစ္စည်း မလိုပါ။

ကျေးရွာအတွင်း ချောင်လည်သူများထံမှ ငွေချေးပါက ပြန်ဆပ်ချိန်သတ်မှတ်မှုမရှိ။ အတိုးနှုန်း (၁၀%)နှင့် လိုသလောက် ချေးငွေမရနိုင်ပါ။ အပေါင်ခံဆိုင်တွင် ငွေချေးပါက ချေးငွေကာလ (၃) လ၊ (၂%) အတိုး၊ ရွှေအ ပေါင်ခံပစ္စည်းလိုအပ်သည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ဝမ့်ကွန်ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး အစိုးရခန့် မူလတန်းဆရာ/ဆရာမ-၅ ယောက်မှ ပညာသင်ကြားလျှက်ရှိပါသည်။ မူလတန်းကျောင်းသားဦးရေ ၄၉ ယောက် (၁၄၄.၁% ကျောင်းအပ်နှုန်း)နှင့် အလယ်တန်းကျောင်းသားဦးရေ ၁၄ ဦး (၃၁.၈%)ရှိသည်။ ထိုသို့ ဖြစ်နေရခြင်းမှာ အချို့ကလေးငယ်များမှာ အသက် (၅) နှစ်ကျော်မှ ကျောင်း စနေရခြင်းကြောင့် ဖြစ်သည်။ ဆရာနှင့် တပည့်အရေအတွက် အချိုးညီမျှမှုရှိပါသည်။ ကျောင်းသား (၄၉) ဦး ရှိပြီး ဆရာ/ဆရာမ (၅) ဦးရှိသဖြင့် ၁/၉.၈ ရှိသည်။ ကျောင်းတွင် ဂရိဘောဂများလုံလောက်မှုမရှိ။ သောက်ရေနှင့်ကျောင်းယင်လုံအိမ်သာလည်း လုံလောက်မှုမရှိသေးပါ။ လက်ရှိကျောင်းအကျိုးတော်ဆောင်များမှာလည်း ပညာရေးတိုးတက်ရန် စိတ်ဝင်စားမှုရှိသည်။ ကျောင်းအကျိုးတော်ဆောင်ကော်မတီ ရှိပြီး ကျောင်းအတွက်လိုအပ်သော ပရိဘောဂပစ္စည်း၊ ကျောင်းအတွက်သာယာလှပရေးအတွက် တက်ကြွစွာလှုပ်ရှားမှုရှိသည်။ ကျေးရွာမှာ လွိုင်ကော်မှ ၇ မိုင်ခွဲသာ ဝေးသော်လည်း ယခင်က လမ်းနေရာတွင် တိုက်ပွဲအချို့ရှိခဲ့သောကြောင့် လူသွားလူလာနည်းပါးသည်။ မိဘများမှာလည်း ဆင်းရဲသောကြောင့် အလယ်တန်း၊ အထက်တန်းကို ကျောင်းဆက်မထားနိုင်ခြင်း၊ ကလေးများ ကျောင်းသွားရန်လမ်းတွင် စိတ်မချခြင်းများကြောင့် ကျေးရွာ၏ လက်ရှိပညာရေးမှာ အခက်အခဲများနှင့် နောက်ကျနေရ ခြင်းဖြစ်ပါသည်။

ကျန်းမာရေးကဏ္ဍအတွက် ကျေရွာတွင် ဆေးခန်း၊ သားဖွားဆရာမနှင့် ကြီးကြပ် (၁) တို့ ရှိသော်လည်း ပရိဘော ဂ မရှိသေးပါ။ ဆေးခန်းမှာ ယခုမှ ဆောက်လုပ်ပြီးခါစသာရှိသေးပြီး ဖွင့်လှစ်ခြင်းမပြုရသေးပါ။ ကျေးရွာ သူ/သားများအနေဖြင့် ယခင်က ကျန်းမာရေးစောင့်ရှောက်မှု မရရှိကြသေးပါ။ လက်ရှိတွင်ကျေးရွာမှာ တုပ်ကွေး၊ ချောင်းဆိုးနှင့်ရာသီဖျားနာ ရောဂါအဖြစ်များနေပါသည်။ အချို့ သွေးတိုးရောဂါရှိသူများနှင့် မြွေစိမ်းကိုက်မှု မကြာခဏရှိပြီး လွိုင်ကော် ဆေးရုံတွင် ဆေးကုသမှု ခံယူနိုင်ပါသည်။ နာဖျားကဲ့သို့သော သာမန်ရောဂါဖြစ်ပါက ကျေးလက်ကျန်းမာရေးဆေးပေးခန်းတွင်သွားရောက်ပြသပြီး ရောဂါပြင်းထန်ပါက ၇ မိုင်ခွဲ ဝေး သော လွိုင်ကော် ဆေးရုံသို့သွားရောက်သည်။

တစ်ရွာလုံး **သောက်ရေ အနေဖြင့်** ဆည်မြောင်းမှလာသော ဘီလူးချောင်းရေကို ကဲမြန်မာအဖွဲ့မှ ပုံပိုးပေးထား သော ရေတွင်း (၅) ခုမှ ရေကို သောက်သုံးကြသည်။ ယခင်ကကျေးရွာတွင် အိမ်တိုင်းအတွက် ယင်လုံအိမ်သာကို ကဲမြန်မာမှအကူအညီပေးခဲ့ပြီး ယင်လုံအိမ်သာ (၈၄) လုံး အိမ်တိုင်းတွင်ရှိသည်။ သို့သော် လက်ရှိတွင် ယင်လုံအိမ်သာမှာ တရွာလုံးတွင် တစ်အိမ်ထောင်သာ

အသုံးပြုနေသေးပြီး ကျန်အိမ်ထောင်စုများမှာ ယင်လုံအိမ်သာကိုအသုံးပြုရန် ဗဟုသုတ နည်းသေးသည်။ ထို့ကြောင့် ကျင်းအိမ်သာကိုသာ အသုံးပြုနေကြသေးသည်။ အချို့မှာ ၂ အိမ်စုပေါင်း အသုံးပြုကြသည်။ ကျေးရွာရှိ မူလတန်းကျောင်းမှ ကျောင်းသူကျောင်းသားများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် လုံ လောက် သော အသုံးအဆောင်မရှိပါ။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

သီးခြားဖြေဖျော်မှု အစီစဉ်မရှိသော်လည်း အိမ်အများစုတွင် တီဗီရှိသဖြင့် အတူ ကြည့်ကြသည်။ ကမ္ဘာဖလားကဲ့သို့ အားကစားများကို ကြည့်ရှုရန်အခက်အခဲရှိသည်။ လူငယ်များ ရိုးရာအကတိုက်ခြင်း၊ ကခြင်းဖြင့် အချင်းချင်းစည်းရုံးခင်မင်မှုရှိကြသည်။ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းလိုစိတ်ရှိကြသည်။ လူငယ်များ အနုပညာကို လွန်စွာစိတ်ဝင်စားကြသည်။ အဆို၊ အက ပြိုင်ပွဲဝင်လိုကြသည်။ သို့သော် အဆက်အသွယ်မရှိကြပါ။ စာကြည့်တိုက်ရှိသော်လည်း စာအုပ်များ မရှိကြပါ။ ကျေးရွာတွင် အားကစားကွင်း မရှိသေးပါ။ လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်များလည်းမရှိသေးပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ကြသော်လည်း အဖွဲ့အစည်းများတွင် ပါဝင်ခွင့်နှင့် ဆောင်ရွက်ခွင့် အားနည်းနေသေးသည်။

(ဇ) အခြေခံအဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် လွိုင်ကော်နှင့် ကျောက်ချောလမ်းဖြင့် ဆက်သွယ်ထားပြီး တနှစ်ပါတ်လုံး အချိန်မရွေး ထရပ်ကား၊ ထော်လာကျီ၊ သုံးဘီးဆိုင်ကယ်၊ မော်တော်ဆိုင်ကယ် စသဖြင့် သွားလာနိုင်သည်။ ကျေးရွာတွင် မော်တော်ဆိုင်ကယ် ၅၈ စင်း၊ ထော်လာကျီ ၄ စင်း၊ သုံးဘီးဆိုင်ကယ် ၂ စင်းနှင့် ထရပ်ကား ၆ စင်း ရှိသည်။ လွိုင်ကော်မြို့သို့ ဖြတ်လမ်းတွင်ရှိ ၇၈ ပေ × ၁၅ ပေ တံတားမှာ ပျက်စီးနေသည်။ ရွာတွင်းလမ်းများမှာ လည်း မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရန် ခက်ခဲသည်။

လက်ရှိကျေးရွာတွင် လျပ်စစ်မီးကို ၈၂ အိမ်မှ တပ်ဆင်အသုံးပြုနေကြပြီး မီတာခပေးဆောင်ရမှုနှင့် ပါတ်သက်၍ အမြင်ကြည်လင်မှု နည်းသည်။ ကျန်ဆင်းရဲ (၇) အိမ်ထောင်မှာ လျပ်စစ်မီးတပ်ဆင် နိုင် ခြင်း မရှိသေးပါ။

ဆက်သွယ်ရေးအနေဖြင့် ကျေးရွာတွင် စီဒီအမ်အဖုန်းလိုင်းသာ ဆက်သွယ်ရေး ကောင်းသေးပြီး ၎င်းဖုန်းအမျိုး အစားမှာ ၂ လုံးသာရှိသည်။ သို့သော်ကျေးရွာတွင် စုစုပေါင်းတယ်လီဖုန်း ၅၉ လုံး၊ ရေဒီယို ၅၂ လုံးနှင့် တီဗွီ ၅၂ လုံးရှိသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

ကျေးရွာတွင်ဆက်သွယ်ရေး ဖုန်းလိုင်းရှိသော်လည်း လိုင်းမကောင်းပါသည်။ စီဒီအမ်အေဖုန်းသာလိုင်းမိသည်။ လွိုက်ကော်ရဲစခန်းနှင့်ချိတ်ဆက်မှုရှိသည်။ အသက်အာမခံထားရန် ရွာသူ/သားများ စိတ်ဝင်စားမှုမရှိပါ။ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအစီအမံများလည်း မထားကြပါ ။ အရေးကြီးကြောင်းလည်း သတိမမူမိ ကြပါ။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ဝမ့်ကွန်ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ စုစုပေါင်းမှာ ကျား (၁၄၅) ဦးနှင့် မ (၁၅၃) ဦး၊ စုစု ပေါင်း (၂၉၈) ဦးဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၆၈.၃%) ရှိပါသည်။ လက်ရှိ အထက်တန်း ပညာတက်ရောက်သင်ကြားနေသူ (၃ ဦးရှိပြီး တစ်နှစ်ထက်တစ်နှစ် ပညာတတ်ဦးရေများပြားလာသောကြောင့် အနာဂတ်ကာလတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူစွမ်းအားအရင်းအမြစ်များရှိနေပါသည်။ ကျေးရွာတွင် လက်ရှိလူမှုရေး အဖွဲ့ ၈ ဖွဲ့ရှိနေပြီး မိမိတို့ ကျေးရွာအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်နေသည်မှာလည်း အားရဖွယ်ဖြစ်ပါသည်။

သီးနှံထုတ်လုပ်မှုနှင့် ပါတ်သက်၍ ကျေးရွာတွင် စိုက်ပျိုးမြေ အလုံအလောက်ရှိပြီး မြေဩဇာအသင့်အတင့် ကောင်းမွန်သည်။ စိုက်ပျိုးမြေပိုင်ဆိုင်သော တောင်သူမှာ ၈၂ ဦးခန့်နှင့် စိုက်ပျိုးမြေစုစုပေါင်း ၈၀၀ ဧက (လယ် ၇၇.၂ ဧက+ ယာ ၅၂၀ ဧက + နှစ်စဉ်စိုက်ပျိုးသည့် ရွှေပြောင်းတောင်ယာ ၂၀၀ ဧကနှင့် အိမ်ခြံဝင်းစိုက်ခင်း ၃ ဧက) ရှိပြီး တောင်သူတဦးပျမ်းမျှ စိုက်ပျိုးမြေ (၉.၈) ဧက ပိုင်ဆိုင်သည်။

လယ်မြေ (၇၇.၂) ဧကသည် ဘီလူးချောင်းဆည်မြောင်း ၁ မှ တစ်နှစ်ပါတ်လုံး ဆည်ရေရရှိသည်။ ယာမြေ ၅၂၀ ဧကမှာ မိုးရေသောက် အဓိကဖြစ်သည်။ ယာမြေတွင် ပြောင်း၊ ပဲစဉ်းငုံနှင့် နှမ်း၊ ပဲမျိုးစုံ၊ တို့ကို အဓိက စိုက်ပျိုး ကြ သည်။

ယာစိုက်ပျိုးမြေသည် ပြေပြစ်မှုရှိပြီး ခေတ်မီတောင်စောင်းဖြင့် အမြဲတမ်းစိုက်ဧရိယာ အကောင်အထည်ဖော်ရန် အလားအလာ ကောင်းရှိသည်။ ဟင်းသီး/ရွက်ကိုလည်း အိမ်ခြံဝန်းအတွင်း မိမိ စားသုံးရန်လောက်သာ စိုက်ပျိုးနိုင်သည်။

ရွှေပြောင်းတောင်ယာမှ စုစုပေါင် ၁၀၀၀ ဧကခန့် ရှိသော်လည်း နှစ်စဉ် ၂၀၀ ဧကခန့်ကို အလှည့်ကျ ရွှေပြောင်းလုပ်ကိုင်ကြသည်။ ရွှေပြောင်းတောင်ယာစိုက်ပျိုးသည့်အနက် ကုလားမတောင်တွင် စိမ့်စမ်းရေထွက်ရှိပြီး ဆည်မြောင်းဖေါက်လုပ်ရန်နှင့် လယ်ရိုင်းဖေါ်ရန် အလားအလာများရှိသည်။

စိုက်ပျိုးရေးအတွက် နွားကိုအဓိကအသုံးပြုကြပြီး ထွန်စက်များကိုတွဖက်သုံးကြသည်။ **လယ်ယာသုံး**စက်ကရိ ယာများကို အရစ်ကျရောင်းချသောကုမ္ပဏီများလည်း ဒေသအတွင်းရှိသည်။ ကျေးရွာတွင် လက်တွန်းထွန်စက် ၁၉ နှင့်ခွေလှေ့စက် ၃ ခုကိုအသုံးပြုကြသည်။ ငွေကြေးဝန်ဆောင်မှုအနေဖြင့် စိုက်ဘဏ်၊ သမနှင့် ငွေစုငွေချေးအဖွဲ့ ၃ ဖွဲ့ ရှိသည်။

နည်းပညာအနေဖြင့် ဒေသစပါးမျိုးနှင့် သဘာဝမြေဆွေးကိုသာ အသုံးပြုကြပြီး ဒေသဗဟုသုတကို အခြေခံသော ပိုးမွှားရောဂါ၊ တိရစ္ဆာန်ဖျက်ဆီးမှုကို ကာကွယ်နည်းများကိုသာ အသုံးပြုကြသည်။ သြဂဲနစ်စိုက်ပျိုးနည်း စနစ်ကိုသာအသုံးပြုကြသည်။ ကဲမြန်မာနှင့် မြန်မာစိုက်ပျိုးရေးဌာနတို့မှ နည်းပညာများ ပံ့ပိုးပေးသော်လည်း လုံ လောက်မှုမရှိသေးပါ။

မြို့တော်လွိုင်ကော်မြို့တို့နှင့်နီးပြီး **ဈေးကွက်**အလုံအလောက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းပြီးအချိန်မရွေး၊ ရာသီမရွေးသွားလာနိုင်သည်။ စိုက်ပျိုးရေးထွက်ကုန်နှင့် သွင်းအားစုများကို အလွယ် တကူ ရောင်းနိုင်၊ဝယ်နိုင်သည်။ နည်းပညာဝန်ဆောင်မှုများကိုလည်း မြန်မာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေး ကုမ္ပဏီများ၊ ဖွံ့ဖြိုးရေးအဖွဲ့များထံမှရရှိနိုင်သည်။

မွေးမြူရေးအတွက် ကျေးရွာတွင် စားကျက်အလုံအလောက်ရှိသည်။ စိုက်ပျိုးရေးမှလည်း ကောက်ရိုး၊ ပဲမှော်၊ စသည့် စွန့်ပစ်အစာများကို ရရှိကြသည်။ အိမ်တိုင်း မွေးမြူကြပြီး နွား၊ ဝက်၊ ကြက်ကို အဓိက မွေးမြူကြသည်။ ငါးမွေးရန် ရေ၊ မြေ အလားအလာကောင်းများရှိသည်။ လျပ်စစ်မီးရရှိထားသဖြင့် ကြက်နှင့် ငုံးကို မွေးမြူရန် စိတ်ဝင်စားကြသည်။ ဒေသအတွင်း စိုက်ပျိုးရေးတွင် ပိုးသတ်ဆေး သုံးစွဲမှုနည်းသောဒေသဖြစ်ခြင်း၊ ရာသီအလိုက် ပန်းမျိုးစုံရှိခြင်းတို့ကြောင့် ပျားမွေးမြူရေး အတွက် သင့်တော်သကဲ့သို့ ရွာသူ/ သားများမှ လည်း စိတ်ဝင် စားကြသည်။

ဈေးကွက်လည်းကောင်းပြီး အလုံအလောက်ရှိသည်။ ကျေးရွာတွင် တိရစ္ဆာန်ဆေးကုသင်တန်းဆင်း တစ်ဦးရှိသည်။

ကိုယ်ပိုင်လုပ်ငန်းအနေဖြင့် စုစုပေါင်း လုပ်ငန်းအရေအတွက် ၂၅ ခု၊ မိသားဝင်လုပ်အား ၈၈ အိမ်ထောင်နှင့် အလုပ်သမားအရေ အတွက် ၆ ရှိသည်။ ငွေကြေးဝန်ဆောင်မှုအနေဖြင့် ငွေစုငွေချေး ၃ ဖွဲ့ရှိသည်။

သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ်အနေဖြင့် အလေ့အထမရှိ။ ဗဟုသုတနှင့် ကျွမ်းကျင်မှု မရှိကြပါ။

ပညာရေးအနေဖြင့် ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး ၂၀၁၅ ခုနှစ်တွင် စာသင်ကျောင်း ဆောင်အသစ်ကို အစိုးရ၏အကူအညီဖြင့် ဆောက်လုပ်ပြီးစီးခဲ့သည်။ အဆောက်အဦးကောင်းမွန်သည်။ ဆရာ/ဆရာမ အင်အား ၅ ယောက်ရှိပြီး လုံလောက်မှု ရှိသည်။ အထက်တန်းနှင့် တက္ကသိုလ်တက်ရောက်ရန် လွိုင်ကော်နှင့်နီးပြီး အထက်တန်းအောင်မြင်ပြီးသူ ၃ ဦးနှင့် လက်ရှိအထက်တန်းတက် ရောက်နေသူ ၃ ဦးရှိသည်။ အခြေခံ အရေး၊ အဖတ်တတ်မြောက်သည့် မူလတန်းပညာပြီးဆုံးသူ ၁၄၆ ဦးရှိသဖြင့် ပညာရေးအားနည်းနေသေးသည်။

ကျန်းမာရေးအနေဖြင့်ဆေးခန်း၊ သားဖွါးဆရာမနှင့် ကြီးကြပ် ၁ ဦးရှိသည်။ ဆေးခန်းမှာ ယခုမှ ဆောက်လုပ်ပြီးခါစသာရှိသေးပြီး ဖွင့်လှစ်ခြင်းမပြုရသေးပါ။ အရေးပေါ် ကျန်းမာရေး ကိစ္စရှိပါ က လိုအပ်ပါ လွိုင်ကော် ဆေးရုံသို့သွားကြရသည်။ ကျေးရွာတွင် ဆည်မြောင်းမှလာသော ဘီလူးချောင်းရေကို ကဲမြန်မာအဖွဲ့မှ ပံ့ပိုးပေး ထားသော ရေတွင်း (၅) ခုမှ ရေကို သောက်သုံးကြသည်။ အိမ်ခြေ ၈၈ အနက် ယင်လုံအိမ်သာ တရွာလုံးတွင် တစ်အိမ်ထောင်သာ အသုံးပြုနေသေးပြီး ကျန်အိမ်ထောင်စုများမှာ ယင်လုံအိမ် သာ အသုံးပြုရန် ဗဟုသုတနည်းသေးသည်။ ထို့ကြောင့် ၈၄ အိမ်မှ ကျင်းအိမ်သာကိုသာ အသုံးပြုနေကြသေး သည်။ အချို့ မှာ ၂ အိမ်စုပေါင်းအသုံးပြုကြသည်။

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် လွိုင်ကော်နှင့် ၇.၅ မိုင်သာဝေးပြီး ကျောက်ချောလမ်းဖြစ်သည်။ ထရပ်ကား၊ ထော်လာကျီ၊ သုံးဘီးဆိုင်ကယ်နှင့် မော်တော်ဆိုင်ကယ်များ အချိန်မရွေးသွားလာ

နိုင်သည်။ သယ်ယူပို့ ဆောင် ရေးအနေဖြင့် ဆိုင်ကယ် ၅၈ စင်း၊ သုံးဘီးဆိုင်ကယ် ၂ စင်း၊ ထရပ်ကား ၆ စင်းနှင့် ထောလာကျီ ၄ စင်း ရှိ သည်။ အိမ်ခြေ (၈၈) အနက် (၈၂) အိမ်သာ လျှပ်စစ်မီးရရှိပြီး ကျန်ဆင်းရဲ (၇) အိမ်ထောင်မှာ လျှပ်စစ်မီး တပ်ဆင် နိုင် ခြင်း မရှိသေးပါ။

လျှပ်စစ်မီး လက်လှမ်းမီမှုအနေဖြင့် ၁၉၉၅ ခုနှစ်တွင် လျှပ်စစ်မီးရရှိခဲ့သည်။ လက်ရှိ (၈၂) အိမ်မှာ မီးရရှိနေပြီး (၇) အိမ် မီးလင်းရန်ကျန်သေးသည်။ သို့သော် လျှပ်စစ်မီးခ ကောက်ခံမှုနှင့် ပါတ်သက်၍ ရွာသူ/သားများမှ ကျေနပ်မှု မရှိကြပါ။ မီတာခနှင့် ပါတ်သက်၍ ပွင့်လင်းမြင်သာမှု အားနည်းနေသည်ကို တွေ့ရသည်။

ဆက်သွယ်ရေးအနေဖြင့် တယ်လီဖုန်း (၅၉) လုံး၊ ရေဒီယို (၂) လုံး၊ ရုပ်မြင်သံကြား (၅၂) လုံးရှိသည်။ လက်ကိုင်ဖုန်းနှင့် ချိတ်ဆက်သော အင်တာနက်စနစ်ကို လူငယ် (၂၀) ခန့်က အသုံးပြု နိုင်ကြသော်လည်း ဖုန်းလိုင်း သိပ်မကောင်းပါ။ ကျေးရွာတွင်ဆက်သွယ်ရေး ဖုန်းလိုင်း ရှိသော်လည်း လိုင်းမကောင်းပါသည်။ စီဒီအမ်အေဖုန်းသာ လိုင်းမိသည်။

ကျေးရွာအတွင်းရှိ**လူငယ်များ**မှာကျေးရွာ၏သာရေး၊ နာရေးကိစ္စများတွင်ပါဝင်ကြသည်။ လူငယ်အများစုမှာ အင်တာနက်အသုံးပြုမှုလက်လှမ်းမှီကြပြီး အိမ်တွင် TV ကြည့်ပြီး အပန်းဖြေကြသည်။ ရိုးရာယဉ်ကျေးမှုနှင့် အားကစားပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။ ကျေးရွာဖွံ့ဖြိုး ရေး ဘာသာရေးနှင့် ရိုးရာယဉ်ကျေးမှုများတွင် ပါဝင်ဆောင်ရွက်ကြသည်။ စာကြည့်တိုက်တွင် စာအုပ်စာပေများ လေ့လာဖတ်ရှုကြပြီး သာရေး၊ နာရေး၊ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင် မှုရှိကြသည်။ လူငယ်များအနုပညာကိုလည်း ဝါသနာပါကြသည်။

(ခ) အဟန့် အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဝမ့်ကွန်ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်းအဖွဲ့များရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင်ချက်များတွင် အားနည်းမှုများရှိပါသည်။ ကျေးရွာလူထုအနေဖြင့် မြို့နယ်ရှိဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာစွမ်းရည်မြှင့်ဝန်ဆောင်မှု အဖွဲ့များနှင့်အလှမ်းဝေးခြင်း စသည်တို့ကလည်းကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ ဝမ့်ကွန်ကျေးရွာ သီးနှံထုတ်လုပ်မှုနည်းနေရခြင်းမှာ ဘီလူးချောင်းဆည်မြောင်း ၁ မှာ ပျက်စီးနေသဖြင့် ဆည်ရေ မှာ လယ်သို့ အပြည့်အဝမရောက်ပါ။ ၇၇.၂ ဧကအတွက် စိုက်ပျိုးရေ လုံလောက်မှု မရှိသဖြင့် အချို့လယ်ဧက ၂၀၀ ခန့်မှာလည်း စိုက်ပျိုးနိုင်ခြင်းမရှိတော့ပါ။ ၎င်းအပြင် ဒေသသက်တမ်းရှည် အထွက်နှုံးနည်းသော စပါးမျိုး များကို စိုက်ပျိုးနေခြင်း၊ ပျိုးသက် ၄၅ ရက်သား ပျိုးသက်ကြီးမှ ကောက်စိုက်ခြင်း၊ ကောက်ကွက် အရေအတွက် နည်းခြင်းတို့ကြောင့် စပါးထွက်နှုံး အလွန်နည်းပါသည်။ စပါးကိုလည်း မိမိတို့ကျေးရွာ စားသုံးရန်အတွက်သာ စိုက်ပျိုးကြသည်။

ယာစိုက်ပျိုးရေးတွင် မိုးရေကို အားကိုးစိုက်ပျိုးကြရပြီး ရာသီဥတုဖေါက်ပြန်ခြင်းကြောင့် မိုးရွာသွန်းမှု နောက်ကျခြင်း၊ မိုးခေါင်ခြင်း၊ မိုးရေလုံ လောက်မှုမရှိခြင်း တို့ကြောင့် ယာသီးနှံစိုက်ပျိုးမှုမှာလည်း အောင်မြင်မှုမရှိဘဲ သီးနှံအထွက် လျော့နည်းသည်။ ယာသီးနှံစိုက်ပျိုးမှုတွင်လည်း

ပြောင်းဖူးတမျိုးတည်းကို တနေရာတည်းတွင် နှစ်စဉ်စိုက်ပျိုးခြင်း၊ မြေဆီလွှာထိန်းသိမ်းမှု စိုက်ပျိုးစနစ်များ ကျင့်သုံးမှုမရှိခြင်းကြောင့် မြေဆီလွှာခမ်းခြောက်လာသဖြင့် ပြောင်းဖူးအထွက်နှုန်း သိသိသာသာကျဆင်းလာသည်။

ရွှေပြောင်းတောင်ယာ စနစ်ကိုကျင့်သုံးနေသဖြင့် မြေဆီလွှာခမ်းခြောက်ပြီး ရွှေပြောင်း တောင်ယာစိုက်စနစ်တွင်လည်း အထွက်နှုန်းနည်းလာသည်။ ၎င်းအပြင် ရွှေပြောင်းတောင်ယာ စိုက်ပျိုးသည့် နေရာတွင် ကုလားမတောင်ရှိ ရေထွက်နှင့် လယ်ရိုင်းဖေါ်ရန်အလားအလာရှိသည်။

သဘာဝအရင်းအမြစ်ကိုလည်း နည်းပညာနှင့် အရင်းအနှီးမတတ်နိုင်သောကြောင့် အသုံးချ နိုင်ခြင်းမရှိကြပါ။ ငွေကြေးဝန်ဆောင်မှုအနေဖြင့်လည်း ချေးငွေလုံလောက်မှုမရှိပါ။ ထိုကြောင့် သွင်းအားစုများကို အချိန်မီ အသုံးပြုနိုင်ခြင်းမရှိ။ အလုံအလောက် အသုံးပြုနိုင်ခြင်းမရှိ။ မျိုးကောင်း မျိုးသန့် လက်လှမ်းမီမှုမရှိ။ အချို့ကျပန်းများ လယ်ယာလုပ်ငန်းမှ အလုပ်နှင့်ဝင်ငွေပုံမှန်မရှိခြင်း၊ လုပ်အားခနည်းခြင်းကြောင့် လမ်းနှင့်ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ သွားရောက်အလုပ် လုပ်ကိုင်ခြင်းကြောင့် စိုက်ပျိုးရေး လုပ်သားရှားပါးမှုကြုံရသည်။ မိုးခေါင်ပြီးရာသီကို အချိန်လု စိုက်ပျိုးရသောကြောင့် လယ်ယာသုံးစက်ကရိယာ လုံလောက်မှုမရှိ။ စိုက်ဘဏ်ချေးငွေ ပြန်ဆပ်ရန် သီးနှံများကို ခြွေလှေ့ပြီး ချက်ချင်းရောင်းရသောကြောင့် ဈေးကောင်းမရပေ။ ပြောင်းဖူးဈေးကွက် မတည်ငြိမ်ခြင်းနှင့် ဈေးနှိမ်ခံရခြင်းကြောင့် ပြောင်းဖူးစိုက်တောင်သူများ အရှုံးပေါ်လျက်ရှိသည်။ ဖျက်ပိုးရောဂါ များ ပြင်းထန်ဆိုးရွားစွာ ကျရောက်မှုရှိပြီး ထိရောက်စွာ နှိမ်နှင်းနိုင် ခြင်းမရှိပါ။ မြန်မာ့စိုက်ပျိုးရေးဌာနနှင့် စိုက်ပျိုးရေးကုမ္ပဏီများမှ နည်းပညာဝန်ဆောင်မှုပေးသော်လည်း လုံ လောက်မှုမရှိသေးပါ။

မွေးမြူရေးအနေဖြင့် ထုတ်လုပ်မှုနည်းနေရခြင်းမှာလည်း မွေးမြူရေးလုပ်ငန်းအတွက် သီးသန့်ချေးငွေမရှိ။ ဗဟုသုတနှင့် နည်းပညာလည်းအားနည်းသည်။ မွေးမြူကုသရေးဆိုင်ရာ ကျွမ်းကျင်သူကျေးရွာတွင်မရှိ။ ကျေးရွာတွင် ကျွမ်းကျင်သူတဦးရှိသော်လည်း ဆေးဝါးနှင့်ပစ္စည်း ကရိယာလုံလောက်မှုမရှိပါ။ တိရစ္ဆာန်ရောဂါ ကာကွယ် ကုသရေးနည်းပညာဝန်ဆောင်မှုများမရရှိ၍ နှစ်စဉ်ဆုံးရှုံးမှုများရှိပါသည်။ တိမွေးကုရုံးနှင် ဆက်သွယ်မှုအားနည်းသည်။ ဆေးကုသစရိတ် လည်းမြင့်သည်။ အထွက်ကောင်းမျိုးကောင်းမျိုးသန့်များ မွေးမြူရန် အဆက်အသွယ်မရှိ။ လက်လှမ်းမမီကြပါ။ မွေးမြူရေးတိုးချဲ့မွေးမြူရန် ချေးငွေနှင့်ထုတ်ကုန်များအတွက် ဈေးကွက်ဖွံ့ ဖြိုးမှု လည်းမရှိသေးပါ။ မိမိခြံထွက်တိရစ္ဆာန်များအား လွတ်လပ်စွာရောင်းဝယ်ခွင့်မရှိ။ သားသတ် လိုင်စင်ရရန် ခက်ခဲသည်။ ဒေသတွင်းဈေးကွက်ကိုသာမှီခိုနေရပြီး ပြင်ပသို့သယ်ယူရောင်းချရာတွင် အကန့်အသတ်များရှိနေသည်။ စည်သွပ်စက်ရုံကဲ့သို့ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုမရှိ။ လိုင်စင်ရှိသူ၏ ခေါင်းပုံဖြတ်မှုခံရခြင်းတို့ကြောင့် မွေးမြူရေးကဏ္ဍ တိုးတက်လာစေရန်အတွက် လိုအပ်ချက်များ ရှိနေပါသည်။

ကျေးရွာတွင် နေ့စားလုပ်ကိုင်သူများရှိသော်လည်း ပုံမှန်အလုပ်အကိုင်နှင့် ဝင်ငွေမရှိကြပါ။ ဝင်ငွေတိုးလုပ်ငန်း များအတွက် အစိုးရစီမံကိန်းနှင့် မူဝါဒအားနည်းသည်။ အသက်မွေးဝမ်းလုပ်ငန်း ကျွမ်းကျင်မှုမရှိ။ အရင်းအနှီးမရှိ။ သင်တန်းများတက်ရောက်ရန် ကုန်ကျစရိတ်မတတ်နိုင်၊ အဆက်

အသွယ်မရှိကြပါ။ ဈေးကွက်နှင့်နီးပြီး လမ်းပန်းဆက်သွယ်မှုကောင်းသော်လည်း ဈေးကွက်ချိတ်ဆက်မှုမရှိ။ ပုံမှန်သွားလာသည့် သယ်ယူပို့ဆောင်ရေး ယဉ်မရှိပါ။ သတင်းအချက်အလက်ရရှိနိုင်မှုအားနည်းသည်။ အလုပ်အကိုင်အခွင့်အလမ်းနှင့် အဆက်အသွယ် အားနည်းသည်။ လက်သမား၊ ပန်းရံစသည် လက်ရှိကျွမ်းကျင်မှုများရှိ သော်လည်း အရင်းအနှီးနည်းသည်။ ကျွမ်းကျင်မှုစသည်တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲဖြစ်သည်။

ငွေကြေးဝန်ဆောင်မှုအနေဖြင့် ချေးငွေလုံလောက်မှုမရှိ။ လူတိုင်းချေးငွေမရနိုင်ကြပါ။ ပြင်ပလွိုင်ကော်နှင့် အပေါင်ဆိုင်များမှ ငွေချေးပါက အပေါင်ခံပစ္စည်းလိုအပ်ခြင်း၊ အတိုးနှုန်းမြင့်မားခြင်းစသည့် အခက်အခဲများရှိသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းသော်လည်း ပုံမှန်ပြေးဆွဲသည့် ယဉ်မရှိသဖြင့် စင်းလုံးငှါးရမ်းအသုံးပြုရသည့်အခါ ကုန်ကျမှုများသည်။ သွားလာလိုသည့်အချိန်တွင် ယဉ်များမရှိသည့်အတွက် အလွယ်တကူ ငှားရမ်းအသုံး ပြုနိုင်ခြင်းမရှိ။

သဘာဝဘေးအန္တရာယ်အနေဖြင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ ရေအရင်းအမြစ်ရှားပါးလာခြင်း၊ ရွှေပြောင်းတောင်ယာစနစ်ကြောင့် မြေဆီလွှာထိန်းသိမ်းမှုအားနည်းသည်။ တိရစ္ဆာန်ရောဂါများကျရောက်ခြင်းများစွာရှိသည်။ သစ်တောများလည်းထုတ်ယူသုံးစွဲမှုများပြီး သစ်တောပြုန်းတီးလာသဖြင့် စိမ့်စမ်းရေထွက်များလည်း တဖြည်းဖြည်း ခမ်းခြောက်လာသည်။ သဘာဝဘေးအန္တရာယ်လျှော့ချရေးသင်တန်းနှင့် ဗဟုသုတလည်း မရှိပါ။

ပညာရေးအနေဖြင့် ကျောင်းသားများ ပညာရေးအခြေခံနည်းခြင်းနှင့် အထက်တန်းနှင့် တက္ကသိုလ်တက်ရောက် သူဦးရေ သိသိသာသာလျော့နည်းသွားရခြင်းမှာလည်း ကျေးရွာတွင် မူလတန်းအဆင့်အထိသာရှိပြီး၊ အလယ် တန်း၊ အထက်တန်းနှင့် တက္ကသိုလ်မှာ လွိုက်ကော်သို့သွားရောက်တက်ရခြင်းနှင့် မိဘများမှ သားသမီးများကို လွိုင်ကော်သို့လွှတ်ရန် လမ်းတွင်လုံခြုံရေးစိတ်မချသဖြင့် ကျောင်းဆက်မထားကြပါ။ ဆင်းရဲသဖြင့်လည်း ကျောင်းဆက်မထားနိုင်သောကြောင့်ဖြစ်သည်။ လက်ရှိမူလတန်းကျောင်းတွင် ကျောင်းသုံးပရိဘောဂနှင့် ယင်လုံ အိမ်သာ၊ သောက်ရေလုံလောက်မှုမရှိ။

ကျေးရွာ၏ ကျန်းမာရေးကဏ္ဍတွင် တုပ်ကွေးရောဂါအဖြစ်များနေပါသည်။ ဆေးခန်းသည် ယခုမှ စတင်ဖွင့်လှစ် ရသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုမရသေးပါ။ အရေးပေါ်ဖြစ်ပါက လွိုင်ကော်သို့သွားရောက်ကုသကြရသည်။ ယင်လုံအိမ်သာကိုလည်း စနစ်တကျသုံးစွဲနိုင်မှုနှင့် ကျန်းမာရေးဆိုင်ရာ ဗဟုသုတများလည်း အားနည်းနေသေးသည်။

လက်ရှိကာလတွင် ကျေးရွာရှိ လူငယ်အများစုမှာ အထက်တန်းအဆင့် စာတတ်မြောက်မှုအားနည်းကြပါသည်။ အသက်မွေးအတတ်ပညာလည်းအားနည်းပြီး အလုပ်အကိုင်အခွင့်အလမ်းအားနည်းသည်။ လူငယ်များအနေနှင့် သတင်းအချက်အလက်၊ ဗဟုသုတရယူရန် အခွင့်အလမ်းနည်းပါးပါသည်။ မိုဘိုင်းဖုန်းကို သတင်း၊ မီဒီ ယာနှင့် ပညာလေ့လာသင်ယူရန်အတွက် အသုံးပြုလေ့မရှိကြသေးပါ။

၆။ ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ လယ်ထွဲကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျ အားဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲကြသော အခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါရည်မှန်းချက်ပန်းတိုင်နှင့် ယင်း ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ် ထားခဲ့ကြ ပါသည်။

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက် ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးနှင့် လူမှုအခြေခံအဆောက်အဦးများလက်လှမ်းမီမှု ဖွံ့ဖြိုးတိုး တက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာချမှတ်ထားပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်း စွမ်းရည်တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့်လူငယ်များ အတွက် လူသားအရင်းအ မြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) သီးနှံထုတ်လုပ်မှု တိုးတက်ကောင်းမွန်လာခြင်း၊ တိရစ္ဆာန်မွေးမြူရေးတိုးတက်လာ ခြင်းနှင့် အခြားဝင်ငွေရလုပ်ငန်းများအား လက်လှမ်းမီမှုတိုးတက်လာပြီး ကျေးရွာ လူထု၏ဝင်ငွေတိုးလာရမည်။

(၂) စိုက်ပျိုးရေးအခြေခံအဆောက်အဦးများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက် သွယ်ရေး၊ လူငယ်ကဏ္ဍဖွံ့ဖြိုးရေးစသည့် အခြေခံလူမှုအဆောက်အဦးများအား လက်လှမ်းမီမှု ပိုမိုကောင်းမွန်လာခြင်းဖြင့် ကျေးရွာလူထု၏ လူနေမှုအဆင့်အတန်း မြင့်မားလာရမည်။

(ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျဆောင်ရွက် ခြင်း အားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) အထက်ပါ ပန်းတိုင်များသို့ရောက်ရှိရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အစိုးရဌာနများ၊ အခြားပြင်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆက် သွယ်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များအား ဦးဆောင်အကောင်အထည်ဖော် မည်ဖြစ် သည်။ ပြင်ပမှနည်းပညာ၊ ငွေကြေးစသည့် အကူအညီများရရှိရေးအတွက် ဦးဆောင် မည်ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာအတွင်းရှိအခြားအဖွဲ့၊ ကော်မတီ များဖြင့်လည်း ညှိနှိုင်း၍ တာဝန်များကို ခွဲဝေအပ်နှင်းဆောင်ရွက်မည်။

(၂) ကျေးရွာ၏ လက်ရှိဘီလူးချောင်းဆည်မြောင်း ၁ မှာ ပျက်စီးနေခြင်းကြောင့် စိုက်ပျိုးရေလုံလောက်မှုမရှိကြပါ။ ၎င်းအပြင် ကုလားမတောင်တွင် ဆည်မြောင်းတမံ တည်ဆောက်ရန်နှင့် လယ်ရိုင်းဖေါ်ရန် သဘာအရင်းအမြစ်များရှိသော်လည်း နည်းပညာနှင့် အရင်းအနှီးမရှိသောကြောင့် အသုံးမချနိုင်ကြပါ။ လက်ရှိစိုက်ပျိုး နေသော စပါးမျိုးများမှာလည်း ဒေသမျိုးများဖြစ်သောကြောင့် သက်တမ်းရှည်ပြီး အထွက်နှုန်းနည်းသည်။ ယာနှင့် ရွှေပြောင်းတောင်ယာများမှလည်း မိုးရေသောက်များဖြစ်ကြပြီး ရာသီဥတုဖေါက်ပြန်မှုနှင့် မိုးခေါင်ခြင်းကြောင့် သီးနှံများ အောင်မြင်မှုနည်းသည်။ မြေဆီလွှာထိန်းသိမ်းမှုလည်းအားနည်းကြသည်။ ထို့ကြောင့် သီးနှံတိုးတက်ထုတ်လုပ်ရေးအတွက် အဟန့်အတားများစွာရှိပါသည်။ ၎င်းတို့ကို ဖြေရှင်းရန် ကျေးလက် ဦးစီးဌာန၊ ဆည်မြောင်းဌာနတို့နှင့် ဆက်သွယ်၍ဆည်မြောင်းပြုပြင်ခြင်း၊ ကုလားမတောင်တမံတည်ဆောက်ခြင်းနှင့် လယ်ရိုင်းဖေါ်ခြင်း၊ မြန်မာစိုက်ပျိုးရေးဌာန၊ အခြားဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက်၍လည်း ခေတ်မီ တောင်စောင်းစိုက်ပျိုးစနစ်များ ကျင့်သုံးခြင်းနှင့် နှစ်ရှည်ပင်များစိုက်ပျိုးခြင်းဖြင့် အမြဲတမ်းစိုက်ဧကတိုးချဲ့ခြင်း၊ တစ်ဧကအထွက်နှုန်းတိုးတက်စေခြင်း၊ သီးနှံစိုက်ပျိုးကုန်ကျစရိတ်သက်သာခြင်း စသည့်အကျိုးများရရှိအောင် ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ ထို့အပြင်သီးနှံစိုက်ပျိုးရေးအတွက် အရေးပါသည့် ကုန်ထုတ်လမ်းပေါ်ရှိ ချောင်းကူးတံတားကိုလည်းပိုမိုခိုင်ခံ့ကောင်းမွန်အောင် ဆောင်ရွက်ကြပါသည်။

(၃) ကျေးရွာ၏ အခြေခံလူမှုအဆောက်အဦးများ တိုးတက်ကောင်းမွန်လာရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၏အကူအညီ၊ ကျေးရွာလူထု၏ ထည့်ဝင်မှုတို့ဖြင့် အကောင်အထည်ဖော်ဆောင် ရွက်သွားမည်ဖြစ်ပါသည်။ ဆောင်ရွက်မည့်လုပ်ငန်းများမှာ ပညာရေးဌာနှင့် ချိတ်ဆက်၍ စာသင်ကျောင်းရေတုံကင်နှင့် ယင်လုံအိမ်သာအသစ်ဆောက်လုပ်ခြင်း၊ မိုးတွင်း၌ သွားလာရခက်ခဲသော ကျေးရွာတွင်းလမ်း အားပြုပြင်ခြင်း၊ လူငယ်ကဏ္ဍဖွံ့ဖြိုးရေးအတွက် လူငယ်ရိပ်သာဆောက်လုပ်ခြင်း၊ အားကစားကွင်းဖေါက် လုပ်ခြင်းနှင့် အားကစားပစ္စည်းများစုဆောင်းခြင်း၊ စာကြည့်တိုက်အတွက် စာအုပ်၊စာပေများ စုဆောင်းခြင်း စသည်တို့ကို ကျေးလက်ဦးစီးဌာနထံ အကူအညီတောင်း၍ အဆင့်မြှင့်တင်ခြင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် ဆက်သွယ်၍ ဆေးခန်းပရိဘောဂဝယ်ယူခြင်းစသည့် စီမံချက်များရေးဆွဲအကောင်ထည်ဖော်ခြင်း တို့ဖြစ်ပါ သည်။

(၄) ကျေးရွာတွင် အိမ်ခြေ ၈၈ အိမ်ရှိသဖြင့် ကျေးရွာအသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးရုံပုံငွေ သိန်း ၂၀၀ ရှိပါ က ဆင်းရဲသားများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများအတွက် လှည့်ပတ်ရုံပုံငွေအဖြစ် လိုအပ်သည့် အချိန်တွင် အတိုးနှုန်းသက်သာစွာဖြင့် ချေးယူ၍ ဝင်ငွေတိုးလုပ်ငန်းများကို အကောင်အထည်ဖေါ်လုပ်ကိုင်နိုင်မည်။ ထို့ကြောင့် လက်ရှိလိုအပ်နေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဝင်ငွေတိုး

လုပ်ငန်းများ အတွက် အရင်းအနှီးကို ဖွံ့ဖြိုးရေးအဖွဲ့များ၊ သက်ဆိုင်ရာအစိုးရဌာနများ၊ ပုဂ္ဂလိကဘဏ်များ၊ ကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ အရင်းအတိုးကို မိမိတို့ ကျေးရွာဖွံ့ဖြိုးရေး လှည့်ပတ်ရံပုံငွေထူထောင်ခြင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။

(၅) ကျေးရွာရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ နည်းပညာဝန်ဆောင်မှုများ၊ ၎င်းတို့အတွက်လိုအပ်သော သွင်းအားစုဈေးကွက် လက်လှမ်းမီရေးအစီအစဉ်များ၊ ကျေးရွာလူထုအတွက် လုပ်ငန်းအခွင့်အလမ်းများ ဖန်တီးနိုင်ရေး စသည်တို့အတွက် နည်းပညာနှင့် ဖွံ့ဖြိုးရေးအကူအညီများကို မြို့နယ်အဆင့်အဖွဲ့အစည်းများထံမှ ရရှိရေးကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်၍ အကောင်ထည်ဖော် သွားမည်ဖြစ်ပါသည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ် ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ/သားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည် စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်းစသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

ဝမ်းကွန်ကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများရရှိမှုကလည်းအဓိကဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများထုတ်ချေးပေး နေသော မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးသီးနှံ (ကာလတိုချေးငွေ) တစ်ခုတည်းကိုသာဦးစားပေး ဆောင်ရွက်ပေးနေသောကြောင့် ကျေးရွာရှိ မွေးမြူရေး၊ ဆင်းရဲသားမြေယာမဲ့ များအတွက်လည်း ဝင်ငွေတိုးလုပ်ငန်းများအတွက် သင့်တော်သောအတိုးနှုန်းဖြင့် ကာလရှည်ချေးငွေများ

ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ ဘဏ်များ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ထို့ကြောင့် ကျေးရွာသူ/သားများ လိုအပ်သော ချေးငွေများထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို ဒေသလိုအပ်ချက်နှင့် အညီ ပြောင်းလဲသင့်ပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့်စျေးကွက်အတွက် အထောက်အပံ့များဖြည့်ဆည်းပေးခြင်း

ဝမ့်ကွန်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ခုမှာ စိုက်မွေးထုတ်လုပ်သူတောင်သူများ၏ စျေးကွက်ဆိုင်ရာသဘောသဘာဝများ သိရှိမှုအားနည်းခြင်းနှင့် အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များရရှိရေးအတွက် ခေတ်မီသောနည်းပညာများ လိုအပ်ခြင်း ပင်ဖြစ်သည်။ ကျေးရွာ၏ စိုက်ပျိုး၊ မွေးမြူရေး ကုန်ကြမ်းများထွက်ရှိသော အားသာချက်ကို အမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သော စျေးနှုန်းဖြင့် ရောင်းချနိုင်ရန် စျေးကွက်သဘောတရားများကို နားလည်အောင် နည်းလမ်းပြ အထောက်အပံ့ပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးဌာနနှင့် အခြားသက်ဆိုင်ရာဦးစီးဌာနများ၊ ကုလသမဂ္ဂအ ဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြ ဖေးမမှုများကလည်း အရေးပါ လှပါသည်။ ၎င်းအပြင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကိုလည်း မြှင့်တင်ပေးခြင်းဖြင့် စည်သွပ်စက်ရုံများတည်ထောင်ခြင်းဖြင့် ထွက်ကုန်များကိုတန်ဖိုးမြှင့်ခြင်း၊ မြေယာမဲ့နှင့် လူငယ်များအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေး ခြင်းများ လိုအပ်ပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေး ဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သော လုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများစသည်တို့အတွက် လိုအပ်သောကျွမ်းကျင်မှု အသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်တိုးတက် လာစေပါမည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ရရှိဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်းတစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မားလာစေမည်ဖြစ်ပါသည်။ ထို့ နောက်တွင် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများများပြားလာသည်နှင့်အမျှ တစ်ဖက်နိုင်ငံများတွင် ရွှေ့ ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင်

လုပ်ကိုင်နိုင်ခြင်းနှင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု နိုင်ပေမည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော် စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလ ကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေး လိုအပ်ချက်များ အဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေ လျာထားရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ် ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက် များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေး လုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများမရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအ တွင်း ထပ်တိုး စီမံချက်များအား ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက် များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင်နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်** ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်း မှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်း ဖြစ်ပါ သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားဖြစ်သည်ကို ဖေါ်ပြခြင်းဖြစ်ပါသည်။

(၁) ငွေလုံးငွေရင်း အသုံးစရိတ် (Capital Investment) ဥပမာ–ဆောက်လုပ်ရေး ပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ ရသောရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၃) အထွေထွေရင်းနှီးမြုပ်နှံမှု (ငွေကြေး ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) လူသားချင်း စာနာမှု အထောက်အပံ့။

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် ရွာသူရွာသားများမှ အများသဘောတူ ရွေးချယ်ဖွဲ့စည်း လိုက်သော ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (၁၁) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးရွေးချယ်ကြပြီး ကျန်ရွာသူရွာသားများက ဦးစားပေးလုပ်ငန်းများ ရွေးချယ်ခြင်းကို အတည်ပြုပေးကြပါသည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဝမ့်ကွန်ကျေးရွာ၏ ဦးစားပေးစီမံကိန်းများကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များ ကို အခြေခံ၍ ကျေးရွာလူထု ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံကိန်းများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

ကဏ္ဍ / အကြောင်းအရာ	စီမံကိန်း	ရမှတ် ပေါင်း	အဆင့်	စီမံချက်အခွင့်အလမ်းနှင့် ဖော်ပြချက်
အုပ်ချုပ်ရေး ကဏ္ဍ				
အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု	၁။ အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုစွမ်းရည်များ တိုးတက်ရေး	၆၇	၆	• ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း • အလုပ်အမှုဆောင်ကော်မတီများ ဖွဲ့စည်းခြင်း • ခေါင်းဆောင်မှုနှင့် ငွေကြေးစီမံခန့်ခွဲမှု သင်တန်းများစီစဉ်ခြင်း • အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးသင်တန်းများစီစဉ်ခြင်း
စိုက်ပျိုးရေး ကဏ္ဍ				
သီးနှံ	၂။ သီးနှံအထွက်တိုးရန် နည်းပညာနှင့် ဝန်ဆောင်မှု လုပ်ငန်းများ လက်လှမ်းမီရန်ဆောင်ရွက်ခြင်း	၉၀	၁	• စိုက်မွေးသင်တန်း • လိမ်မော်စိုက်ကွင်း(စမ်းသပ်ကွက်) • ဆည်မြောင်းပြုပြင်ခြင်းအသစ်တည်ဆောက်ခြင်း • စပါးမျိုးကောင်းမျိုးသန့်(လယ်၊ယာ) • လယ်ရိုင်းဖော်ထုတ်ခြင်း • ရေလောင်တမံဆောက်လုပ်ခြင်း • တောင်ဧောင်းလှေကားထစ်စိုက်ပျိုးခြင်း
တိရစ္ဆာန် မွေးမြူရေး				
တိရစ္ဆာန်မွေးမြူရေး	၃။ တိရစ္ဆာန်မွေးမြူရေးတိုးမြှင့်ဆောင်ရွက်ခြင်း	၇၄	၃	• တိမွေးကုသင်တန်း • ဝက်မွေးမြူခြင်း • ငါးမွေးမြူခြင်း • ပျားမွေးမြူခြင်း • ငုံးမွေးမြူခြင်း • ကြက်မွေးမြူခြင်း • တိရိစ္ဆာန်ဆေးဝါး

ကဏ္ဍ / အကြောင်းအရာ	စီမံကိန်း	ရမှတ် ပေါင်း	အဆင့်	စီမံချက်အခွင့်အလမ်းနှင့် ဖော်ပြချက်
အခြား ဝင်ငွေရ လုပ်ငန်းများ				
ဝင်ငွေရလုပ်ငန်း	၄။ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးခြင်း။	၇၃	၄	• ဈေးဆိုင်(ကုန်စုံဆိုင်) • ဖပ်ရော့စက်ပြင်သင်တန်း • စက်ကြီး၊ယဉ်မောင်း • အနုပညာ(ဂီတာတီး၊အဆို) • မုန့်၊ဖျော်ရည်သင်တန်း • စက်ချုပ်၊ဒီဇိုင်းနာ • အလှပြင်
ဘဏ် နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း				
ချေးငွေ လက်လှမ်း မီရေး	၅။ လုံလောက်သောချေးငွေပမာဏအား သင့်တင့်သော အတိုးနှုန်း ဖြင့် ကာလရှည်ချေးငွေ ပေးနိုင်မည့် အဖွဲ့များ နှင့် ချိတ်ဆက်ရေး	၇၂	၅	• အသက်မွေးဝမ်းကျောင်းလုပ် ငန်းပေါ်မူတည်၍ ထုတ်ချေးပေးနိုင်မည့် ချေးငွေ ဌာနများနှင့် ချိတ်ဆက်ခြင်း • ချေးငွေအတွက် လိုအပ်သော အထောက်အထားများ ပြင်ဆင်ခြင်း • ကျေးရွာရံပုံငွေကြေးအရင်းအနှီးထူထောင်ခြင်း
ပညာရေး				
ကလေး ပညာရေး ဖွံ့ဖြိုးရေး	၆။ ပညာရေးအခြေခံအဆောက်အဦးများ	၅၈	၈	• အားကစားပစ္စည်းနှင့်မူကြိုသင်ထောက်ကူပစ္စည်း • စာသင်ကျောင်းအိမ်သာ • ကျောင်းရေတုံကင်
ကျန်းမာရေး				
ကျန်းမာရေး တိုးတက်လာစေရေး	၇။ ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး	၆၁	၇	• ဆေးခန်းပရိဘောဂ
လမ်းပန်း ဆက်သွယ်ရေး				
လမ်း၊ တံတား ကောင်း မွန် လာစေရေး	၈။ ပို့ဆောင်ရေး အခြေခံအဆောက်အဦးများ တိုးတက်လာစေရေး	၈၂	၂	• ကုန်ထုတ်တံတား • ကျောက်ချောလမ်း

ကဏ္ဍ / အကြောင်းအရာ	စီမံကိန်း	ရမှတ် ပေါင်း	အဆင့်	စီမံချက်အခွင့်အလမ်းနှင့် ဖော်ပြချက်
<u>ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား</u>				
လူငယ်များ စွမ်းဆောင် ရည် တိုး တက် လာစေ ရေး	၉။ လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး	၈၁	၃	• အားကစားကွင်း(ဘောလုံး၊ဘော်လီဘော) အားကစားပစ္စည်း • လူငယ်ရိပ်သာ • စာအုပ်၊စာပေ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံကိန်း	ဦးစားပေး အဆင့်	ကာလ ၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	မှတ်ချက်
၁	သီးနှံအထွက်တိုးရန် နည်းပညာနှင့် ဝန်ဆောင်မှု လုပ်ငန်းများလက်လှမ်းမီရန် ဆောင်ရွက်ခြင်း	၁	Â	Â	Â	Â		
၂	ပို့ဆောင်ရေးအခြေခံအဆောက်အဦများ တိုးတက်လာစေရေး	၂	Â	Â				
၃	လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး	၃	Â	Â	Â			
၄	လုံလောက်သောချေးငွေပမာဏအား သင့်တင့် သော အတိုးနှုန်း ဖြင့် ကာလရှည်ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး	၄	Â					
၅	တိရစ္ဆာန်မွေးမြူရေး တိုးမြှင့်ဆောင်ရွက်ခြင်း	၅	Â					
၆	အလုပ်အကိုင် အခွင့်အလမ်းဖန်တီးခြင်း။	၆	Â	Â				
၇	အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည်များ တိုးတက်ရေး	၇	Â					
၈	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာ စေရေး	၈	Â	Â				
၉	ပညာရေးအခြေခံအဆောက်အဦးများ	၉		Â	Â			

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါ သည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်

ဖော်ဆောင်ရွက်မည့်ပုံစံနှင့်အစီအစဉ်၊ စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိန်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေး ရေး အစီအစဉ်များ ပါဝင်ပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အ ဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန်လိုအပ်ပါသည်။ စီမံချက်များ အကောင် အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါ သည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလ အတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အ လိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်း ဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်း ကိရိယာ၊ အချိန် စသည်)

စီမံချက် ဘတ်ဂျက်

#	စီမံကိန်း	ရန်ပုံငွေ	ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း			
			သာမန် အသုံး စရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသား ချင်းစာနာ မှုဆိုင်ရာ ထောက်ပံ့မှု
				ငွေလုံးငွေ ရင်းအသုံး စရိတ်	စွမ်းဆောင် ရည်မြှင့် တင်ရေး	
အုပ်ချုပ်ရေး ကဏ္ဍ						
၁	သီးနှံအထွက်တိုးရန် နည်းပညာနှင့် ဝန်ဆောင်မှုလုပ်ငန်းများလက် လှမ်းမီရန် ဆောင်ရွက်ခြင်း		Â		Â	
၂	ပို့ဆောင်ရေး အခြေခံအဆောက် အဦးများ တိုးတက်လာစေရေး			Â		
၃	လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး		Â	Â	Â	
၄	လုံလောက်သောချေးငွေပမာဏ အား သင့်တင့်သော အတိုးနှုန်းဖြင့်			Â	Â	

#	စီမံကိန်း	ရန်ပုံငွေ	ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု
၅	ကာလရှည်ချေး ငွေပေးနိုင်မည့်အဖွဲ့များနှင့် ချိတ်ဆက်ရေး					
၅	တိရစ္ဆာန်မွေးမြူရေးတိုးမြှင့်ဆောင်ရွက် ခြင်း		Â	Â	Â	
၆	အလုပ်အကိုင် အခွင့်အလမ်းဖန်တီးခြင်း။			Â	Â	
၇	အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်ရေး				Â	
၈	ကျေးရွာ၏ကျန်းမာရေးကဏ္ဍ တိုးတက် လာ စေရေး			Â	Â	
၉	ပညာရေးအခြေခံအဆောက်အဦးများ			Â		

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်။ ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေး ဆောင်ရွက်ရန်မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း

ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့် ဆက်သွယ်၍အင်ဂျင်နီယာ ဒီဇိုင်း ပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင်တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင် မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့် ခွဲမှုဆိုင်ရာ ဝန်ဆောင်မှု ပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့ အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထား သော သတ်သတ် မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန် သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ် ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန် ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည်တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီး ကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ် များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံး ပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင် ရွက်မည်။ ထို့အပြင် တံတားပေါ် ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီအဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ် ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ဝမ့်ကွန်ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှ

သာရည်ရွယ်သည့်အတိုင်းကြီးကြပ် စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက် ပါမည်။ ကြီးကြပ်စစ်ဆေး ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံချက်လုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက် နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက် အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက် မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ (၃) လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထု အစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက် လက်ညှိနှိုင်း ဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင် သင့်သော အဆိုပြု ချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာ နှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထားချက်နှင့် နှိုင်း ယှဉ်၍)၊
- (၃) လပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေ ရသော အခက် အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီး ဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီအထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှပြန်လည် သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်း ရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါ ဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်း ကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများ ထံမှ လိုအပ်မည်ဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရေး အထောက်အကူပြု ဇယားများ

၁။ ကျေးရွာလူမှုစီးပွားရေးအခြေအနေ

၁.၁။ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) ဝမ့်ကွန်ကျေးရွာ၏ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %	ဖွံ့ဖြိုးရေးအမြင်အရခွဲခြားထားပုံ
၁ နှစ်အောက်	၂	၅	၇	၁.၆%	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၂၀	၁၅	၃၅	၈%	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၁၃	၂၁	၃၄	၈%	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၂၁	၂၃	၄၄	၁၀%	အလယ်တန်းကျောင်းသားအရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၁၄၅	၁၅၃	၂၉၈	၆၈.၃%	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၈	၁၀	၁၈	၄.၁%	သက်ကြီးရွယ်ကြီး
စုစုပေါင်း	၂၀၉	၂၂၇	၄၃၆	၁၀၀%	
အိမ်ထောင်စုပေါင်း			၈၈		
တစ်အိမ်ထောင်ပျှမ်းမျှလူဦးရေ			၄.၉၅		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄-၂၆ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) ရက်နေ့တွင်ကောက်ယူထားခြင်းဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ လက်ရှိအမှန်တကယ် နေထိုင်သူ လူဦးရေစာရင်းအတိအကျကို တအိမ်ချင်း ကောက်ယူထားသည်။ အိမ်ထောင်စုပေါင်း (၈၈) အိမ်ရှိပြီး (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅) နေ့အထိသာ အတည်ဖြစ်ပါသည်။

၂။ အိမ်ထောင်စုပေါင်း (၈၈) အိမ်နှင့် လူဦးရေ (၄၃၆) (ကျား ၂၀၉ + မ ၂၂၇) ရှိ သည်။

၃။ အိမ်ထောင်စု အရွယ်အစားမှာ ပျမ်းမျှ ၄.၉၅ ရှိပြီး မြန်မာနိုင်ငံ၏ သတ်မှတ်ထားသော ကျေးရွာအဆင့် အိမ် ထောင်စုအရွယ်အစား နှင့် ကိုက်ညီသည်ကို တွေ့ရသည်။

၄။ ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သောလူဦးရေ ၂၉၈ ဦး ရှိပြီး စုစုပေါင်း လူဦးရေ၏ ၆၈.၃% ရှိသည်။ အလုပ်လုပ်ကိုင်နိုင်သော အမျိုးသမီးဦးရေမှာ အလုပ်လုပ်ကိုင်နိုင်သော အမျိုးသား ဦးရေထက် (၈) ဦး (၂.၇%) ပိုများ သည်။ကျေးရွာရှိ လူဦး ရေနှင့် နှိုင်းယှဉ်လျှင် အလုပ်လုပ်နိုင်သူဦးရေမှာ များသော်လည်း မိသားစုအများစုမှာ ဆင်းရဲသည်နေသည်ကိုလည်း တွေ့ရသည်။

၁.၂။ အလုပ်လုပ်နိုင်သူ အင်အား

ဧယား (၂) ဝမ့်ကွန်ကျေးရွာ၏ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းကဏ္ဍများ	အဓိကလုပ်ငန်း: အဓိက လုပ်ငန်း(အိမ်)	%	တွဲဖက် လုပ်ငန်း (လူဦးရေ)	မှတ်ချက်
၁	**စိုက်ပျိုးရေးလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း	၈၂	၉၃.၂		လယ်ယာစိုက်ပျိုးရေးကို အဓိက လုပ်ဆောင်သည့် အိမ်ထောင်စုများဖြစ်သည်။
	လုပ်သား(အငှား၊ ဝန်ထမ်း)	၆	၆.၈		၆ အိမ်ထောင်စုမှာမြေယာမဲ့များ ဖြစ်ပြီး စိုက်ပျိုး ရေးလုပ်ငန်း များတွင်ရာသီအလိုက် နေ့စားလုပ်ကိုင်ကြရသည်။
	မိသားစုဝင်လုပ်အား			၁၆၄	ကျန်မိသားစုဝင်များ မှာ အိမ် ထောင်ဦးစီး ၏ အဓိကလုပ် ငန်း တွင် ကူညီလုပ်ကိုင် ပေးကြရသည်။
၂	**မွေးမြူရေးလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း			၈၈	၈၈ အိမ်ထောင်စုအား လုံးမှာ မွေး မြူရေး ကို စိုက်ပျိုးရေး နှင့် အတူ ပူး တွဲလုပ် သည်။ ၆ အိမ် ထောင် မှာ မြေယာမဲ့များ ဖြစ် သည်။
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
၃	**ငါးလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
၄	**ခါတ်သတ္တုနှင့် ကျောက်တူးဖော်ခြင်းလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
၅	**ကုန်ထုတ်လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း			၉၄	ဆန်စက် ၆ ခုရှိပြီး ၈၈ အိမ်ထောင် စုအား

စဉ်	လုပ်ငန်းကဏ္ဍများ	အဓိကလုပ်ငန်း အဓိက လုပ်ငန်း(အိမ်)	%	တွဲဖက် လုပ်ငန်း (လူဦးရေ)	မှတ်ချက်
					လုံးမှာသစ်တောထွက် ပစ္စည်းများကိုမှီခို အားထားနေ ကြရသည်။ အဓိကအသက် မွေးလုပ်ငန်းမှာစိုက် ပျိုးရေးဖြစ်သည်။
	လုပ်သား(အငှား၊ဝန်ထမ်း				
	နေစားလုပ်သား				
၆	**လျှပ်စစ်၊ သဘာဝဓါတ်ငွေ့ နှင့် ရေဖြန့်ဝေရေးလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				
	လုပ်သား(အငှား၊ ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
၇	**ဆောက်လုပ်ရေးလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း			၄	တစ်ဦးမှာ ပန်းရံဖြစ် ပြီး ၃ ဦးမှာလက်သ မား လုပ်ငန်းဖြစ် သည်။အဓိကလုပ်ငန်း မှာ စိုက်ပျိုးရေး ဖြစ် သည်။
	လုပ်သား(အငှား၊ ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
၈	**လက်လီလက်ကား အရောင်းအဝယ်၊ စက်ပြင်ဆိုင် (စက်ဘီး၊ ဆိုင်ကယ်)၊ အိမ်သုံးပ စ္စည်းအ ရောင်းဆိုင်**				
	ကိုယ်ပိုင်လုပ်ငန်း			၅	အိမ်ဈေးဆိုင် ၅ ဆိုင်ရှိ သည်။ စိုက် ပျိုးရေးနှင့် တွဲဖက်လုပ်ကိုင်သည်။
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
၉	**ဟိုတယ် နှင့် စားသောက်ဆိုင်များ**				
	ကိုယ်ပိုင်လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
၁၀	**သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး နှင့် ကုန်သိုလှောင်ခြင်း**				
	ကိုယ်ပိုင်လုပ်ငန်း			၁၀	ထော်လာဂျီ ၆ စီးနှင့် ထ ရပ်ကား ၄ စီးရှိသည်။
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
၁၁	**ငွေကြေးဝန်ဆောင်မှု လုပ်ငန်း**				

စဉ်	လုပ်ငန်းကဏ္ဍများ	အဓိကလုပ်ငန်း အဓိက လုပ်ငန်း(အိမ်)	%	တွဲဖက် လုပ်ငန်း (လူဦးရေ)	မှတ်ချက်
	ကိုယ်ပိုင်လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
၁၂	**အိမ်ခြံမြေရောင်းဝယ်ရေး၊ ငှားရမ်းရေး နှင့် အလားတူလုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
၁၃	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင်လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
၁၄	**ပညာရေး**				
	ကိုယ်ပိုင်လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
၁၅	**ကျန်းမာရေး နှင့် လူမှုရေးလုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
၁၆	**အင်္ဂားလိုက်ကျပန်းလုပ်သားများ**				
	ကိုယ်ပိုင်လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)		၆		ကြံရာကျပန်းလုပ်ကိုင်ကြသည်။ မြေယာမရှိ။ အင်္ဂားလိုက် သည်။
	မိသားစုဝင်လုပ်အား				
၁၇	**ယူအင်(နှ်)၊နိုင်ငံတကာအဖွဲ့အစည်းများနှင့် အခြားပြင်ပ အဖွဲ့အစည်းများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင်လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင်လုပ်အား				
	စုစုပေါင်း	၈၈	၁၀၀ %	၃၆၅	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ စိုက်ပျိုးရေးလုပ်ငန်းသည် ကျေးရွာ၏ အဓိက ဝင်ငွေရလုပ်ငန်းဖြစ်ပြီး မွေးမြူရေးနှင့် တွဲဖက် လုပ်ကိုင်သည်။

၂။ ကျေးရွာတွင်မြေယာမဲ့ကျပန်းသမားဦးရေ ၆ ရှိပြီး ၆.၈% ခန့်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းခွင်၊ မွေးမြူရေးနှင့် အခြား ပန်းရံ၊ ထော်လာဂျီမောင်း၊ ဈေးရောင်းစသဖြင့် လုပ်ငန်းမျိုးစုံဖြင့် အသက်မွေးကြသည်။

၃။ အထက်ပါဇယားတွင် လုပ်သားအင်အားမှာ ၃၆၅ ဖြစ်ပြီး အိမ်ထောင်စုအရေအတွက်ထက် ပိုများနေရခြင်း မှာ တအိမ်ထောင်ချင်းစီမှ မိသားစုဝင် တဦးထက်ပို၍ မိသားစုဝင်ငွေနှင့် စားဝတ်နေရေးအတွက် အလုပ်လုပ် ကြရ သောကြောင့် ဖြစ်သည်။

၄။ လယ်ယာစိုက်ချိန် ရိတ်ချိန်တွင် အလုပ်ပေါပြီး ကျန်အချိန်များ အလုပ်ခက်ခဲသည်။

၁.၃။ သဘာဝ အရင်းအမြစ်များ

၁.၃.၁။ စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရေအရင်းအမြစ်(ရေရရှိသည့်နေရာ/ရေပေးနိုင်သည့်ဧက)
လယ်မြေ	၇၇.၂	သင့်	ရ (မလုံလောက်)	ဘီလူးချောင်းဆည်ရေ
ယာမြေ	၅၂၀	သင့်	မရ	မိုးရေ
ဥယျာဉ်ခြံမြေ	-	-	-	-
အိမ်ခြံဝင်းစိုက်ခင်း	၃	သင့်	မရ	မိုးရေ
ရွှေပြောင်းတောင်ယာ	အတိအကျ မသိ	သင့်	မရ	မိုးရေ
ကိုင်း/ကျွန်းမြေ	-	-	-	-
စားကျက်မြေ	-	-	-	-
ပလပ်မြေ	၂၀၀	သင့်	မရ	မိုးရေ
သစ်တောမြေ	၁၀၀၀	ညံ့	မရ	မိုးရေ
စုစုပေါင်း	၁၈၀၃.၂			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ နူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ လယ်ပိုင်တောင်သူမှာ ၈၂ ဦးခန့်နှင့် လယ် (၅၂၀) ဧကရှိပြီး တောင်သူတဦးပျမ်းမျှ လယ်မြေ (၆.၃) ဧက ပိုင် ဆိုင်သည်။

၂။ ဘီလူချောင်းမှ ရေကိုနှစ်ပါတ်လည်ရရှိသော်လည်း ရေမြောင်းမကောင်းသောကြောင့် စိုက်ပျိုးရေနှင့် သောက် သုံးရေ လုံလောက်မှုမရှိ။ အခက်အခဲရှိပါသည်။ ရွှေပြောင်းတောင်ယာလုပ်ရာတွင် တနေရာမှ တနေရာသို့ ပြောင်းရွှေ့ လုပ်ကိုင်ကြသောကြောင့် စိုက်ဧက အတိအကျ မသိပါ။

၃။ ယာမြေမှာ မိုးရေသောက်အဓိကဖြစ်သည်။ ယာမြေတွင် ပြောင်း၊ပဲစင်းငုံနှင့် နှမ်း၊ ပဲမျိုးစုံ၊ တို့ကို အဓိက စိုက် ပျိုးကြသည်။

၁.၃.၂။ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ခါတ်ငွေ့/ရေနံ)	မရှိ။	လက်လှမ်းမမှီ
ခါတ်သတ္တု(ကျောက်၊ သဲ)	သဲကျောက်များရနိုင် (များ)	လွယ်ကူ
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	များ	လွယ်ကူ
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	များ	လွယ်ကူ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် ကျောက်တုံး၊ ကျောက်ခဲနှင့် သဲများ အလွန်ပေါများပါသည်။

၂။ သဘာဝသစ်တောရှိပြီး ရွှေပြောင်းတောင်ယာကိုအများအားဖြင့်လုပ်ကိုင်ကြသည်။ တိရစ္ဆာန်မျိုးစိတ်များမှာ မြောက်၊ ဝက်ဝံ၊ ကျီ စသည်မျိုးစုံရှိပြီး အမဲလိုက်ကြသည်။။ အပင်မျိုး စိတ်များလည်း အလွန်ပေါများပါသည်။

၁.၄။ ဥစ္စာဓန အဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ

		သတ်မှတ်စံနှုန်း:		
အကြောင်း အရာ	**အဆင်ပြေသော အိမ်ထောင်စု**	**အလယ်အလတ်ရှိသောအိမ်ထောင်စု**	**ဆင်းရဲသော အိမ်ထောင်စု**	**အလွန်ဆင်းရဲသောအိမ်ထောင် စု**
မြေယာပိုင်ဆိုင်မှု	လယ်(၃) ဧကအထက်။ ယာ - ၅ ဧကအ ထက်	လယ် (၁–၃) ဧက/၊ ယာလ (၃-၅)ဧက	လယ်မရှိ။ ယာ (၁-၃) ဧက	မြေယာမဲ့
အိမ်အခြေအနေ	သွပ်မိုး၊အုတ်ကာ၊ ပျဉ်ခင်း၊ နှစ်ထပ်အိမ်	သွပ်မိုး၊၀ါးထရံ ကာ ၊ပျဉ်ခင်း၊ ခြေတံရှည်/	အင်ဖက်မိုး၊ ပျဉ်ကာ ၊ ပျဉ်ခင်း	အင်ဖက်၊ ၀ါးထရံကာ၊ ၀ါးကြမ်းခင်း၊ မြေစိုက်။
လုပ်ငန်းသုံးကိရိယေပိုင်ဆိုင်မှု	လက်တွန်းထွန်စက်၁၊ထော်လာကျီ ခိုင်းနွား ၁ ယှဉ်း၊ ပြောင်းဖူးခွေစက်	လက်တွန်းထွန်စက် ၁၊ ခိုင်းနွား ၁ ယှဉ်း၊	ခိုင်းနွား ၁ ယှဉ်း၊	ပလိုင် ၊ ပေါက်တူးပြား၊ ဓား၊ တံဆေး၊ တူရွင်း
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	ကား ၁၊ဆိုင်ကယ် ၂၊ ဖုန်း-၃ လုံး၊ တီဗီ၊ ဗွီဒီယို ၊ စလောင်း၊ ရေခဲသေတ္တာ	ဖုန်း-၂လုံး၊ ဆိုင်ကယ်-၁၊ တီဗီ၊ ဗွီဒီယို	ဆိုင်ကယ် ၁၊ ဖုန်း-၁ လုံး၊ တီဗီ	စက်ဘီး

အကြောင်း အရာ	သတ်မှတ်စံနှုန်း: အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသောအိမ်ထောင် စု
အဓိကစီးပွားရေးလုပ်ငန်း၊ တနှစ်ဝင်ငွေ	အနည်းဆုံး (၆၀) သိန်း	(၃၀ မှ ၆၀) သိန်း	(၁၀ မှ ၃၀) သိန်း	ပုံမှန်ဝင်ငွေမရှိ။
အိမ်ထောင်စုပေါင်း (၈၈) အိမ်	**၅ အိမ် (၅.၇%)**	**၂၀ အိမ် (၂၂.၇%)**	**၅၅ အိမ်(၆၂.၅%)**	**၈ အိမ် (၉.၁%)**

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ဆုံးဖြတ်သော ဓနဥစ္စာအဆင့်အနေအထား အရ ဆင်းရဲနှင့် ဆင်း ရဲဆုံးအိမ် ထောင်စုမှာ စုစုပေါင်း (၆၃) အိမ် (၇၁.၆%) ရှိသဖြင့် အများစုမှာ ဆင်းရဲသားများ ဖြစ်ကြ သည်။ ကျန် ၂၅ အိမ် (၂၈.၄%) မှာ အဆင်ပြေနှင့် အလယ်အလတ်တန်းစားမိသားစုများဖြစ်သည်။

၂။ ဓနဥစ္စာအဆင့်သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် လယ်ယာသုံးစက်ကရိယာပိုင်ဆိုင်မှု မှာ အရေးပါ သည် ကို တွေ့ရသည်။

၁.၅။ ထိခိုက်လွယ်မှု

၁.၅.၁။ ဝမ်းစာ ဖူလုံမှု

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၈	၉.၁%	ငွေချေးခြင်း၊ ရိက္ခာချေးခြင်း၊ လုပ်အားဖြင့် ပြန်လည် ပေးဆပ်ခြင်း၊ လုပ်အားကြိုတင် ရောင်းချခြင်းဖြင့် ဖြေရှင်းကြ သည်။
၃ လနှင့် ၅ လ အထိ	၃၅	၃၉.၈%	လုပ်အားကြိုတင် ရောင်းချခြင်းဖြင့် ဖြေ ရှင်းကြသည်။
၆လမှ ၁၂ လ အထိ	၂၀	၂၂.၇%	ဆွေမျိုးမိတ်ဆွေများထံမှ ချေးယူစားသုံးကြရသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ ၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ စုစုပေါင်း(၈၈) အနက်(၂၅)အိမ်ထောင်စုမှာလုံးဝချေးငှါးခြင်းမပြုဘဲ စားသောက်နိုင်ကြ သည်။

၂။ ၃ လအောက် ဝမ်းစာဖူလုံသူများမှာ ကျပန်းသမားမြေယာမဲ့များနှင့် တောင်သူငယ်များဖြစ် သည်။ ကျေးရွာ မိသားစု၏ ၈ အိမ်ထောင်စု ၉.၁% ရာခိုင်နှုန်းမှာ ငွေချေးခြင်း၊ ရိက္ခာချေးခြင်း၊

လုပ်အားဖြင့် ပြန်လည်ပေး ဆပ် ခြင်း၊ လုပ်အားကြိုတင် ရောင်းချခြင်းဖြင့်

၃။ တောင်သူငယ် ၃၅ ဦး (၃၉.၈%) မှာ ၃ လမှ ၅ လအထိ ဝမ်းစာဖူလုံမှုရှိကြပြီး ကျန်လ များအတွက် လုပ်အား ကြိုတင် ရောင်းချခြင်းဖြင့် ဖြေ ရှင်းကြသည်။

၄။ ကျန်တောင်သူငယ် ၂၀ ဦး (၂၂.၇%) မှာ ဆွေမျိုးမိတ်ဆွေများထံမှ ချေးယူစားသုံး ကြရပြီး သီးနှံပေါ်ချိန်တွင် အမြန် ပြန်ဆပ်ကြရသည်။

၁.၅.၂။ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ဖခန့စ် နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ	၁	၁	၂
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ	၃	၁	၄
				အိမ်ထောင်စုအရေအတွက်
အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ			၂
မုဆိုးဖို / တစ်ခုလပ် ဆင်းရဲသည့် အိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ အခြားဒေသသို့ကြာမြင့်စွာသွား ရောက် နေထိုင်လုပ်ကိုင်နေသူ			- ၁၀

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ခြေထောက်မကောင်းသူ ကျား (၂) ဦး၊ အသက်ကြီးရွယ်အိုပြီး ဆင်းရဲသူ မ (၂) ဦး၊ ဦးနှောက်မပြည့်ဝသူ ကျား (၃) ဦး ရှိသည်။

၂။ နယ်မြေဒေသလုံခြုံရေးအခြေအနေကြောင့် ထွက်ပြေးသွားရာမှ ပြန်မလာသူများလည်းရှိသည်။ စီးပွါးရေးအခြေအနေကြောင့်အခြားဒေသသို့ အချိန်ကြာသွားရောက်လုပ်ကိုင်သူများလည်း ရှိသည်။

၃။ အမျိုးသမီးဦးဆောင်မိသားစုများမှာ ဆင်းရဲပြီး တချို့အိမ်ထောင်စုများမှာ ကြုံရာ ကျဇန်း ရရာအလုပ်ကို လုပ် ကိုင် ကြရသည်။

၁.၅.၃။ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
စီးပွားရေး			
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်	စိုက်ပျိုးရေးလုံလောက်မှုမရှိ။ မြေဆီဩဇာခမ်းခြောက် လာမှုကြောင့် သီးနှံထုတ်လုပ်မှုနည်းသည်။

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၂	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့်	အများစုမှာ ရွှေ့ပြောင်းတောင်ယာများဖြစ်သည်။လယ်အတွက်သာဆည်မြောင်းရေရနိုင်သော်လည်း ရွှေ့ပြောင်း တောင်ယာများတွင် မိုးရေကိုသာ အားထားနေရသည်။
ကျန်းမာရေး			
၃	ငှက်ဖျားရောဂါ	နိမ့်	
၄	တီဘီရောဂါ	နိမ့်	
၅	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိ	
လူမှုရေး			
၆	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	နိမ့်	
၇	လူကုန်ကူးခြင်း	မရှိ	
၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့်	လွိုင်ကော်နှင့် သိပ်မဝေးသော်လည်း လမ်းရီးသွားလာမှု နည်းသဖြင့် ပုံမှန်သွားလာသည့်ယဉ်မရှိ။ လူအသွားအလာနည်း၊ အန္တရာယ်ရှိ နိုင်သည်။
ပတ်ဝန်းကျင်နှင့်သဘာဝဘေးအန္တရာယ်			
၉	ရေကြီးခြင်း	နိမ့်	၂ ကြိမ်ဖြစ်ဖူးသည်။
၁၀	မိုးခေါင်ခြင်း	မြင့်	ရာသီဥတုမမှန်ခြင်း၊ မိုးရွာသွန်းမှုနည်း။ ၃ နှစ်ဆက် တိုက်မိုးခေါင်ခဲ့သည်။ မိုးအဝင်နောက်ကျပြီး အထွက် စောသည်။
၁၁	မုန်တိုင်း	နိမ့်	
၁၂	ငလျင်	နိမ့်	
၁၃	မီးဘေး	နိမ့်	
၁၄	ဆားငံရေဝင်မြေ	မရှိ	
၁၅	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်း မှု	မြင့်	တောင်ယာစိုက်ပျိုးစနစ်ကြောင့် မြေဆီလွှာခမ်း ခြောက် သစ်တောပြုန်းတီးပြီး မြေပြိုမှု ဖြစ်ပေါ်သည်။
၁၆	သစ်တောပြုန်းတီးခြင်း	မြင့်	သစ်ဝါးထုတ်လုပ်သုံးစွဲ၊ ရွှေ့ပြောင်းတောင်ယာ စိုက် ခင်းပြုလုပ်ခြင်းကြောင့် သစ်တောပြုန်း တီးမှုရှိသည်။
၁၇	အခြား		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် ဝမ်းစာမဖူလုံခြင်း၊ မိုးခေါင်ခြင်း၊ မြေဆီလွှာတိုက်စားခြင်းနှင့် သစ်တော ပြုန်းတီးခြင်းတို့သည် ထိ ခိုက်လွယ်မှု မြင့်သည်။

၂။ အများစုမှာ ရွှေပြောင်းတောင်ယာစနစ်ဖြင့် အသက်မွေးမြူကြသောကြောင့် တဖြည်းဖြည်း မြေဆီသြဇာ ခမ်း ခြောက်ခြင်း၊ သစ်တောများ ပြုန်းတီးလာခြင်းနှင့် သီးနှံအထွက်နှုန်း အလွန် နည်းသဖြင့် အများ စုမှာ ဝမ်းစာဖူ လုံမှု မရှိကြပါ။

၃။ လွိုက်ကော်နှင့် သိပ်မဝေးသော်လည်း လမ်းပန်းဆက်သွယ်မှု၊ ယဉ်အသွားအလာ နည်းသဖြင့် ရွာသူ/သားနှင့် ကျောင်းသားကလေးငယ်များ မူလတန်းပညာပြီးဆုံးပါက ဆက်လက်ပညာ သင်ကြားရန် အခက်အခဲရှိကြ သည်။

၁.၅.၄။ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	နိမ့်	ငြိမ်းချမ်းရေးရပြီးနောက်ပိုင်းမရှိပါ။
၂	အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စု	မြင့်	ဝမ်းစာအခက်အခဲရှိ။ အလုပ်အကိုင် နှင့်ဝင်ငွေအခွင့်အလမ်းနည်းပါး သည်။
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	လတ်	ရွှေ့ပြောင်းစိုက်ပျိုးနေရာတွင် စိုက် ပျိုးနိုင်ကြသည်။ သို့သော် မြေဩဇာညံ့၊ ထွက်နှုန်းညံ့ သည်။
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျ ရောက် နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါ ထူ ပြောသော ဒေသ	နိမ့်	သဘာဝဘေး ဆိုးဆိုးဝါးဝါး မဖြစ်ဖူး သေးပါ။
၅	မြစ်ကမ်းဘေးနေလူထု	မရှိ	
၆	မတော်မဆမှု ဖြစ်နိုင်ခြေများ သောနေရာ (Prone to accident)	မရှိ	
၇	ပြည်တွင်း နေရပ်စွန့်ခွါရွှေ့ ပြောင်းခံရသူများ (IDP)	မရှိ	
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မရှိ	
၉	ငါးကန်ပိုင်ရှင်	မြင့်	တခါတရံ ရေကြီးရေလျှံမှုဖြစ်တတ်။
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မြင့်	ဝင်ငွေပုံမှန်မရှိခြင်း (မိသားစုကျန်း မာ ရေး လူမှုရေး)
၁၁	လူနည်းစုလူမျိုးများ	မရှိ	လူမျိုးစုများသော်လည်းစည်းရုံးမှုရှိ ကြ သည်။
၁၂	ဒေသတွင်းပဋိပက္ခဇရိယာ	နိမ့်	တခါတရံဖြစ်တတ်။

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁၃	နယ်စပ်ဒေသ	မရှိ	
၁၄	ရွှေတွင်းလုပ်သား	မရှိ	
၁၅	ဆေးစွဲသူများ	မရှိ	
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ	မရှိ	
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မရှိ	လှည့်လည်ဈေးရောင်းသူမရှိပါ။
၁၈	ရွှေ့ပြောင်းလုပ်သားများ	လတ်	တနေရာမှတနေရာသို့ ပြောင်းရွှေ့အလုပ်လုပ် ကိုင်ရသည်။
၁၉	ကားသမား	နိမ့်	
၂၀	အခြား	မရှိ	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ လူငယ်များ၊ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ၊ မြေယာမဲ့များ၊ ဆင်းရဲသားတောင်သူများ၊ ကျပန်း များသည် ပုံမှန်အလုပ်နှင့် ပုံမှန်ဝင်ငွေမရကြသောကြောင့် ထိခိုက်လွယ်ဆုံးမိသားစု၊ အုပ်စုများ ဖြစ်သည်။

၂။ ရွှေ့ပြောင်းလုပ်သားများသည်လည်း ထိခိုက်လွယ်မှု ခံစားရခြင်း အသင့်အတင့်ရှိသည်။

၂။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

၂.၁။ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

၂.၁.၁။ ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။ ကျေးရွာ၏ လက်ရှိရင်ဆိုင်နေရသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားစီးပွားရေး လုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ပြဿနာများကို ပူးပေါင်းဖော်ထုတ်ပြီး၊ ကျေးရွာတွင်ရှိသော အရင်းအမြစ်များ၊ အခွင့်အလမ်းများကို ဖော်ထုတ်ကာ အကျိုးရှိစွာအသုံးချပြီး၊ သက်ဆိုင်ရာဌာနများနှင့်အစီ အစဉ်ကျသောမူဝါဒချိတ်ဆက်မှုများ လုပ်ဆောင်သွားနိုင်ပါမည်။

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ ကျား	မ	ပေါင်း	လုပ်ငန်း တာဝန်	ဦးဆောင် ဖွဲ့စည်းသူ များ (၄/၅)	စွမ်းဆောင် နိုင်မှု(၆/၇/ ၈)
၁	ကျောင်းကော်မ တီ	၃	၇	၀	၇	ပညာရေး	၄	၆
၂	ဖွံ့ဖြိုးရေး ကော်မတီ	၁	၁၅	၀	၁၅	ကျေးရွာ ဖွံ့ဖြိုးရေး	၄	၆
၃	လူငယ်အဖွဲ့	၂	၂၅	၃၈	၆၃	လူမှုရေး၊ ဘာသာရေး၊ ဖွံ့ဖြိုးရေး	၄	၇
၄	ဂေါပကအဖွဲ့	၃	၅	၀	၅	ဘာသာရေး	၄	၆
၅	ဘဝပန်းတိုင် ငွေစု ငွေ ချေး အဖွဲ့	၁	၀	၂၂	၂၂	ငွေစုငွေချေး၊ စီးပွါးရေး	၅	၇
၆	အောင်ပန်းတိုင် ငွေစုငွေချေးအ ဖွဲ့	၁	၀	၁၆	၁၆	ငွေစုငွေချေး၊ စီးပွါးရေး	၅	၇
၇	ကြယ်စင် လင်း လက်ငွေစု ငွေ ချေး အဖွဲ့	၁	၀	၁၄	၁၄	ငွေစုငွေချေး၊ စီးပွါးရေး	၅	၇
၈	ဓမ္မစကြာအဖွဲ့	၃	၀	၃၆	၃၆	ဘာသာရေး	၄	၇

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်းရှိ အဖွဲ့များ

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာမှာ ငယ်သော်လည်း အဖွဲ့အစည်းပေါင်း ၈ ဖွဲ့ရှိသည်။

၂။ ၎င်းအဖွဲ့ ၈ ဖွဲ့အနက် ၅ ဖွဲ့သည် ကျေးရွာသားများကိုယ်တိုင် မိမိတို့ကျေးရွာ၏ လိုအပ်ချက်အရ ဖွဲ့စည်း ထား သော အဖွဲ့များဖြစ်သဖြင့် ပြင်ပမှလာရောက်ဖွဲ့ပေးသော အဖွဲ့များထက်ပိုမိုတောင့်တင်းပြီး လုပ်ငန်း လည်ပတ်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ဦးဆောင်မှု၊ စည်းရုံးမှု၊ အဖွဲ့ဝင်များ၏ ပူးပေါင်းပါဝင်မှု၊ ရေရှည်တည်တံ့မှု ပိုမို ကောင်းမွန်သည်။

၃။ ကျေးရွာတွင် ငွေစုငွေချေး (၃) ဖွဲ့ရှိပြီး ကိန္နရာအဖွဲ့မှ ဦးဆောင် ဖွဲ့ပေးပြီး ယခုတိုင် ငွေစုငွေချေး လုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိသည်။ အမျိုးသမီး စိတ်တူကိုယ်တူအဖွဲ့များမှာ ကဲမြန်မာဖွံ့ဖြိုးမှု အစီအစဉ်ဖြင့် ဖွဲ့စည်းပေးသော်လည်း ရပ်ရွာလူထု၏ သဘောတူညီမှု ဖြင့်ဖွဲ့ထား ခြင်းဖြစ်သည်။

၂.၁.၂။ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်အစီအစဉ်
၁	လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးမှု ဘဏ်	အစိုးရ	လယ်ရှိသူ တောင်သူများအား စိုက်ပျိုးရေး စရိတ် ထုတ်ချေးသည်။
၂	သမဝါယမအဖွဲ့	အစိုးရ	လယ်ရှိသူ တောင်သူများအားစိုက်ပျိုးရေးစ ရိတ် ထုတ်ချေးသည်။
၃	ကဲ မြန်မာ	၂	စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငွေစုငွေချေး၊ ကျန်း မာရေး
၄	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန	အစိုးရ	မြစိမ်းရောင်စီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုး ရေး
၅	ကိန္နရာအဖွဲ့	၂	စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငွေစုငွေချေး၊ ကျန်း မာရေး
၆	မာလင်အဖွဲ့	၂	စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငွေစုငွေချေး၊ ကျန်း မာရေး

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်းမှရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

ကျေးရွာနှင့် အဆက်အသွယ် ပြုနေသော ပြင်ပ အဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။

၁။ ကျေးရွာသူ/သားများသည် အစိုးရဌာနအချို့နှင့် အစိုးရမဟုတ်သောဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက် ဆောင် ရွက်မှု ရှိသည်။

၂။ ကျေးရွာချေးငွေအတွက် အစိုးရ စိုက်ပျိုးရေး ဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမနှင့် ကဲမြန်မာ၊ ကိန္နရာအဖွဲ့တို့ဖြင့် ဆက်သွယ် ဆောင်ရွက်မှုရှိသည်။

၃။ စိုက်ဘဏ်မှတောင်သူ များကို ၁ ဧကလျှင် ၁သိန်းထုတ်ချေးပြီး၊ အတိုးနှုန်းမှာ (၄၁)ပြား တိုးဖြစ်ပြီး ၆လ(သို့) ၈လကြာလျှင်ပြန်ဆပ်ရသည်။

၄။ မြစိမ်းရောင်စီမံကိန်းမှာ ကျေးရွာတွင် ဝင်ရောက်ပြီးသော်လည်း အရင်းမပျောက်မတည်ငွေ လည်ပတ်ခြင်း၊ ချေးငှါးခြင်းမစတင်ရသေးပါ။

၅။ ကျန်းမာရေးအတွက် မာလင်အဖွဲ့နှင့်ဆက်သွယ် ဆောင်ရွက်လျက်ရှိသည်။

၂.၂။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

၂.၂.၁။ သီးနှံထုတ်လုပ်ရေး

၂.၂.၁.၁။ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စုအရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၆	၆.၈%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ဟတ်တာထိ)	၀	၀	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ(၂ ဟတ်တာထိ)	၃၂	၃၆.၄%	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၄၁	၄၆.၆%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	၉	၁၀.၂%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း	**၈၈**	**၁၀၀ %**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ဥစ္စာအဆင့် ၃ နှင့် ၄ တွင်ရှိသော မိသားစုများမှာမြေယာမဲ့နှင့် ၅ ဧကအောက်တောင်သူငယ်များဖြစ်ပြီး ၃၈ ဦး (၄၃.၂%) ခန့်ရှိသည်။ ၎င်းတို့မှာ လယ်ယာလုပ်ငန်းခွင်တွင်၄င်း၊ လက်သမားပန်းရံ ကျဗန်းနေ့စားအဖြစ် လုပ်ကိုင် စားသောက်ကြသည်။

၂။ ၅၀ အိမ်ထောင်စုသာလျှင် လယ်နှင့်ယာကို ၅ ဧကအထက်ပိုင်ဆိုင်လုပ်ကိုင်ကြ ပြီး ၆ လအထက် ဝမ်းစာဖူ လုံကြ သည်။

၃။ ပြေလည်နှင့် အလယ်အလတ်အဆင့်ရှိသူများသာ လယ်မြေနှင့် စိုက်ပျိုးရေးသုံး စက်ကရိယာများကို ပိုင်ဆိုင် ပြီး ဝမ်းစာဖူလုံမှုရှိသည်။

၄။ စိုက်ပျိုးမြေ မြေယာပိုင်ဆိုင်မှုများတွင် လယ်၊ ယာနှင့် အိမ်ခြံကို ပေါင်းထားခြင်း ဖြစ်ပါသည်။ အများစုမှာ စိုက် ပျိုးမြေပိုင်ဆိုင်ကြသော်လည်း ရွှေ့ပြောင်းတောင်ယာသာ လုပ်ကိုင်စားသောက်ကြရသဖြင့် ဝမ်းစာဖူလုံမှု မရှိကြပါ။

၂.၂.၁.၂။ အစိုးရ နှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့်ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု(တနှစ်ပတ်လုံး/ရာသီအလိုက်)
၁	ဆည်	ရှိ	၇၇.၂	**တနှစ်ပတ်လုံး**

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ဆည်မြောင်းရှိသော်လည်း ပျက်စီးယိုယွင်းနေသောကြောင့် လက်ရှိ လယ် (၇၇.၂) ဧကမှာ စိုက်ပျိုးရေး လုံလောက်မှုမရှိပါ။ ၎င်းအပြင် သောက်သုံးရေလည်း အခက်အခဲနှင့် ကြုံတွေ့နေရပါသည်။

၂။ ယာသီးနှံများတွင် မိုးရေကိုသာ အားကိုး စိုက်ပျိုးကြရသည်။

၂.၂.၁.၃။ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု		ပျမ်းမျှ	သီးနှံစိုက်ပျိုးသည့် ကာလ	သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး					
စပါး	၇၇.၂	တင်း	၂၀	၃၀	၂၅	ဇူလိုင်လမှ အောက်တိုဘာလအထိ (၄) လ	လတ်	နိမ့်	

သီးနှံ	ကော	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့် ကာလ	သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
ပြောင်းဖူး	၅၂၀	တင်း	၃၀	၅၀	၄၀	မေလမှ စက်တင်္ဘာလအထိ (၅) လ	လတ်	လတ်	
ပဲစဉ်းငုံ	၅၂၀	တင်း	၁၀	၁၅	၁၂.၅	မေလမှ စက်တင်္ဘာလအထိ (၅) လ	လတ်	လတ်	
မြေပဲ	၃၀	တင်း	၃၀	၅၀	၄၀	မေလမှ စက်တင်္ဘာလအထိ (၅) လ	လတ်	လတ်	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ အဓိကသီးနှံအနေဖြင့် ပြောင်းဖူးကို စိုက်ပျိုးကြသော်လည်း စပါးကို မိသားစုစားသုံးရန် အတွက် စိုက်ပျိုး ကြသည်။

၂။ ပဲစဉ်းငုံကိုလည်း သီးခြားစိုက်ပျိုးလေ့ မရှိဘဲ ပြောင်းဖူးနှင့် သီးရောစိုက်ပျိုးလေ့ရှိ ကြသည်။

၃။ စပါးအထွက်နှုံးအလွန်နည်းနေရခြင်းမှာ ဒေသစပါးမျိုးကိုသာအသုံးပြုခြင်း၊ ခါတုခါတ်မြေဩဇာနှင့် ပိုးသတ် ဆေးများကိုလည်း အသုံးမပြုကြပါ။ ပျိုးသက်ကိုလည်း ပျိုးသက်ကြီးချိန် ၄၅ ရက်သားမှသာ ရွှေ့ပြောင်းစိုက်ပျိုးကြခြင်း၊ စိုက်ပျိုးရေလုံလောက်မှု မရှိခြင်းကြောင့်ဖြစ်သည်။

၂.၂.၁.၄။ လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	အိမ်ထောင်စုအရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
ထွန်စက်			
ရိတ်သိမ်းစက်			
လက်တွန်းထွန်စက်	၁၉		
ခွေလှေ့စက်	၃		ပြောင်းဖူးခွေလှေ့စက်ဖြစ်သည်။
ရေစုပ်စက်			
ခြေနင်းရေတင်စက်			

စက်အမျိုးအစား	အိမ်ထောင်စုအရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
မျိုးစေ့ချစက် မြက်ရိတ်စက်			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ စိုက်ပျိုးမြေ စုစုပေါင်း ၅၉၇.၂ (လယ် ၇၇.၂ + ရွှေပြောင်းတောင်ယာ ၅၂၀) ဧက ဖြစ်သော်လည်း လက်တွန်း ထွန်စက် ၁၉ စင်းသာ ရှိသဖြင့် လယ်ယာသုံးစက်ကရိယာ လုံလောက်မှု မရှိပါ။

၂။ နွားကိုအဓိကအသုံးပြုကြပြီးထွန်စက်များကိုတွဲဖက်သုံးကြသည်။ နွားတရှည်း ထွန်တစပ်ငှားခမှာ ၅၀၀၀ ကျပ် ၊ နှင့် လက်တွန်းထွန်စက် ငှါးရမ်းသုံး စွဲခ ၁၂၀၀၀ ကျပ်ဖြစ်သည်။

၃။ လယ်ယာသုံးစက်ကိရိယာ မလုံလောက်ခြင်းနှင့် ငှါးရမ်းခ ကြီးမြင့်မှုကြောင့် တောင်သူငယ်များသည် အချိန်မီ မစိုက်ပျိုးနိုင်ခြင်းတို့ကြောင့် သီးနှံအထွက်နှုံး လျော့နည်းကြသည်။

၂.၂.၁.၅။ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊ သြဇာ)	ရှိ	စိုက်ပျိုးမြေ အလုံအလောက်ရှိသည်။ မြေဆီသြဇာ အသင့်အတင့် ကောင်းမွန်သည်။ လက်ရှိဆည်မြောင်းကို ပြုပြင်နိုင်ပါက ရေမလုံလောက်မှုကြောင့် စွန့်ပစ်ထားသော လယ်များလည်း စိုက်ပျိုးလာနိုင်မည်။ ဆည်မြောင်း အသစ်ဆောက်လုပ်နိုင်ပါကလည်း လယ်ရိုင်းဖေါ်ရန် အလားအလာများ ရှိပါသည်။
ရေအရင်းအမြစ်	ရှိ	ဘီလူချောင်းဆည်မှ ရေအလုံလောက်ကို တနှစ် ပါတ်လုံး ရရှိနိုင်သည်။ ၎င်းအပြင် ကုလားမတောင် ခြေတွင် ရေတမံဆောက်နိုင်ရန် စမ်းရေထွက်ရှိပြီး ၎င်းနှင့်အနီးတဝိုက် လယ်ရိုင်းဖေါ်ရန်သင့်တော်သောမြေအနေအထား ရှိသည်။
သဘာဝမြေဆွေး၊ သြဂဲနစ်	ရှိ	သဘာဝ နွားချေးကိုသာ အသုံးပြုကြသည်။
သြဂဲနစ်ပိုးသတ်ဆေး	မရှိ	သြဂဲနစ်ပိုးသတ်ဆေးသုံးသည့် အလေ့အထမ ရှိသော်လည်းစာခြောက်ရုပ်ကဲ့သို့ ကာကွယ်နည်းများကိုသာ အသုံးပြု ကြသည်။
ချေးငွေရရှိမှု	ရှိ	စိုက်ဘဏ်နှင့် သမဝါ ယမမှ ချေးငွေရရှိသည်။
သွင်းအားစုဈေးကွက်	ရှိ	လွိုင်ကော်မှ အလွယ်တကူ ဝယ်ယူရရှိနိုင်သည်။
ဝန်ဆောင်မှုဈေးကွက်	ရှိ	ကဲမြန်မာ၊ မြန်မာ့စိုက်ပျိုးရေး ဦးစီးဌါန၊
ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု	ရှိ	ပွဲစားမှတဆင့်ရွာသို့ တိုက်ရိုက်ဝယ်ယူခြင်း၊ လွိုင်ကော်သို့ သွားရောက် ရောင်း ချခြင်း။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ဘီလူးချောင်းရေမှာ တနှစ်ပါတ်လုံးရရှိနိုင်သော်လည်း ဆည်မြောင်းမကောင်းသဖြင့် စိုက်ပျိုးရေနှင့် သောက်ရေကို အလုံအလောက် မရနိုင်ကြပါ။ ရွာသူ/သားကိုယ်တိုင် နှစ်စဉ်ပြုပြင်သော်လည်း အရင်းအနှီး မလုံလောက်သောကြောင့် ကောင်းအောင်မပြုပြင်နိုင်ကြပါ။ အကယ်၍ ဆည်မြောင်းပြုပြင်နိုင်ပါက စွန့်ပစ်လယ်များလည်း ပြန်လည်စိုက်ပျိုးလာနိုင်မည်။ ဆည်မြောင်းအသစ် တည်ဆောက်ပေးနိုင်ပါကလည်း လယ်ရိုင်းဖေါ်ထုတ်ရန် အလားအလာ ကောင်းများရှိပါသည်။

၂။ မြေဆီလွှာပြုပြင် ထိန်းသိမ်းနည်း၊ သဘာဝမြေဩဇာနှင့် ပိုးသတ်ဆေးသုံးဆွဲနည်းများကို ကုမ္ပဏီများမှ ဟော ပြောပွဲများ လာရောက်ပို့ချပေးသော်လည်း စိုက်ပျိုးရေးကိုစနစ်တကျ သင်ကြားပေးမှုမရှိ။

၂.၂.၁.၆။ သီးနှံထုတ်လုပ်မှု အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေယာအသုံးချနိုင်မှု	ရှိ	ရွှေပြောင်းတောင်ယာစနစ် စိုက်ပျိုးမှုနှင့် ပြောင်းဖူးကို တသီးတည်း စိုက်ပျိုးခြင်းကြောင့် တဖြေးဖြေး မြေဆီဩဇာ ခမ်းခြောက်မှုရှိသည်။
ငွေကြေးအရင်းအနှီး လက်လှမ်းမှီမှု	ရှိ	ချေးငွေကို လိုသလောက်၊ အချိန်မီ မရကြ ပါ ။
သွင်းအားစုတတ်နိုင်မှု	ရှိ	သဘာဝမြေဩဇာ လုံလောက်မှု မရှိပါ။
ကျွမ်းကျင်လုပ်သားရှားပါးမှု	ရှိ	စိုက်ပျိုးရေးနည်းပညာ နည်းပါးသည်။
ဆည်မြောင်းရေရရှိမှု	ရှိ	ဆည်မြောင်း ပျက်စီးနေသည်။
မိုးရေမလုံလောက်မှု	ရှိ	မိုးခေါင်သည်။
စိုက်ပျိုးရေသွင်းအားစုများ အချိန်မှီအသုံးပြုနိုင်မှု	မရှိ	ချေးငွေကိုအချိန်မီမရသောကြောင့် သွင်းအားစုများကို အချိန်မီသုံးစွဲနိုင်ခြင်း မရှိပါ။
ဖျက်ပိုးနှင့်ရောဂါ	ရှိ	ကျရောက်သော်လည်း ပြင်းထန်ဆိုးရွားမှု မရှိပါ။
နည်းပညာအကူအညီနှင့် နည်းလမ်းများ	ရှိ	နည်းပညာလုံလောက်မှု မရှိသေးပါ။
ဈေးကွက်လက်လှမ်းမှီမှု	မရှိ။	ဈေးနှိမ်ဝယ်ယူခြင်းကို ခံရသည်။
အစိုးရမူဝါဒနှင့် အစီအစဉ်	ရှိ	ဒေသတွင်းပြောင်းဖူးဈေးကိုထိန်းချုပ်ပေးနိုင်ခြင်းမရှိသောကြောင့်ဈေးနှိမ် ခြင်းကို ခံကြရသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ယခုလက်ရှိ စပါးစိုက်ပျိုးရာတွင် အထွက်နှုံးနည်းသော ဒေသမျိုးများကိုသာ စိုက်ပျိုးနေခြင်း၊ ပျိုးသက်ကြီး လွန်ခြင်း၊ စိုက်ပျိုးရေ လုံလောက်စွာ မရရှိနိုင်ခြင်း၊ လိုအပ်သော သွင်းအားစုများ

အသုံးပြုရန် လိုအပ်သော ချေး ငွေကို အချိန်မီ လိုသလောက်မရရှိနိုင်ခြင်း၊ စိုက်ဘဏ်မှ ချေးငွေမှာလည် အချိန်မီမရနိုင်သောကြောင့် တောင် သူများမှာ လိုအပ်သောချေးငွေကို ပြင်ပမှ အတိုးနှုန်းကြီးစွာဖြင့် ငွေချေးရခြင်းတို့ကြောင့် တဧက စပါးအထွက်နှုံး လျော့နည်း လျက်ရှိသည်။

၂။ စိုက်ဘဏ်နှင့် သမဝါယမမှ ချေးငွေအချိန်မီနှင့် အလုံအလောက်မရနိုင်သောကြောင့် တောင်သူများမှာ စိုက်ချိန်မီရန်ပြင်ပ(သို့မဟုတ်) ပွဲရုံမှ အတိုးနှုန်းမြင့်စွာဖြင့် ငွေချေးရသည်။ စိုက်ဘဏ် နှင့် သမဝါယမမှ ချေးငွေရပြီး ပါကပြင်ပ ချေးငွေကို ပြန်ဆပ်ရသည်။

၃။ ပြန်ဆပ်ချိန်ကိုလည်း ဖလ (ဧန္နဝါရီလ) တွင်မဖြစ်မနေပြန်ဆပ်ကြရသဖြင့် ၎င်းအချိန်သည် သီးနှံပေါ်စ အချိန် ဖြစ်သောကြောင့် တောင်သူများ သီးနှံဈေးကောင်းမစောင့်နိုင်ဘဲ သီးနှံကို အမြန်ဆုံးရောင်းချပြီး ပြန်ဆပ် ကြရသည်။

၄။ အကယ်၍ စိုက်ပျိုးသီးနှံ အောင်မြင်မှု မရှိပါကလည်း စိုက်ဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေကို မဖြစ်မနေ သတ်မှတ်ကာလတွင် ပြန်ဆပ်နိုင်ရန် ပွဲရုံများမှ ဆောင်းသီးနှံကို အပေါင် သဘော ထားကာ ၅% မှ ၇% အတိုးဖြင့် ယူ၍ စိုက်ဘဏ်ချေးငွေကို ပြန်ဆပ်ကြရသည်။

၅။ ဖျက်ပိုးရောဂါများ ကျရောက်သော်လည်း ပြင်းထန်ဆိုးရွားမှု မရှိပါ။ ဆေးဆိုင်နှင့် ကုမ္ပဏီများမှ ညွှန်းပေး သော် လည်း နည်းပညာလုံလောက်မှု မရှိသေးပါ။

၂.၂.၂။ မွေးမြူရေး လုပ်ငန်း

၂.၂.၂.၁။ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	**အိမ်ထောင်စု**	**မှတ်ချက်/အခြေအနေ**
မွေးမြူရေး		
နွားမြင်းကျွဲ	၄၀	၈၀ ကောင်။
ဝက်	၄၄	၆၂ ကောင်။
ကြက်	၈၃	၉၉၀ ကောင်။ အိမ်တိုင်နီးပါး ဒေသကြက်ကို မွေးမြူ ကြသည်။
ဘဲ		
ငါးလုပ်ငန်း		
ငါးကန်	၃	ငါးများအသေအပျောက်ရှိသည်။ အကြောင်းရင်းကို မသိကြပါ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ မွေးမြူရေးကို စီးပွါးဖြစ်မွေးမြူလေ့ မရှိကြပါ။ အကြောင်းမှာ ဈေးကွက်အတွက် လွတ်လပ်စွာ ရောင်းချခွင့် လိုင်စင်မရှိခြင်း၊ လိုင်စင်ရရန်ခက်ခဲခြင်းနှင့် လိုင်စင်ရှိသူများ၏ ခေါင်းပုံဖြတ်ခံရခြင်း၊ နှစ်စဉ်ကျရောက်သော ရောဂါများကို ကာကွယ်နိုင်ခြင်းမရှိ၊

၂။ အစိုးရဌာနနှင့် အဖွဲ့အစည်းများ၏ နည်းပညာဝန်ဆောင်မှု လက်လှမ်းမမီနိုင်သဖြင့် မွေးမြူရေး တောင်သူ များ အမြတ်အစွန်း နည်းသောကြောင့် ဖြစ်သည်။ လက်ရှိ ခိုင်းနွားမှာလည်း လုံလောက်မှု မရှိကြပါ။

၂.၂.၂.၂။ မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
စားကျက်မြေ	အလုံအလောက်ရှိသည်။
ရေရရှိမှု	အလုံအလောက်ရှိသည်။
တိရစ္ဆာန်မျိုး	နွား၊ ဝက်နှင့် ဒေသကြက်ကို အဓိက မွေးမြူကြသည်။ ငါးမျိုးကို မာလင်မှ ကူညီခဲ့သည်။
ချေးငွေ	မွေးမြူရေးအတွက် ချေးငွေမရှိပါ။
သွင်းအားစုစျေးကွက်	တိရိစ္ဆာန်မွေးမြူရေးအတွက် လိုအပ်သော ဆေးဝါးကို လွှင်ကော်မှ ဝယ်ယူနိုင်သည်။
ဝန်ဆောင်မှုစျေးကွက်	ကျေးရွာတွင် တိရိစ္ဆာန် ဆေးကုနိုင်သူတဦးရှိပြီး လိုအပ်ပါက အစိုးရ တိကုရုံးသို့ ဆက် သွယ်နိုင်သည်။
ထုတ်ကုန်ရောင်းဝယ်မှု	စျေးကွက်ကောင်းပြီး၊ စျေးကွက်အလုံအလောက်ရှိသော်လည်း သားသတ်လိုင်စင် မရှိ သောကြောင့် လွတ်လပ်စွာ ရောင်းဝယ်ခွင့် မရ။ လိုင်စင်ရှိ သူမှ စျေးနှိမ် ဝယ်ယူ၊ ခေါင်း ပုံဖြတ်ခြင်းကို ခံရသည်။
အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု	အလုံအလောက်ရှိသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ကျေးရွာနှင့်လယ်ပတ်ဝန်းကျင်တွင်လွတ်ကျောင်းနိုင်ပြီး လယ်စပါးမှ ရရှိသော ကောက်ရိုးများနှင့် အစာစိမ်း များပေါများသည်။ တစ်ပိုင်တစ်နိုင် မွေးမြူရန်အိမ်ခြံဝင်းရှိသည်။ စားကျက်မြေသီးသန့် မရှိသော်လည်း လွတ် ကျောင်းရန်နေရာများရှိပါသည်။ ကောက်ရိုးများလည်း အလွန်ပေါပါသည်။

၂။ ကျေးရွာတွင် လျပ်စစ်မီး ရရှိပြီးဖြစ်သောကြောင့် ဥစားကြက်၊ ငုံးနှင့် ငါး စသည်တို့ မွေးမြူ ရန် အခြေအနေ ကောင်းရှိသည်။

၃။ ၎င်းအပြင် စိုက်ပျိုးရေးတွင် ပိုးသတ်ဆေး သုံးစွဲမှုနည်းသောဒေသ ဖြစ်ခြင်း၊ ရာသီအလိုက် ပန်းမျိုးစုံ ရှိခြင်း တို့ကြောင့် ပျားမွေးမြူရေးအတွက် သင့်တော်သကဲ့သို့ ရွာသူ/ သားများမှ လည်း စိတ်ဝင်စားကြသည်။

၄။ မွေးမြူရေးသီးသန့် ချေးငွေမရှိသောကြောင့် အရင်းအနှီး လုံလောက်မှုမရှိ။

၂.၂.၂.၃။ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေလက်လှမ်းမှီမှု	မွေးမြူရေးအတွက်ချေးငွေ လက်လှမ်းမီနိုင်ခြင်းမရှိပါ။
ကူးစက်ရောဂါဖြစ်ပွားမှု	နှစ်စဉ် ရာသီအလိုက်ဆိုးဝါးစွာ ကျရောက်သောရောဂါများကြောင့် များစွာ ဆုံးရှုံးမှု ရှိသည်။
သွင်းအားစုဈေးကွက်	လွှိုင်ကော် သို့သွားရောက်ဝယ်ယူရသည်။ ကျေးရွာတွင် အလွယ် တကူ မရနိုင်ပါ။
ဝန်ဆောင်မှုဈေးကွက်	ကျေးရွာတွင် ကျွမ်းကျင်သူ တဦးရှိသော်လည်း ဆေးဝါးနှင့် ပစ္စည်း ကရိယာ လုံလောက်မှု မရှိပါ။
ထုတ်ကုန်ရောင်းဝယ်မှုဈေးကွက်	အလုံအလောက်ရှိသော်လည်း လိုင်စင်မရှိသောကြောင့် ရောင်းခွင့်မရှိကြပါ။
မွေးမြူရေးနှင့် ကုသရေးဆိုင်ရာဗဟုသုတ	ကြိုတင်ကာကွယ်လေ့မရှိ။ ရောဂါကျရောက်ပြီးမှသာ ကုသလေ့ရှိသည်။
စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်လက်လှမ်းမှီမှု	လိုင်စင်မရှိကြပါ။
မျိုးကောင်းမျိုးသန့်	မျိုးကောင်းမျိုးသန့်ရရှိရန် အလှမ်းဝေးခြင်း၊ ဒေသမျိုးများကိုသာ မွေးမြူကြခြင်း၊ မွေးမြူရေးအသိ ပညာဗဟုသုတ အားနည်းခြင်း၊
ငါးဖမ်းခွင့် လက်လှမ်းမှီမှု	
ငါးဖမ်းခွင့် ကုန်ကျစရိတ်မြင့်မားမှု	
အရင်းအနှီးလက်လှမ်းမှီမှု အခြား	ငွေချေးစနစ်လုံးဝမရှိပါ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ(၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ မွေးမြူကုသရေးဆိုင်ရာသင်တန်းနှင့် ကာကွယ်ကုသရေးထိရောက်စွာ ဝန်ဆောင်မှုမရှိ။

၂။ တိရိစ္ဆာန်များကြိုတင်ကာကွယ်စောင့်ရှောက်မှုမရှိပါ။
စနစ်တကျမွေးမြူနည်းစနစ်လိုအပ်ပါသည်။ ဗဟုသု တ အသိပညာအတွေ့အကြုံမရှိပါ။

၃။ ဆေးထိုးရန်အတွက် မြို့နှင့်အခြားပြင်ပရွာသို့သွားခေါ်ရသည်။ ကျေးရွာတွင် ကျွမ်းကျင်သူ မရှိ။ အချိန်မမှီပါက သေဆုံး/ ဆုံးရှုံးမှုများ နှစ်စဉ်ဖြစ်လေ့ရှိ ပါသည်။ ဆေးကုသစရိတ်လည်းမြင့်သည်။

၄။ မိမိခြံထွက် တိရစ္ဆာန်များအား လွတ်လပ်စွာ ရောင်းဝယ်ခွင့်မရှိ။ သားသတ်လိုင်စင်ရရန် ခက်ခဲသည်။ လိုင်စင်ရှိ သူ၏ ခေါင်းပုံဖြတ်မှု ခံကြရသည်။

၂.၂.၃။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေး လုပ်ငန်းကဏ္ဍ

၂.၂.၃.၁။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်းနှင့်ဝန်ဆောင်မှု)	လုပ်ငန်း အရေအ တွက်	ဝန်ထမ်း /အလုပ်သ မား အ ရေ အတွက်	မိသားစု ဝင် လုပ် အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်း ဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ် ခြင်း			၈၈	၈၈ အိမ်ထောင်စု အားလုံး မှာ သစ်တောထွက် ပစ္စည်း များကို မှီခိုအား ထားနေ ကြရသည်။ အဓိက အ သက်မွေးလုပ်ငန်းမှာစိုက် ပျိုးရေး ဖြစ်သည်။
၂	ထုတ်ကုန်လုပ်ငန်း	၆			ဆန်စက် အသေး ၆ ခုရှိ သည်။
၃	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေး ဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သ မား၊ ပန်းရံ လုပ်ငန်း	၄			တစ်ဦးမှာ ပန်းရံဖြစ်ပြီး ၃ ဦးမှာ လက်သမား လုပ် ငန်း ဖြစ်သည်။ အဓိက လုပ်ငန်းမှာ စိုက်ပျိုးရေး ဖြစ်သည်။
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ် သုံးပစ္စည်းများ ပြင်ဆင် ရေး				
၆	ကျွမ်းကျင် ပညာရှင်များ (ဆံပင်၊အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ)				
၇	လက်လီ-လက်ကားရောင်း ဝယ်ရေး	၅			အိမ်ဈေးဆိုင် ၅ ဆိုင်ရှိ သည်။ စိုက် ပျိုးရေးနှင့် တွဲဖက်လုပ်ကိုင်သည်။
၈	ဟိုတယ်နှင့် စားသောက် ဆိုင် လုပ် ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင် ရေး နှင့် ဆက်သွယ်ရေး	၁၀			ထော်လာဂျီ ၆ စီးနှင့် ထရပ်ကား ၄ စီးရှိသည်။
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေး				

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့်ဝန်ဆောင်မှု)	လုပ်ငန်းအရေအတွက်	ဝန်ထမ်း/အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
	ခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှား ရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်း များ				
၁၂	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ် ရေး နှင့် ဘေးကင်းလုံခြုံရေး)				
၁၃	ပညာရေး				
၁၄	ကျန်းမာရေး				
၁၅	လူမှုရေး လုပ်ငန်းများ				
၁၆	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါ လုပ်ငန်းများမှအပ)		၆		ကြုံရာကျပန်းလုပ်ကိုင်ကြသည်။ မြေယာမရှိ။ အငှားလိုက်သည်။
၁၇	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီ များတွင် လုပ်ကိုင်သူ များ				
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ	၂၅	၆	၈၈	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ကျေးရွာတွင် လုပ်ငန်းအရေအတွက်ပေါင်း ၂၅ ခု (ထုတ်ကုန်လုပ်ငန်း ၆ ခု၊ ပန်းရံလက်သမား ၄၊ အိမ်စျေး ဆိုင် ၅၊ သယ်ယူပို့ဆောင်ရေး ၁၀ အလုပ်သမားအရေအတွက် ကျပန်း ၆ ဦးနှင့် မိသားစုဝင် လုပ်အား သစ်တောထွက် ပစ္စည်းများကို မှီခို အားထားနေသူ ၈၈ ရှိသည်။

၂.၂.၃.၂။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

အခွင့်အလမ်းများ	ပြဿနာနှင့်အခက်အခဲများ
ပန်းရံ၊ လက်သမား ကျွမ်းကျင်လုပ်သားရှိသည်။	အရင်းအနှီးမရှိ။ အဆက်အသွယ်မရှိ။ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသည်။
လျပ်စစ်မီးရှိသည်။	အသက်မွေးလုပ်ငန်းများ ကျွမ်းကျင်မှုမရှိကြပါ။
စိုက်ပျိုးရေးထုတ်ကုန်နှင့် ဈေးကွက်ရှိသည်။	ပုံမှန်သွားလာသည့် သယ်ယူပို့ဆောင်ရေးယဉ် မရှိ။
အလုပ်လုပ်နိုင်သော လူရွယ်များစွာ ရှိသည်။	အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသည်။ အဆက်အသွယ်မရှိ။ အသက်မွေးပညာကျွမ်းကျင်မှုအားနည်းသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ကျပန်းမြေယာမဲ့များအတွက် ချေးငွေလက်လှမ်းမမီနိုင်ခြင်း။ အရင်းအနှီးမရှိခြင်း။

၂။ အသက်မွေးဝမ်း အတတ်ပညာကျွမ်းကျင်မှု နည်းခြင်း။

၃။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ပုံမှန်အလုပ်အကိုင်မရှိခြင်း၊ အချိတ်အဆက်၊ အဆက်အသွယ် နည်း ပါးခြင်း။

၄။ ဆက်သွယ်ရေးအားနည်းခြင်းနှင့် သတင်းအချက်အလက် လက်လှမ်းမမီနိုင်ခြင်း။

၅။ အသက်မွေးဝမ်းကျောင်းပညာရပ်များတတ်မြောက်ပါက ကျေးရွာတွင် ဝင်ငွေတိုးလုပ်ငန်းများလုပ်ကိုင်ရန် အခွင့် အလမ်းများလာမည်ဖြစ်ပြီး လျှပ်စစ်မီးလည်းလက်လှမ်းမီသဖြင့် အိမ်တွင်းမှုလုပ်ငန်းများ တိုးတက်လာ နိုင်မည်ဖြစ် သည်။

၂.၃။ ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၃) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမှီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေး(ကီလိုမီတာ)	လွိုင်ကော်ဈေး (၇.၅) မိုင်	
သယ်ယူ ပို့ဆောင်ရေးလမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ	ကျောက်ချောလမ်း၊ သုံးဘီးဆိုင်ကယ်၊ ထော်လာကျီ၊ ဆိုင်ကယ်။ ပုံမှန်သွားလာသည့် သယ်ယူပို့ဆောင်ရေးယဉ်မရှိ။ သယ်ယူစရိတ်ကုန်ကျမှု များသည်။	
ကုန်စည်အမျိုးအစား နှင့်ဝန်ဆောင်ပေးနိုင်မှု	ပြောင်းဖူး၊ စပါး၊ ပဲစဉ်းငုံ နှင့် ကုန်မျိုးစုံ။	
ဈေးအခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှု	လုံလောက်မှုရှိသည်။	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ စပါး၊ ပြောင်းဖူးနှင့် ပဲမျိုးစုံကို ပွဲစား၊ ကုန်သည်များမှ ကျေးရွာသို့လာရောက် ဝယ်ယူကြသည်။ ဈေး ကောင်းရ ရန် လွိုက်ကော်မြို့သို့လည်းသွားရောက် ရောင်းချကြသည်။

၂.၄။ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင်သည့်နေရာ	ငွေကြေးဝန်ဆောင်မှုအမျိုးအစား	ပြန်လည်ပေးဆပ်ရမည့်ကာလ	အတိုးနှုန်း	အပေါင်ခံပစ္စည်းလိုအပ်မှု	ချေးငွေရရန်အခက်အခဲများ
အစိုးရဘဏ် (မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)	စိုက်ဘဏ်	(၆)လ။ ဇန္နဝါရီလ	၀.၄၅%	လယ်မြေ	လယ်ရှိတောင်သူ (၇) ဦးသာ ချေးယူနိုင်သည်။အချိန်မီချေးငွေမရ၊လိုအပ်သည့် အချိန် ငွေချေးနိုင်ခြင်း မရှိ။
ပုဂ္ဂလိကဘဏ်	သမဝါ ယမဘဏ်	(၆)လ။ ဇန္နဝါရီလ	၁.၅%	လယ်၊ ယာ	အဖွဲ့ဝင် (၁၀) ဦး သာ ငွေချေးခွင့် ရှိ သည်။
ပုဂ္ဂလိကအသေးစားချေးငွေဝန် ဆောင်မှုကဏ္ဍ	–	–	–	–	–
အဖွဲ့အလိုက်ငွေစု/ငွေချေး အစီအစဉ်	ကျေးရွာငွေစုငွေ ချေးအဖွဲ့ (၃) ဖွဲ့ရှိ။	၆ လ။	၅%	မလို။	ချေးငွေလုံလောက် မှုမရှိသေး။
ငွေချေးပေးသူ	ချမ်းသာသူများ	သတ်မှတ်မထား။	၁၀%	မြေ၊ အာမခံသူ	လိုသလိုမရနိုင်။
အပေါင်ဆိုင်	လွိုင်ကော်	၃ လ	၂%	အပေါင်ပစ္စည်းလိုအပ်	
မိတ်ဆွေနှင့်ဆွေမျိုးများ	ချေးငွေ	သတ်မှတ်မထား။	၅–၁၀%	မလို။	လိုသလိုမရနိုင်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ စိုက်ဘဏ်ချေးငွေ အချိန်မီမရသောကြောင့် သီးနှံများစိုက်ပျိုးချိန်တွင် မိတ်ဆွေများထံမှ အတိုး(၁၀%) ဖြင့် ငွေချေးရပြီး၊ စိုက်ဘဏ်မှ ချေးငွေရသောအခါ ပြန်ဆပ်ကြရသည်။ တောင်သူများအနေဖြင့် ငွေကို ၂ ဆင့် ချေးငှါးရသဖြင့် ထိရောက်မှု နည်းသည်။

၂။ **စိုက်ဘဏ်**မှတောင်သူ ၇ ဦးကို ငွေချေးပေးသည်။ လယ် ၁ ဧကလျှင် ၁သိန်း အများဆုံး ၁၀ ဧက အတွက် ၁၀ သိန်းထိထုတ်ချေးပြီး၊ ယာတဧက ၂၀၀၀ ကျပ်နှုံး၊ အတိုးနှုန်းမှာ (၄၅) ပြားတိုးဖြစ်ပြီး ၆လ(သို့) ၈လကြာလျှင်ပြန်ဆပ်ရသည်။

၃။ သမ မှ ၁၀ ဦးကိုသာ ထုတ်ချေးပေးထားသည်။ **သမဝါ ယမ**ချေးငွေစနစ်တွင် တောင်သူ (၁၀) ဦးသာ ချေးခွင့် ရရှိပြီး ကျေးရွာတွင် ကော်မတီမရှိဘဲ အုပ်စုကျေးရွာတွင် သွားရောက်ချေးယူရသည်။ အဖွဲ့ဝင်ကြေး (၅၀၀၀) ကျပ်ပေးရပြီး နောက်နှစ် ငွေချေးပါက ချေးငွေမှ ၁၀% ကိုစုငွေအဖြစ်ပြန်စုရသည်။ ချေးငွေမှာ အဖွဲ့ဝင် တဦး လျင် (၁၀၀၀၀၀) ကျပ်နှုံးချေးပေးပြီး၊ ချေးငွေကာလမှာ ၆ လ၊ အတိုးနှုံးမှာ (၁.၅) ကျပ်တိုးဖြစ်သည်။

၄။ အမျိုးသမီးစိတ်တူကိုယ်တူအဖွဲ့များမှလည်း ၎င်းအဖွဲ့ဝင်များချေးငွေကို လက်လှမ်းမီကြသည်။ သို့သော် ချေး ငွေ လုံလောက်မှုမရှိကြပါ။ ကျေးရွာတွင် ငွေစုငွေချေး (၃) ဖွဲ့ကို ကိုယ်ထူကိုယ်ထထူထောင်ထားသည်။

- **ဘဝပန်းတိုင်** ငွေစုငွေချေး အဖွဲ့တွင် အဖွဲ့ဝင် (မ ၂၂) ဦး၊ လစဉ်အနည်းဆုံးစုဆောင်းငွေ (၅၀၀) ကျပ်၊ အစည်းအဝေးကို လစဉ် (၁၆) ရက်နေ့တိုင်း ကျင်းပပြီး ပျက်ကွက်ပါက ဒဏ်ကြေး ၂၀၀ ကျပ်၊ အဖွဲ့ရံပုံငွေ (၈၀၀၀၀၀) ကျပ်ရှိသည်။
- **အောင်ပန်းတိုင်** ငွေစုငွေချေးအဖွဲ့တွင် အဖွဲ့ဝင် (မ ၁၆) ဦး၊ လစဉ်အနည်းဆုံးစုဆောင်းငွေ (၅၀၀) ကျပ်၊ အစည်းအဝေးကို လစဉ် (၁၆) ရက်နေ့တိုင်း ကျင်းပပြီး ပျက်ကွက်ပါက ဒဏ်ကြေး ၂၀၀ ကျပ်၊ အဖွဲ့ရံပုံငွေ (၈၀၀၀၀၀) ကျပ်ရှိသည်။
- **ကြယ်စင်လင်းလက်** ငွေစုငွေချေးအဖွဲ့တွင် အဖွဲ့ဝင် (မ ၁၄) ဦး၊ လစဉ်အနည်းဆုံးစုဆောင်းငွေ (၅၀၀) ကျပ်၊အစည်းအဝေးကို လစဉ် (၁၆) ရက်နေ့တိုင်း ကျင်းပပြီး ပျက်ကွက်ပါက ဒဏ်ကြေး ၂၀၀ ကျပ်၊ အဖွဲ့ရံပုံငွေ (၆၀၀၀၀၀) ကျပ်ရှိသည်။

၅။ ကျေးရွာတွင် မိတ်ဆွေနှင့် ဆွေမျိုးများထံမှ ငွေချေးပါက အတိုး (၅–၁၀) ကျပ်တိုးဖြစ်ပြီး လိုသလောက် အချိန်မရွေး မရနိုင်ပါ။ အပေါင်ခံပစ္စည်း မလိုပါ။

၆။ ကျေးရွာအတွင်း ချောင်လည်သူများထံမှ ငွေချေးပါက ပြန်ဆပ်ချိန် သတ်မှတ်မှုမရှိ။ အတိုးနှုံး (၁၀%)၊ လိုသ လောက်မရနိုင်ပါ။ အပေါင်ခံဆိုင်တွင် ငွေချေးပါက ချေးငွေကာလ (၃) လ၊ (၂%) အတိုး၊ ရွှေအပေါင် ခံပစ္စည်း လိုသည်။

၂.၅။ သဘာဝဘေးအန္တရာယ်လျော့ချခြင်း အပါအဝင် ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု

၂.၅.၁။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက် အခဲများ

ဇယား(၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက် အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာကြွယ်ဝမှု	ရှိ။	ရွှေ့ပြောင်းတောင်ယာစနစ်နှင့်ပြောင်းကိုတသီးတည်း နှစ်စဉ်စိုက်ပျိုးခြင်းကြောင့် မြေဆီလွှာ ခမ်းခြောက်မှုရှိသည်။
အပင်မျိုးစိတ်များ	ရှိ။	ထုတ်ယူသုံးစွဲနေကြသော်လည်း ကာကွယ်ထိန်းသိမ်းမှုမရှိ။ တဖြည်းဖြည်းရှား ပါးလာသည်။
ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု	ရှိ။	ဘက်စုံကာကွယ်နည်း ဗဟုသုတ ကျွမ်းကျင်မှုနည်းသည်။
ရေအရင်းအမြစ်	ရှိ။	သစ်တောပြုန်းတီးမှု၊ မိုးခေါင်မှုကြောင့် စမ်းရေထွက်များခမ်းခြောက်။
ငါးမျိုးကွဲများ	ရှိ။	ထုတ်ယူသုံးစွဲနေကြသော်လည်း ကာကွယ်ထိန်းသိမ်းမှုမရှိ။ တဖြည်းဖြည်းရှားပါးလာသည်။
အခြားတိရိစ္ဆာန်မျိုးကွဲများ	ရှိ။	ထုတ်ယူသုံးစွဲနေကြသော်လည်း ကာကွယ်ထိန်းသိမ်းမှုမရှိ။ တဖြည်းဖြည်းရှား ပါးလာသည်။
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	ရှိ။	ပလပ်စတစ်၊ ကြွပ်ကြွပ်အိပ်များ စည်းကမ်းမရှိ စွန့်ပစ်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ငါးမျိုးများနှင့် အခြားတိရစ္ဆာန်များ ထိန်းသိမ်းမှု၊ စီမံခန့်ခွဲမှု အားနည်းပြီး သဘာဝအရင်းအမြစ် ထိန်းသိမ်း မှု အန္တရာယ်ရှိသည်။

၂။ မြေဆီလွှာထိန်းသိမ်းမှု မရှိကြပါ။

၃။ ပိုးသတ်ဆေးဗူးခွံများကိုလည်း စနစ်တကျစွန့်ပစ်ခြင်း မရှိသောကြောင့် ပါတ်ဝန်းကျင်သန့်ရှင်းမှုနည်းလာ သည်။

၄။ သစ်တောများလည်းထုတ်ယူသုံးစွဲမှုများပြီး သစ်တောပြုန်းတီးလာသဖြင့်စိမ့်စမ်းရေထွက်များလည်း တဖြည်း ဖြည်း ခမ်းခြောက်လာသည်။

၂.၅.၂။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

အမျိုးအစား	အန္တရာယ်ဖြစ်နိုင်ခြေ(နည်း / လတ်/များ)	ဖော်ပြချက်/ ရှင်းလင်းချက်	လက်ရှိဘေးအန္တရာယ်လျှော့ချရေးအလေ့အကျင့်များ
ရေလွှမ်းမိုးခြင်း	နည်း	တောင်စောင်းဒေသဖြစ်။	အလေ့အထမရှိ၊နည်းလမ်းမသိ။
မီးဘေး	နည်း	နွေရာသီ ဖြစ်လေ့ရှိ။	မီးသတ်ဖွဲ့စည်းထားပြီး မီးကင်းစစ် ဆေး သည်။
မုန်တိုင်း	နည်း	ဖြစ်လေ့မရှိ။	အလေ့အထမရှိ၊နည်းလမ်းမသိ။
ငလျင်	နည်း	ဖြစ်လေ့မရှိ။	အလေ့အထမရှိ၊နည်းလမ်းမသိ။
မိုးခေါင်ခြင်း	မြင့်။	တနှစ်ထက်တနှစ် ရာသီဥတု ဖေါက်ပြန်မှု ပိုဆိုးလာသည်။	အလေ့အထမရှိ၊နည်းလမ်းမသိ။
အအေးလှိုင်း	နည်း	ဖြစ်လေ့မရှိ။	အလေ့အထမရှိ၊နည်းလမ်းမသိ။
ပဋိပက္ခ ဖြစ်ပွားမှု	နည်း	တခါတရံဖြစ်လေ့ရှိ။	အလေ့အထမရှိ၊နည်းလမ်းမသိ။
တိရိစ္ဆာန်ရောဂါဖြစ်ပွါးမှု	လတ်။	ကြက်နာ၊ ဝက်နားရွက်ပြာ၊ နွား ခွါနာလျှာနာ ဖြစ်တတ်။	ကာကွယ်ဆေးထိုးလေ့ မရှိ။
လူရောဂါဖြစ်ပွါးမှု	နည်း	ရာသီ အကူးအပြောင်းတွင် ဖျား၊ နာလေ့ရှိ။ ၄က်ဖျား၊ ဝမ်းရောဂါ ဖြစ်တတ်သည်။	အလေ့အထမရှိ၊နည်းလမ်းမသိ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ အခြားသဘာဝဘေးလျှော့ချရေးအစီအစဉ် အလေ့အထမရှိ။ ဗဟုသုတနှင့် ကျွမ်းကျင်မှု မရှိကြပါ ။

၂။ မီးကင်းစောင့်ခြင်း၊ နွေရာသီမီးငြိမ်းသတ်မည့် အစီအစဉ်ချမှတ်ခြင်း၊ လိုက်လံစစ်ဆေးခြင်း၊ ပြစ်ဒဏ်ချ မှတ် ခြင်းများသာ ပြုလုပ်ကြသည်။

၃။ တခါတရံ တိရစ္ဆာန်ရောဂါများ ဆိုးဝါးစွာ ကျရောက် ဆုံးရှုံးလေ့ရှိသည်။ ကာကွယ်ဆေးထိုးခြင်း အလေ့အထ မရှိ။

၂.၆။ ပညာရေး

၂.၆.၁။ ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ပညာရေး	ကျား	မ	ပေါင်း	ဇနှစ်နှင့်အထက်၊ကျောင်းနေလူဦး ရေ၏ %
လုံးဝကျောင်းမနေသူများ	၆၃	၇၁	၁၃၄	၃၇.၂%
ဘာသာရေးအခြေပြုပညာရေး	၄	၀	၄	၁.၁%

ပညာရေး	ကျား	မ	ပေါင်း	ဇနှစ်နှင့်အထက်၊ကျောင်းနေလူဦး ရေ၏ %
မူလတန်းပြီးဆုံးမှု မရှိသည့် ဦးရေ				
မူလတန်းပညာရေးပြီးဆုံးသူများ	၇၁	၇၅	၁၄၆	၄၀.၆%
အလယ်တန်းပညာရေးပြီးဆုံးသူများ	၃၀	၂၆	၅၆	၁၅.၆%
အထက်တန်းပညာရေးပြီးဆုံးသူများ	၆	၁၄	၂၀	၅.၆%
တက္ကသိုလ်ပညာပြီးဆုံးသူများ	၀	၀	၀	၀%
တက္ကသိုလ်တက်ရောက်နေသူများ	၀	၀	၀	၀%
ဇ နှစ်အထက်လူဦးရေပေါင်း	**၁၇၄**	**၁၈၆**	**၃၆၀**	**၁၀၀%**

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် မူလတန်းပညာရေးပြီးဆုံးသူ၊ စာရေးစာဖတ်တတ်သူများပြီး ဘွဲ့ရပညာတတ်သူ လုံးဝမရှိသေး ဘဲ ၁၀ တန်းအောင်သူ ယခုနှစ်မှ ၃ ဦးသာရှိသေးသည်။ အကြောင်းမှာ လွှိုက်ကော်နှင့် နီသော်လည်း သွားလာရန် လုံခြုံမှုနည်းခြင်း၊ ယခင်က လုံခြုံရေးအရ ကျောင်း ဆက်တက်ရန် အခက်အခဲရှိခဲ့ကြသောကြောင့်ဖြစ်သည်။ ကျေးရွာတွင်လုံးဝ ကျောင်းမနေ သူဦးရေမှာ ၁၃၄ ဦးရှိပြီး ၃၇.၂% ရှိသဖြင့် စာတတ်မြောက်မှု အလွန်အားနည်း သည်ကို တွေ့ရ သည်။

၂။ မူလတန်းပညာရေးပြီးဆုံးသူ၊ စာရေးစာဖတ်တတ်သူ စုစုပေါင်း ၁၄၆ ဦး ၄၀.၆% ရှိသော်လည်း ဘွဲ့ရ ပညာတတ်သူဦးရေမှာ လုံးဝမရှိသေးပါ။ အကြောင်းမှာ ကျေးရွာတွင် မူလတန်းသာရှိပြီး၊ အထက်တန်းကို လွှိုက်ကော်သို့ သွားရောက်တက်ရသဖြင့် လုံခြုံမှုနည်းခြင်း၊ ပညာရေးအ ခြေခံနည်းခြင်း၊ မိဘများမှာ ဆင်းရဲ သောကြောင့် ကျောင်းဆက်မထားနိုင်ကြပါ။ ထို့ကြောင့် အထက်တန်းပညာပြီးဆုံးသူမှာလည်း ၅.၆% သာရှိ သည်။

၂.၆.၂။ ကျောင်းအပ်နှံနှုန်း

ဇယား (၂၈) ကျောင်းအပ်နှံနှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ %
မူလတန်း(၅-ဇနှစ်)	၂၄	၂၅	၄၉	၁၄၄.၁%
အလယ်တန်း (၁၀-၁၄နှစ်)	၈	၆	၁၄	၃၁.၈%
အထက်တန်း (၁၅-၁၆နှစ်ကြား)	၁	၂	၃	
တက္ကသိုလ်ကျောင်းသား၊သူ	၀	၀	၀	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ကျေးရွာတွင် မူလတန်းသာရှိပြီး အလယ်တန်း၊ အထက်တန်းကို လွှိုင်ကော်တွင်တက်ရောက်ရန် အချို့မိဘ များမှာ ဆင်းရဲသောကြောင့် မတတ်နိုင်ကြပါ။

၂။ ထို့ကြောင့် မူလတန်းအထိသာ ပညာသင် ကြားလေ့ ရှိကြသည်။ ပြီးခဲ့သည် ပညာသင်နှစ်တွင်မှ တက္ကသိုလ် ဝင်တန်းကို (၃) ဦး (ကျား ၁၊ မ ၂) သာ အောင်မြင်ခဲ့သည်။

၂.၆.၃။ စာသင်ကျောင်းဆောင် အခြေအနေနှင့် လက်လှမ်းမီမှု

ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ

အကြောင်းအရာ	မူလတန်းကျောင်း	အလယ်တန်းကျောင်း
ရွာမှအကွာအဝေး(ကီလိုမီတာ)	ရွာတွင်း	
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင်	
စာသင်ကျောင်းအရွယ်အစား (အလျား၊အနံ၊အမြင့်)	၆၀ × ၃၀ × ၁၂ ပေ	
အမိုး၊နံရံ၊အခင်း အရည်အသွေး	သွပ်မိုး၊ အုပ်ကာ၊ ကွန်ကရစ်ခင်း	
ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ)	လွတ်တော်ဘတ်ဂျက်မှခုံ (၇) လုံး လျှုဒါန်းသည်။	
ကျောင်းဆရာဦးရေ	ကျား ၁ မ ၄ ပေါင်း ၅	ကျား မ ပေါင်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ စာသင်ကျောင်းဆောင် ၂ ခုရှိသည်။ တဆောင်မှာ လေမုန်တိုင်း တိုက်၍ ပျက်စီးသွား သောကြောင့် ၂၀၁၅ ခုနှစ်တွင် စာသင်ကျောင်းဆောင်အသစ်ကို အစိုးရ၏ အကူအညီဖြင့် ဆောက်လုပ်ပြီးစီး ခဲ့သည်။

၂။ ကျောင်းပရိဘောဂ လုံလောက်မှုလည်းမရှိပါ။ သောက်ရေနှင့် ကျောင်းယင်လုံအိမ်သာလည်း လုံလောက်မှု မရှိသေးပါ။

၂.၆.၄။ ပညာရေးအခက်အခဲနှင့် ပြဿနာများ

ဇယား (၃၀) ပညာရေးအခက်အခဲနှင့် ပြဿနာများ

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ဦးရေ	ကျား ၁၊ မ ၄၊ စုစုပေါင်း (၅) ဦး။
တပည့် - ဆရာ အချိုး	၁: ၁၀ ရှိသည်။
မူလတန်းပညာ ကျောင်းထွက်နှုန်း	

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မရှိ။
ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ	လုံလောက်မှုရှိသည်။
ဆင်းရဲသောမိသားစုများအတွက် ကျောင်း စရိတ်မတတ်နိုင်မှု	ဆင်းရဲသောကြောင့် အလယ်တန်းနှင့် အထက်တန်းသို့ ကျောင်းဆက်မထားနိုင်ကြပါ။
မိဘဆရာအသင်း၏အခန်းကဏ္ဍ	တက်ကြွမှု၊ ဦးဆောင်မှု အားနည်းသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ဆရာနှင့်တပည့် အရေအတွက် အချိုးညီမျှမှုရှိသည်။ ဆရာလုံလောက်မှု ရှိသည်။ ကျောင်းသား (၁၂၈) ဦး ရှိပြီး ဆရာ/ဆရာမ (၅) ဦးရှိသည်။ ဆရာလုံလောက်မှု ရှိသည်။

၂။ လက်ရှိကျောင်းအကျိုးတော်ဆောင်များမှာလည်း ပညာရေးတိုးတက်ရန် စိတ်ဝင်စားမှုရှိသည်။ ကျောင်းအကျိုးတော်ဆောင်ကော်မတီရှိပြီး ကျောင်းအတွက်လိုအပ်သောပရိဘောဂ ပစ္စည်း၊ ကျောင်းအတွက်သာယာလှပရေး အတွက် တက်ကြွစွာ လှုပ်ရှားမှု ရှိသည်။

၃။ ကျေးရွာမှာ လွိုင်ကော်မှ ၇မိုင်ခွဲသာဝေးသော်လည်း ယခင်က လမ်းနေရာတွင် တိုက်ပွဲအချို့ ရှိခဲ့သောကြောင့် လူသွားလူလာနည်းပါးသည်။

၄။ မိဘများမှာ ဆင်းရဲသောကြောင့် အလယ်တန်း၊ အထက်တန်းကို ကျောင်းဆက်မထားနိုင်ခြင်း၊ ကလေးများ ကျောင်းသွားရန်လမ်းတွင် စိတ်မချခြင်းများကြောင့် ကျေးရွာ၏ လက်ရှိပညာရေးမှာ အခက်အခဲများနှင့် နောက်ကျ နေရခြင်းဖြစ်ပါသည်။

၂.၇။ ကျန်းမာရေးနှင့် အာဟာရ

၂.၇.၁။ အဖြစ်များသောရောဂါများ

ဇယား (၃၁) အဖြစ်များသော ရောဂါများ

၁။ ရာသီဖျား	၂။ ဝမ်းပျက်ဝမ်းလျှောက	၃။ ငှက်ဖျား	၄.
၅.	၆.	၇.	၈.

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ လက်ရှိတွင်ကျေးရွာမှာရာသီဖျား၊ ဝမ်းပျက်ဝမ်းလျှောနှင့် ငှက်ဖျားရောဂါ အဖြစ်များနေပါသည်။ ရေမသန့်၍ ရောဂါ ဖြစ်ပွားမှုများသည်။

၂.၇.၂။ ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၂) မှုံပြာကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး (ကီလို)	အခန်း/ကုတင်(လုံလောက်မှုရှိ/မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သောအသုံးအဆောင်ပစ္စည်းများ (လုံလောက်မှု/မလုံလောက်မှု)	မှတ်ချက်
ကျေးလက် ကျန်းမာ ရေး ဌာန	ရွာအတွင်း	လုံလောက်မှု မရှိ	သားဖွားဆရာမ (၁) ဦး ကြီးကြပ်-၁ (၁) ဦး	နာဖျားကဲ့သို့သောအ သေးအဖွဲ့ ကိစ္စရပ် များနှင့် မီးဖွားခြင်း တို့ကိုလုပ် ဆောင်နိုင် (ထိုအတွက် ဆေးဝါး လုံလောက်မှုမရှိ)	
ဆေးရုံ	၁၂ ကီလို	လုံလောက်မှု ရှိ	ဆရာဝန် ( ) ဦး သူနာပြု - ( ) အခြား - ( )	ဆေးဝါးလုံလောက်မှု ရှိ	
ဆေးဆိုင်	၁၂ ကီလို	လုံလောက်မှု ရှိ		လက်လှမ်းမှီမှု ဆေးဝါး... သိုလှောင် ပုံစနစ် အအေးခန်း စနစ်	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ဆေးခန်းရှိသော်လည်း ပရိဘောဂမရှိသေးပါ။ ဆေးခန်းမှာ ယခုမှဆောက်လုပ်ပြီးခါစသာ ရှိသေးပြီးဖွင့်လှစ်ခြင်းမပြုရသေးပါ။ ကျေးရွာသူ/သားများအနေဖြင့် ယခင်က ကျန်းမာရေး စောင့်ရှောက်မှုမရ ရှိကြသေး ပါ ။

၂.၇.၃။ သောက်သုံးရေရရှိမှု

ဇယား (၃၃) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း	၅	ကောင်း	Â	Â	Â	
အဝီစိတွင်း						
အဝီစိတွင်း၊ စက်တွင်း						
ကန်						
မြစ်/ချောင်း						
မိုးရေသိုလှောင်ကန်						
စိမ့်စမ်းရေသွယ်တန်းခြင်း						

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ဆည်မြောင်းမှလာသော ဘီလူးချောင်းရေကို ကဲမြန်မာအဖွဲ့မှ ပုံပိုးပေးထားသော ရေတွင်း (၅) ခုမှ ရေကို သောက်သုံးကြသည်

၂.၇.၄။ သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ	၁	ကျေးလက်ဦးစီးဌါနမှ ကျန်းမာရေးပညာပေးသော်လည်း လိုက်နာခြင်း မရှိကြသေးပါ ။ ကဲမြန်မာမှအိမ်သာခွက်များ ထောက်ပံ့ပေးသော်လည်း အချို့အိမ်သာ ဆောက်လုပ်ခြင်း မရှိသေးပါ။
ကျင်းအိမ်သာ	၈၄	
တောထိုင်		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ယင်လုံအိမ်သာ တရွာလုံးတွင် တစ်အိမ်ထောင်သာ အသုံးပြုနေသေးပြီး ကျန်အိမ်ထောင်စုများမှာ ယင်လုံအိမ်သာအသုံးပြုရန် ဗဟုသုတ နည်းသေးသည်။ ထို့ကြောင့် ကျင်းအိမ်သာကိုသာ အသုံးပြုနေကြသေးသည်။ အချို့ မှာ ၂ အိမ်စုပေါင်းအသုံးပြုကြသည်။

၂။ ကျေးရွာရှိ မူလတန်းကျောင်းမှ ကျောင်းသူကျောင်းသားများ၏ တစ်ကိုယ်ရေ သန့်ရှင်းရေး အတွက် လုံ လောက်သော အသုံးအဆောင်မရှိပါ။

၂.၈။ လမ်းတံတား အခြေအနေ

၂.၈.၁။ ကျေးရွာ၏ လမ်းတံတား တည်ရှိမှု

ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ

လမ်းတံတား အမျိုးအစား	အမျိုးအစား (၁၊၂၊၃)	ကောင်း/ဆိုး	တည်ဆောက်ခဲ့ သောနှစ်	ရာသီအလိုက်သုံးစွဲနိုင်မှု		လမ်းအရှည် (ကီလိုမီတာ)
				ပွင့်လင်းရာသီ	တစ်နှစ်ပါတ်လုံး	
ရွာတွင်းလမ်း	၁	ဆိုး	၂၀၁၃		Â	၁ မိုင် ၃ ဖာလုံ
ချဉ်းကပ်လမ်း	၃	သင့်	၂၀၁၃		Â	၁၂ ကီလို

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

လေ့လာတွေ့ရှိချက်။

၁။ ရွာတွင်းအဝင်လမ်းကို ကျောက်ချောလမ်း ပြုပြင်ပြီးသော်လည်း ရွာအတွင်းလမ်းမှာ မြေသားလမ်းသာ ဖြစ်နေသဖြင့် ပြုပြင်ရန်လိုအပ်ပြီး မိုးတွင်းအခါ သွားလာမှု ခက်ခဲသည်။

လမ်းတံတားအမျိုးအစား	အရွယ်အစား	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီပွင့်လင်းရာသီ	တစ်နှစ်လုံး
ဆိပ်ခံတံတား တံတား ကြိုးတံတား ရေပြွန်	၇၈ ပေ × ၁၅ ပေ	ဆိုး	၂၀၁၃		Â

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ လက်ရှိတံတားမှာ ပျက်စီးနေသဖြင့် ၎င်းတံတားကို ပြုပြင်ပေးပါက လွိုက်ကော်သို့ သွားရာတွင် ပိုမိုးနိုးလာ မည် ဖြစ်သည်။

၂.၈.၂။ ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (ကီလိုမီတာ)	ယာဉ်အမျိုးအစား	ရာသီအလိုက်သုံးစွဲနိုင်မှု	
			ပွင့်လင်းရာသီ	တစ်နှစ်ပါတ်လုံး
မြစ်ကြောင်း				
ပင်လယ်ရေကြောင်း				

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

၁ " လှေ၊သမ္ဘာန် ၂ - မော်တော် ၃ - သင်္ဘော

၂.၈.၃။ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	စက်လှေ	လှေငယ်	စက်ဘီး	မော်တော်ဆိုင်ကယ်	ထော်လာကျီ	သုံးဘီးဆိုင်ကယ်	ထရပ်ကား
အရေအတွက်			၆	၅၈	၄	၂	၆

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ဆိုင်ကယ် (၅၈) စီးမှာကိုယ်ပိုင်များဖြစ်သည်။ ထော်လာကျီ (၄) စီး၊ စက်ဘီး ၆ စင်း၊ သုံးဘီးဆိုင်ကယ် ၂ စီး နှင့် ထရပ်ကား (၆) စီးရှိပြီး သီးနှံများသယ်ယူရန်အတွက် အဓိကလုပ်ကိုင်ကြပြီး ကိုယ်ပိုင်ယာဉ်များ ဖြစ်သည်။

၂.၉။ လျှပ်စစ်မီး ရရှိမှု

ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ

အရင်းအမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ၊မရှိ
မဟာဓါတ်အားလိုင်း	၈၂	သင့်	မီတာတပ်ဆင်ခြင်း မရှိသေးဘဲ မီး သုံးစွဲခ ကောက်ခံမှု များသည်။
ဆိုလာစနစ်	၁	သင့်	
အသေးစားရေအားလျှပ်စစ်			
ဒီဇယ်သုံးအင်ဂျင်			
လေစွမ်းအင်			
ဇီဝလောင်စာ			
(ဖယောင်းတိုင်)			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ အိမ်ခြေ (၈၈) အနက် (၈၂) အိမ်သာ လျှပ်စစ်မီးရရှိပြီး ကျန်ဆင်းရဲ (၇) အိမ်ထောင်မှာ လျှပ်စစ်မီး တပ်ဆင် နိုင် ခြင်း မရှိသေးပါ။

၂.၁၀။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၃၉) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	အင်တာနက်	သတင်းစာနှင့်ဂျာနယ်	အခြား
အရေ အတွက်	၅၉	၂	၅၂	၂၀		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာလူထုသည် တယ်လီဖုန်း (၅၉) လုံး၊ ရေဒီယို (၂) လုံး၊ ရုပ်မြင်သံကြား (၅၂) လုံးရှိသည်။

၂။ လက်ကိုင် ဖုန်း နှင့်ချိတ်ဆက်သော အင်တာနက်စနစ်ကို လူငယ် (၂၀) ခန့်ကအသုံးပြုနိုင်ကြသော် လည်းဖုန်းလိုင်း သိပ်မကောင်းပါ။

၂.၁၁။ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

လုပ်ငန်း	ရှိ/ မရှိ	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများ အား လက်လှမ်းမှီမှု	ရှိ	သီးခြားဖြေဖျော်မှု အစီစဉ်မရှိသော်လည်း အိမ်အ များစုတွင် တီဗီရှိသဖြင့် အတူကြည့်ကြသည်။ ကမ္ဘာ့ဖလားကဲ့သို့ အားကစားများ ကို ကြည့်ရှုရန် အခက်အခဲရှိသည်။ လူငယ်များရိုးရာအကတိုက် ခြင်း၊ ကခြင်းဖြင့် အချင်းချင်း စည်းရုံးခင် မင်မှု ရှိကြသည်။
လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	လူမှုရေးပွဲများတွင် တက်ကြွစွာ ဝန်ဆောင်မှုများ ပြုလုပ်ပေး ကြ သည်။
ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု	ရှိ	ဘာသာရေးပွဲများတွင်လည်းတက်ကြွစွာ ပူးပေါင်း ဝန်ဆောင်မှုများ ပေးကြသည်။
အားကစားပစ္စည်းများအား လက်လှမ်းမှီမှု	မရှိ	ကျေရွာအားကစားကွင်းမရှိ၊ အားကစားပစ္စည်း မရှိ။ လူငယ်များ အပျင်းပြေ ခြင်းခတ်ကစား ကြ သည်။ ပြိုင်ပွဲဝင်နိုင်ခြင်းမရှိကြပါ။
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု	မရှိ	ကျေးရွာအဖွဲ့အစည်းများတွင် ကိုယ်စားလှယ် အဖြစ် ပါဝင်ခြင်း၊ လူငယ်များအားနေရာပေးခြင်း အလေ့အထ မရှိသေးပါ။ စေတနာ့ အကျိုး ဆောင် အဖြစ်သာဆောင်ရွက်ခဲ့ ကြ သည်။
ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး	ရှိ	ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းလိုစိတ် ရှိကြသည်။ လူငယ်များ အနု ပညာကို လွန်စွာ စိတ်ဝင်စားကြ သည်။ အဆို၊ အက ပြိုင်ပွဲ ဝင်လို ကြသည်။ သို့ သော် အဆက်အသွယ်မရှိကြပါ။
စာကြည့်တိုက်၊အင်တာနက်စ သည် များအားလက်လှမ်းမှီမှု	ရှိ	စာကြည့်တိုက်ရှိသော်လည်း စာအုပ်များမရှိကြ ပါ ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ကျေးရွာအတွင်းရှိလူငယ်များမှာကျေးရွာ၏သာရေး၊ နာရေးကိစ္စများတွင်ပါဝင်ကြသည်။
၂။ လူငယ်အများစုမှာ အင်တာနက်အသုံးပြုမှုလက်လှမ်းမှီကြပြီး အိမ်တွင် TV ကြည့်ပြီး အပန်းဖြေကြသည်။
၃။ ရိုးရာယဉ်ကျေးမှုနှင့် အားကစားပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။
၄။ ကျေးရွာတွင် အားကစားကွင်း မရှိသေးပါ။
၅။ လူငယ်များအနုပညာကို ဝါသနာပါသော်လည်း အဆက်အသွယ်မရှိကြပါ။

၂.၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်း လုံခြုံရေး အခြေအနေ

၂.၁၂.၁။ လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဝန်ဆောင်မှုများ	ရှိ/ မရှိ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာအဆောက်အဦး များအား လက်လှမ်းမှီမှု	ရှိ။	CDMA ဖုန်းလိုင်းသာမိပါသည်။ တစ်ရွာလုံး အတိုင်းအတာ အရ CDMA ဖုန်း (၂) လုံးသာ ရှိပါသည်။
အာမခံလုပ်ငန်းများအား လက်လှမ်းမှီမှု	မရှိ။	မည်သည့်အာမခံလုပ်ငန်းမျှလက်လှမ်းမီမှုမရှိ ချေ။
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအစဉ်	မရှိ။	သဘာဝဘေးအန္တရာယ်လျော့ချခြင်း အစီအစဉ်များ မရှိချေ။
ရဲစခန်းများအား လက်လှမ်းမှီမှု	ရှိ။	ရဲစခန်းမှာလွိုက်ကော်မြို့တွင်သာရှိ၍ကျေးရွာ လုံခြုံ ရေးအတွက် လက်လှမ်းမမီပါ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ကျေးရွာတွင်ဆက်သွယ်ရေး ဖုန်းလိုင်းရှိသော်လည်းလိုင်းမကောင်းပါသည်။ စီဒီအမ်အေဖုန်း သာ လိုင်းမိ သည်။

၂။ လွိုက်ကော်ရဲစခန်းနှင့်ချိတ်ဆက်မှုရှိသည်။ အသက်အာမခံထားရန် ရွာသူ/သားများ စိတ်ဝင်စားမှု မရှိပါ။

၃။ သဘာဝ ဘေးအန္တရာယ် ကာကွယ်ရေးအစီအမံများလည်း မထားကြပါ။ အရေးကြီးကြောင်း လည်း သတိမမူမိ ကြပါ။

၂.၁၂.၂။ မူခင်းဖြစ်ပွားမှု

ဇယား (၄၂) မူခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
ပြင်းထန်/မထန်	မရှိ	မရှိ	မရှိ	မရှိ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၄–၂၆ရက်၊ ဇူလိုင်လ ၂၀၁၅)

လေ့လာတွေ့ရှိချက်။

၁။ ကျေးရွာတွင် ရာဇဝတ်မှုကြီးကြီးမားမားမရှိပါ။ ကျေးရွာလူထုအနေဖြင့် ရိုးရာဓလေ့စရိုက်များ ကို လေးစားလိုက်နာခြင်း၊ ပြင်ပနှင့် အဝင်/အထွက် နည်းပါးခြင်းနှင့် ရိုးသားဖြောင့်မတ်ခြင်း ကြောင့် မှုခင်းဖြစ်ပွါးမှု မရှိကြပါ။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဝမ်းကွန်ကျေးရွာ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးအမြင်များ တိုးတက်လာစေရန် လုပ်ဆောင်ပေးနိုင်မှုနှင့် တက်ကြွစွာပူပေါင်းပါဝင်လာစေရန် ဦးစီးဆောင်ရွက်နိုင်မှုတို့မှာ အဓိကအချက်များဖြစ်ပါသည်။ ထို့ကြောင့် ယင်းအဓိကအချက်ကို ဖော်ဆောင်နိုင်မည့် နည်းလမ်း သို့မဟုတ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာရှိထားရန် အရေးကြီးပါသည်။ ကျေးရွာအတွင်း လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ကြုံတွေ့ နေရသော အခက်အခဲနှင့် စိန်ခေါ်ချက်များ၊ နောင်လိုလားအပ်သည့်ဖွံ့ဖြိုးတိုးတက်မှု၊ ယင်းဖွံ့ဖြိုးတိုးတက်မှုကို မည်သို့မည် ပုံ ဖော်ဆောင်မည် စသည့်တို့သည်ပင် ဖွံ့ဖြိုးရေးဗျူဟာအတွင်း ကြောင်းကျိုးဆက်စပ် ပါဝင်ရမည် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဖော်ဆောင်ရာတွင် အလားအလာကောင်းများ၊ ဖြစ်နိုင်ခြေများရှိသလို တစ်ဘက်တွင် လည်း အဟန့်အတားနှင့် စိန်ခေါ်မှုများရှိပါသည်။ ထို့ကြောင့် ကိုးကား စာရွက် စာတမ်းများ၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အုပ်စုအုပ်ချုပ်ရေးမှူး၊ ဒေသရှိ နားလည်တတ်သိသူများနှင့် ဆွေးနွေးမှုများ၊ ကျေးရွာရှိ ဦးတည် အုပ်စုများနှင့် ဆွေးနွေးချက်များကိုအခြေခံ၍ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများကို ဖော်ထုတ် ထားရှိပါသည်။

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ	ရှင်းလင်း ဖော်ပြချက်များ
လူသား အရင်း အမြစ် • အလုပ်လုပ်ကိုင်နိုင်သော လူဦးရေ များပြားခြင်း။ • လူကြီး၊လူငယ်များ စုပေါင်း လက်တွဲ ဆောင်ရွက် လေ့ရှိခြင်း။ • ကျေးရွာတွင် ဖွံ့ဖြိုးရေး၊ လူမှုရေးအဖွဲ့များ ဖွဲ့စည်းထား ရှိခြင်း	• ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ စုစု ပေါင်းမှာ ကျား (၁၄၅) ဦး နှင့် မ (၁၅၃) ဦး၊ စုစုပေါင်း (၂၉၈) ဦး ဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၆၈.၃) % ရှိပါသည်။ လက်ရှိ အထက်တန်းပညာ တက်ရောက် သင်ကြားနေသူ(၃) ဦး၊ အထက်တန်းပညာပြီးဆုံးသူ (၃) ဦး စသည်ဖြင့် တစ်နှစ် ထက်တစ်နှစ် ပညာတတ် ဦးရေများပြားလာသောကြောင့် အနာဂတ်ကာလတွင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် လူစွမ်းအား အရင်းအမြစ်များ ရှိနေပါသည်။ • လူငယ်များအားကျွမ်းကျင်မှုနှင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ ထိရောက်စွာ ပံ့ပိုးမှုပေးနိုင်ပါက ကျေးရွာ၏ လူအရင်းအမြစ် တိုးတက်မှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများ ရှိနေပါသည်။ ထို့အပြင် ကျေးရွာ၏အုပ်ချုပ်ရေးကဏ္ဍတွင် လူကြီး၊ လူငယ်လက်တွဲပြီးကောင်းမွန်စွာတိုင်ပင်ညှိနှိုင်းလုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလအတွက် အားရဖွယ်

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ	ရှင်းလင်း ဖော်ပြချက်များ
	ရာပင်ဖြစ်သည်။ • ကျေးရွာတွင် ဖွံ့ဖြိုးရေးကို ဦးဆောင်လုပ်ကိုင်နေသော အဖွဲ့ ပေါင်း ၈ ဖွဲ့ရှိ ပြီး စိတ်အားထက်သန်မှုရှိသည်။
သီးနှံ ထုတ်လုပ် ရေး • သီးနှံအထွက်တိုးစေသော အခြေအနေ ကောင်းများ	• လက်ရှိဆည်မြောင်းမှ ပျက်စီးနေပြီး ပြုပြင်ပါက စိုက်ပျိုးရေး အလုံအ လောက်ရရှိပြီး စပါးအထွက်နှုန်း တိုးတက်လာမည်။ • ရွှေ့ပြောင်းတောင်ယာတွင်လည်း ဆည်မြောင်းအသစ် တည်ဆောက်ရန် စိမ့်စမ်းရေ အလုံအလောက်နှင့် လယ်ရိုင်း ဖေါ်ထုတ်ရန် အခြေအနေ ကောင်းများစွာရှိသည်။ • ကျေးရွာစိုက်ပျိုးမြေများသည် ပြောင်းဖူးဆက်တိုက် စိုက်ပျိုး ကြသဖြင့် မြေဆီဩဇာ ဆုတ်ယုတ်မှုရှိသည်။ တောင်စောင်း လှေ ခါးထစ်ဖြင့် မြေဆီလွှာ ထိန်းသိမ်းနိုင်ပါက မြေဆီဩဇာ ကောင်းပြီး သီးနှံအထွက်နှုန်းတိုး တက်လာ နိုင်သည်။ • လွိုက်ကော်နှင့်နီးပြီး စိုက်ပျိုးရေးဆေးဝါး၊ မြေဩဇာ၊ လယ် ယာသုံး စက်ကရိယာများအရစ်ကျငွေချေ စနစ်ဖြင့် ရောင်း ချခြင်းများရှိသည်။ • ဈေးကွက်နှင့် ဝယ်လိုအားကောင်းသည်။ လမ်းပန်းဆက်သွယ် ရေးကောင်းပြီး မြို့နှင့်နီးသည်။ အချိန်မရွေးသွားလာနိုင် သည်။ ယဉ်မျိုးစုံသွားလာ နိုင် သည်။ • မြန်မာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးကုမ္ပဏီများ၊ အခြားဖွံ့ဖြိုး ရေး အဖွဲ့များ မှ နည်းပညာများ ပံ့ပိုးပေးသည်။ • ကျေးရွာတွင် လယ်နှင့်ယာ ၆၀၀ ဧကနီးပါးရှိပြီး ထပ်မံတိုး ချဲ့ရန် အခြေအ နေကောင်းများရှိသည်။ • လိမ္မော်ကဲ့သို့ နှစ်ရှည်ပင်စိုက်ပျိုးရန် ရေ၊ မြေ၊ ရာ သီဥတု သင့် လျော်သည်။
တိရစ္ဆာန် မွေးမြူရေး • မွေးမြူရေးတိုးတက်ထုတ်လု ပ်ရန် အခြေအနေကောင်းများ	• တိရစ္ဆာန် မွေးမြူရန် ရေ၊ မြေနှင့် စိုက်ပျိုးရေး စွန့်ပစ်အစာ အလုံလောက် ရရှိ နိုင်ခြင်း။ • တိမွေးကုမ္ပ ဝန်ဆောင်မှု အလွယ်တကူရရှိနိုင်။ • ခိုင်းနွား၊ နွားသားပေါက်၊ ဝက်၊ ကြက် ဈေးကွက် ကောင်း သည်။ • ငုံး၊ ဘုား၊ ငါး၊ ဥစားကြက်၊ အသားစားကြက်မွေးမြူရန် လျပ်စစ် မီး၊ ရေ၊ မြေ အလုံအလောက်ရှိသည်။ အတွေ့အကြုံ နည်းသဖြင့် စမ်းသပ်မွေးမြူ ရန် စိတ်ဝင်စားကြ သည်။
စိုက်ပျိုး မွေးမြူရေး မဟုတ်သော အခြားဝင် ငွေရ လုပ် ငန်းများ • ဝင်ငွေတိုး အသက်မွေးဝမ်း	• စိုက်ပျိုးရေးအတွက် ချေးငွေရှိသော်လည်း ဆင်းရဲတောင်သူ နှင့် မြေယာမဲ့ များအတွက် အတိုးနှုန်းသက်သာ သော ချေးငွေ မရှိပါ။ • အရင်းအနှီးရှိပါက လက်ရှိကျွမ်းကျင်သော ပန်းရံလုပ်ငန်း၊

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ	ရှင်းလင်း ဖော်ပြချက်များ
ကျောင်း လုပ်ငန်းများ တိုးတက်စေသော အခြေအနေကောင်းများ	လက်သမားလုပ်ငန်း၊ အိမ်ဈေးဆိုင်လုပ်ငန်းများ တိုးတက်လာနိုင်သည်။ • လက်ရှိတွင် ဆင်းရဲသားမိသားစုများမှာ အသက်မွေးပညာကျွမ်းကျင်မှု နည်းသောကြောင့် အလုပ်အကိုင် အခွင့်အလမ်းနည်းသည်။
ချေးငွေ ဝန်ဆောင်မှု • ငွေကြေးဝန်ဆောင်မှု တိုးတက် စေသော အခြေအနေကောင်းများ	• စိုက်ဘဏ်၊ သမ၊ ကျေးရွာငွေစုငွေချေး ၃ ဖွဲ့နှင့် မြစိမ်းရောင် စီမံကိန်းတို့နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။
ပညာရေး • ပညာရေးဖွံ့ဖြိုးတိုးတက်စေသော အခြေအ နေကောင်းများ	• စာသင်ကျောင်း အဆောက်အဦးကောင်းမွန်ပြီး ဆရာနှင့် ကျောင်းသား အင်အား ပြည့်စုံလုံလောက်မှု ရှိသည်။ • ယခုနှစ်တွင် အထက်တန်းအောင်မြင်သူ ၃ ဦးပေါ်ထွက် လာသဖြင့် ပညာ ရေး စိတ်ဝင်စားမှု တိုးလာမည်။ • စာသင်ကျောင်းသောက်ရေနှင့် ယင်လုံအိမ်သာ ကောင်းမွန်ပါ က ကလေး ငယ်များ၏ ကျန်းမာရေးနှင့် တကိုယ် ရေသန်းရှင်းမှု တိုးတက်လာမည်။
ကျန်းမာ ရေး • ကျန်းမာရေးတိုးတက်စေသော အခြေအနေ ကောင်းများ	• ကျန်းမာရေး အရေးပေါ်ဖြစ်ပါက လွှဲကော်နှင့်နီးပြီး ဆေးရုံသို့ အလွယ် တကူ သွားရောက်နိုင်သည်။ • ဆေးခန်းအသစ်ဆောက်လုပ်ပြီး၊ တာဝန်ကျဝန်ထမ်းပြည့်စုံပြီးသော်လည်း ပရိဘောဂများလည်း ပြည့်စုံလာပါက လုံလောက်သော ဝန်ဆောင်မှုနှင့် စောင့်ရှောက်မှုများ ရရှိလာမည်။ ကျန်းမာရေးအခြေအနေတိုးတက်ကောင်းမွန် လာမည်။ • သန့်ရှင်းသောသောက်ရေ အလုံအလောက်ရရှိပြီး လူတိုင်း ယင်လုံအိမ်သာ သုံးစွဲပါကကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်း ရေး တိုးတက်ကောင်းမွန် လာမည်။
ရေ အရင်းအ မြစ် • သောက်ရေရရှိနိုင်သော အခြေအ နေကောင်း များ	• သောက်ရေအတွက် ရေတွင်း (၅) တွင်းကို ကဲမြန်မာ အကူအညီဖြင့် တူး ဖေါ် ထားသည်။ • ဆည်မြောင်းမှ ရေကို တနှစ်ပါတ်လုံးအသုံးပြုကြသည်။
လမ်း၊ တံတား • ကျေးရွာလမ်း၊တံတားများတိုးတက်ကောင်း မွန်စေသော အခြေ အနေကောင်းများ	• ကျေးရွာမှ လွှဲကော်သို့ ချဉ်းကပ်လမ်းမှာ ကောင်းမွန်ပြီး အချိန်မရွေး၊ ရာသီမရွေး၊ ယဉ်မျိုးစုံ သွားလာနိုင်သည်။ • ကျေးရွာတွင်းလမ်းများကို ကျောက်ခဲလမ်းပြုပြင်ပါက သွားလာရေး တိုး တက်ကောင်းမွန်လာမည်ဖြစ်သည်။ • ကုန်ထုတ်တံတားကို ပြုပြင်နိုင်ပါက လွှဲက်ကော်သို့ အလွယ် တကူ သွား လာ နိုင်ပြီး ခရီးပိုနီးလာမည်ဖြစ်သည်။

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ	ရှင်းလင်း ဖော်ပြချက်များ
လူငယ် နှင့် ယဉ်ကျေးမှု • လူငယ် ကဏ္ဍဖွံ့ဖြိုးတိုးတက်စေ သော အခြေ အနေကောင်းများ	• အားကစားတွင်လေ့လာလိုက်စားမှု အားကောင်းပြီး ယဉ်ကျေးမှု ထိန်းသိမ်း မှု ကောင်းသည်။ • ကျေးရွာဖွံ့ဖြိုးရေးနှင့် သာရေး၊ နာရေးများတွင်လည်း တက်ကြွစွာ ပါဝင်လှုပ်ရှားကြသည်။ • လူငယ်များစည်းလုံးမှု၊ ရိုးသားပွင့်လင်းမှုရှိသည်။
လျပ်စစ်မီးအခြေအနေ • လျပ်စစ်မီးလင်းရေး အခြေအနေ ကောင်းများ	• လျပ်စစ်မီး ကို ၈၂ အိမ်တွင် တပ်ဆင်အသုံးပြုလျက်ရှိသည်။
ကျေးရွာတည်နေရာ အချက်အချာ ကောင်းမွန်ခြင်း • ကျေးရွာ၏ တည်နေရာကောင်း မွန်မှုနှင့် ပါတ်သက်၍ အခြေအနေ ကောင်းများ	• ကျေးရွာ၏ တည်နေရာသည် မြို့တော်လွိုင်ကော်၏ အရှေ့တောင်ဖက် ၁၂ ကီလိုမီတာခန့်အကွာအဝေးတွင် တည်ရှိပြီး အချိန်မရွေး၊၊ ရာသီမရွေး၊ ယဉ် မျိုးစုံ သွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေး၊ ဈေးကွက်အားလုံး အသင့်အတင့် ကောင်းမွန်သည်။ ရွာ၏ အနောက်ဖက်တွင်လယ်ကွင်း၊ အရှေ့ဘက်တွင် တောင်ကုန်းနှင့် ယာမြေများစွာရှိသည်။

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့်စိန်ခေါ်မှုများ	ရှင်းလင်း ဖော်ပြချက်များ
<u>အဖွဲ့အစည်းဆိုင်ရာကဏ္ဍ</u> ကျေးရွာတွင်းလက်ရှိအဖွဲ့အစည်း များ နှင့် ပါတ်သက်၍ အဟန့်အ တား ဖြစ်စေသော အခြေအနေ ကောင်းများ	• ကျေးရွာဖွံ့ဖြိုးရေးကို စီမံချက်ဖြင့် စနစ်တကျဆောင်ရွက်သည့် အစီအစဉ်မရှိ ခဲ့ခြင်း၊ အဖွဲ့အစည်းဆိုင်ရာ အခြေခံသဘောတရားများအား သိကျွမ်းမှုအားနည်းခြင်း၊ အဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်မှုအားနည်းပြီး ဦးဆောင်မည့် အဖွဲ့အစည်းမရှိသေးခြင်း။ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့် ဝန်ဆောင်မှု အဖွဲ့များနှင့်အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး တွင် စိန်ခေါ်မှု တစ်ရပ်ဖြစ်သည်။
<u>စိုက်ပျိုးရေး (သီးနှံ)</u> • သီးနှံထုတ်လုပ်မှုတိုးတက်မှု ကို အဟန့်အတားဖြစ်စေသော အခြေ အနေများ	• ဘီလူးချောင်းဆည်မှ စိုက်ပျိုးရေ ရရှိသော်လည်း ဆည်မြောင်းပျက်စီးနေမှု ကြောင့် စိုက်ပျိုးရေ လုံလောက်မှုမရှိပါ။ မိုးရေးကိုသာ အားကိုးနေရ သဖြင့် အချိန်မီ စိုက်ပျိုးနိုင်ခြင်းမရှိ။ ရေမလုံလောက်။ • စပါးစိုက်ပျိုးနည်းနှင့် စပါးမျိုးအားနည်းသည်။ • လယ်သမားများအတွက် ချေးငွေ ရရှိနိုင်မည့်စနစ်နှင့် နေရာမရှိခြင်း။ • လယ်နှင့် ယာမှ သီးနှံ အထွက်နှုံးနည်းသောကြောင့် ဝမ်းစာဖူ

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့်စိန်ခေါ်မှုများ	ရှင်းလင်း ဖော်ပြချက်များ
	လုံမှု မရှိကြပါ။ • အရင်းအနှီးနှင့် နည်းပညာနည်းပါး။ • မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းမသိ။ တောင်စောင်း ဒေသ ဖြစ်သော ကြောင့် မြေဆီလွှာ တိုက်စားမှုရှိ။
<u>မွေးမြူရေး</u> • မွေးမြူရေးတိုးတက်မှုကို အဟန့်အ တား ဖြစ်စေသော အခြေ အနေများ	• ချေးငွေမရရှိနိုင်ခြင်း၊ နွား၊ ကြက်၊ ဝက် မွေးမြူရေးအတွက် ငွေကြေးအရင်း အနှီးအား နည်းခြင်း၊ • မာလင်စီမံကိန်းမှ ပံ့ပိုးသည့်ငါးမွေးမြူရေး အောင်မြင် မှုနည်း။ ငါးများသေ နေတာတွေ့ရ။ အကြောင်းအရင်း သေချာမသိ။ နည်းပညာအား နည်းသည်။ • လွိုင်ကော်အထိ ဝက်သားတင်သွားရ။ ဝက်သား ပေါက်ပါက အသေပျောက် များသည်။ မပြုစုတတ်။ ဝက်သားဖေါက်ရန် ဝက်မများမွေးမြူခြင်း အောင် မြင်မှုမရှိ။ • မွေးမြူရေးနည်းပညာအား နည်းခြင်း၊ မွေးမြူရေးနည်းစနစ်များနှင့်အလှမ်း ဝေးခြင်း (ဥပမာ၊ ဝှားမွေးမြူရေးနှင့် ငုံးမွေးမြူရေး စိတ်ဝင်စားသော် လည်း နည်းပညာမသိ) • မွေးမြူရေးဈေးကွက်ရှိသော်လည်း အမြတ်အစွန်းနည်းသည်။ သားသတ် လိုင်စင်မရှိသောကြောင့် သားသတ်လိုင် စင်ရှိသူများ၏ ဈေးနှိမ်၊ ခေါင်းပုံ အဖြတ်ခံရ။ • အသိပညာနည်းခဲ့သဖြင့် ယခင် ကန်ဟောင်းကို ထိန်းသိမ်း ခဲ့ခြင်းမရှိ။ ယခု ပြုပြင်လိုသော်လည်း ငွေကြေးမတတ်နိုင်။
<u>အခြားစီးပွားရေးလုပ်ငန်းများ</u> • ဝင်ငွေတိုးအသက်မွေးလုပ်ငန် း များတိုး တက်မှုကို အဟန့်အတား ဖြစ်စေသော အ ခြေအနေများ	• တောင်ယာလုပ်ငန်းမှလွဲ၍ အခြားအသက်မွေးဝမ်းလုပ်ငန်း များ ကျွမ်းကျင် မှု အား နည်းခြင်း။ • ပုံမှန်အလုပ်မရှိ။ • ပြင်ပနှင့်အဆက်အသွယ် နည်းပါးခြင်း။ • စိုက်ပျိုးရေးထွက်ကုန် အခြေပြု ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှု လုပ်ငန်းများ ဖွံ့ဖြိုးမှု မရှိခြင်း • ပုံမှန်သွားလာသည့် လူထုသယ်ယူပို့ဆောင်ရေး ယာဉ်မရှိခြင်း • ပန်းရံ၊လက်သမားတချို့ရှိသော်လည်း ပစ္စည်းလုံလောက်မှုမရှိသောကြောင့် နောက်လိုက် လုပ်နေရ။ ချေးငွေလက်လှမ်းမမီခြင်း၊ အတိုးနှုန်းမြင့် မားခြင်း
ချေးငွေ ဝန်ဆောင်မှု • ငွေကြေးဝန်ဆောင်မှု အဟန့်အတားများ	• ကျေးရွာတွင် ငွေကြေးဝန်ဆောင်မှုစနစ်များရှိသော်လည်း ကျေးရွာရှိ တောင်သူများလိုအပ်ချက်နှင့်သင့်တော်သော မူဝါဒ လိုအပ်နေသေးသည်။
<u>ပညာရေး</u> • ပညာရေးတိုးတက်မှုကို	• အလယ်တန်းနှင့် အထက်တန်းကို လွိုင်ကော်သို့ သွားရောက် ပညာသင်ရန် အခက်အခဲရှိသဖြင့် မူလတန်း ပြီးဆုံးပါက

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့်စိန်ခေါ်မှုများ	ရှင်းလင်း ဖော်ပြချက်များ
အဟန့် အတားဖြစ်စေသော အခြေအနေ များ	ဆက်လက်ပညာ သင်ကြားလေ့ မရှိကြပါ။ • ပညာသင်စရိတ်မတတ်နိုင်ကြပါ။ မိဘများမှဆင်းရဲသော ကြောင့်အလယ်တန်းနှင့် အထက်တန်းသို့ ကျောင်းဆက် မထားနိုင်ကြပါ။
ကျန်းမာရေး • ကျန်းမာရေတိုးတက်မှုကို အဟန့် အတားဖြစ်စေသော အခြေအနေ များ	• ဆင်းရဲသောကြောင့် ဆေးခန်းပရိဘောဂများ မတတ်နိုင် ကြပါ။ • ဆေးခန်းဆောက်လုပ်ပြီးသော်လည်း သားဖွါးဆရာမ ရွာတွင် မနေသေးပါ။ မနက်လာ ညနေပြန် နေ့ချင်းပြန်သွားလာနေ သည်။ မိခင်များနှင့် အရေး ပေါ် လူနာများ ကျန်းမာရေးစောင့် ရှောက်မှု အပြည့်အဝမရရှိ။
ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား • လူငယ်များဖွံ့ဖြိုးရေးကို အဟန့် အ တားဖြစ်နေသော အခြေအနေ များ	• အဆိုအက တိုက်လေ့ရှိ။ ရိုးရာတခွန်တိုင်ပြိုင်ပွဲ နှစ်စဉ်ပြိုင်ပွဲ ဝင်လေ့ရှိသော် လည်း တီးဝိုင်း ပစ္စည်း လုံလောက်မှုမရှိ။ • အားကစားကွင်းနှင့် အားကစားပစ္စည်းမရှိ။ လူငယ်များရနိုင် သည့် နေရာတွင် ဘော်လုံးကန်ခြင်း၊ ခြင်းလုံးခတ်ခြင်း ကစားကြသည်။ အမျိုးသမီးများ စိတ်ဝင်စားသော်လည်း ကစား လေ့မရှိကြ။ • စာကြည့်တိုက်ရှိကြသော်လည်း စာအုပ်၊ စာပေပြည့်စုံမှုမရှိ။ လေ့လာသင်ယူရန် အခက်အခဲရှိ။ လူငယ်များတယ်လီဖုန်း ရှိသော်လည်း အင်တာနက်အ သုံးပြုရန် ကျွမ်းကျင်မှု အားနည်းသည်။ အမျိုးသမီးများမှာ ဗီဂ်ီဗာသုံးလေ့ ရှိသော် လည်း အမျိုးသားများမှာ ဖေ့စ်ဘုတ်သုံးကြသည်။ • အသက်မွေးလုပ်ငန်းများနှင့် အင်္ဂလိပ်စာ၊ကွန်ပျူတာ ကျွမ်း ကျင်မှုအားနည်းခြင်း၊ အဆက်အသွယ်မရှိခြင်းကြောင့် လူငယ် များအနေဖြင့် သင့်တော်သော အလုပ်အကိုင် ရရှိရန်အခွင့် အလမ်း နည်းပါးသည်။
ကျေးရွာအတွင်းရှိအခြေခံအ ဆောက်အဦးများ • ကျေးရွာ အခြေခံအဆောက်အဦး များတိုးတက်မှုကို အဟန့်အတား ဖြစ်နေသော အခြေအနေများ။	• ကျေးရွာအတွင်းနှင့် ကုန်ထုတ်လမ်း၊ တတား မကောင်းခြင်း။ မြေသားလမ်း ဖြစ်သဖြင့် မိုးရာသီတွင် သွားလာမှုခက်ခဲသည်။ ပြုပြင်ရန်မတတ်နိုင်ကြပါ။ • မူလတန်းကျောင်း သောက်သုံးရေ အရည်အသွေးမကောင်း၊ ယင်လုံအိမ်သာ လုံလောက်မှုမရှိ။ ဆင်းရဲသောကြောင့် ကျောင်း ရေတုံကန်နှင့် ယင်လုံအိမ်သာ လိုအပ်သော်လည်း မတတ် နိုင်ကြပါ။ • လူငယ်အစည်းအဝေးပြုလုပ်ရန်၊ အဆိုအကလေ့ကျင့်ရန်နှင့် လူငယ်ဘုံ ပစ္စည်းများ ထိန်းသိမ်းရန်နေရာ အတိအကျမရှိ။ လူငယ်ရိပ်သာအဆောက်အဦ သီးခြားမရှိ။
လျှပ်စစ်ဓာတ်အားသုံးစွဲ ရေး	• လျှပ်စစ်မီးခင်္ဂေကောက်ခံမှုမှာ

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့်စိန်ခေါ်မှုများ	ရှင်းလင်း ဖော်ပြချက်များ
• ကျေးရွာတွင် လျှပ်စစ်မီးလင်းရေး နှင့် ပါတ် သက်၍ အဟန့်အတား ဖြစ်နေသော အခြေအနေများ။	မီတာဘောက်တပ်ဆင်ပေးခြင်းမရှိ။ ငွေကောက်ခံမှု မျှတမှုမရှိ။ ပွင့်လင်းမြင်သာမှုမရှိဟု ရွာသူ/သားများ ခံစားကြရသည်။

ဝမ်းကွန်ကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက် - ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းဆီသို့

ဇယား (၄၅) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
❖ **အဖွဲ့အစည်းဆိုင်ရာ စနစ်**					
• ကျေးရွာ၏ဖွံ့ဖြိုးရေး လုပ်ငန်းကိစ္စများ အကောင် အထည်ဖော်ခြင်းနှင့်ဆုံးဖြတ် ချက်ချရာတွင် လူထု၏ပူးပေါင်းပါဝင်မှု အားနည်းသည်။ • လူထုအားလုံးနှင့်ဆိုင်သော လက်ရှိလူထုအဖွဲ့အ စည်းများကြား စေးကပ်မှု နှင့် အပြန်အလှန် ဆက် သွယ်မှု အားနည်းသည်။	• လူမှုရေးနှင့် လူထုကိစ္စများ တွင် ဒီမိုကရက်တစ်အလေ့ အကျင့်များ အတွေ့အ ကြုံ မရှိသေးခြင်း။ • ကျေးရွာဘက်စုံဖွံ့ဖြိုးရေးအစီ အစဉ်များတွင်လည်း အတွေ့ အကြုံ မရှိသေး ခြင်း။ • ကျေးရွာတခုလုံးခြုံငုံသည့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦး ဆောင်မည့် အမာခံအ ဖွဲ့အ စည်း မရှိခြင်း။	• နိုင်ငံတော်အစိုးရ အစီစဉ်၊ NGOများ၏ဖွံ့ဖြိုးရေး အစီ အစဉ်တို့ကြောင့် ကျေးရွာလူထုတွင် အစုအဖွဲ့စနစ်၊ စုဝေး တိုင်ပင်သည့် အလေ့ အကျင့်များရှိနေခြင်း။	• ကျေးရွာရှိအဖွဲ့အစည်းများဖွံ့ ဖြိုးရေး အတွက် စဉ် ဆက်မ ပြတ်အကူအညီပေး ရေးစနစ် မရှိသေးခြင်း	• လက်တွေ့လုပ်ငန်းခွင်သင်တန်း များမှတဆင့် ကျေးရွာ အဖွဲ့ အစည်းများ၏ စီမံခန့်ခွဲမှု စွမ်းရည်အလေ့အကျင့်များ နှင့်ဗဟုသုတများအ တွက်နည်းပညာ အကူအညီ များရရန်ကျေးလက်ဖွံ့ဖြိုး ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ • အဖွဲ့အစည်းများဆက်သွယ် ပြီး အမာခံအဖွဲ့အစည်းအဖြစ် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်း တည်ထောင်ခြင်း။ • လက်ရှိကျေးရွာရှိအဖွဲ့အစည်း များနှင့် ကျေးရွာဖွံ့ဖြိုးရေး ကော် မတီများ၏အဖွဲ့အစည်း ဆိုင်ရာ	• ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် အခြားအ ဖွဲ့အစည်းများကို အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်တည်ဆောက်ခြင်း။ • စီမံကိန်းများမှာ ○ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းခြင်း။ ○ အဖွဲ့အစည်းဆိုင်ရာ နည်း စနစ်။ ○ ဒီမိုကရက်တစ်အုပ်ချုပ်မှု၊ အမြင်ကြည်လင်မှုနှင့် တာ ဝန်ခံမှု။ ○ မတူခြားနားသည့် ကော်မ တီများအကြား ပေါင်းစပ် ညှိနှိုင်းမှုနှင့် ချိတ်ဆက် ဆောက်ရွက်ခြင်း

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
				စည်မံခန့်ခွဲမှု စွမ်းရည် တည်ဆောက်ခြင်း။	
❖ **စိုက်ပျိုးရေး**					
• ယာခင်းများတွင် ပြောင်း၊ တောင်ယာ စပါး စိုက်ပျိုးခြင်းမှ အကျိုးမြတ်နည်းခြင်း။	• ရွှေ့ပြောင်းတောယာခင်း များ မြေဆီညြေဓာတ် ယုတ်လာ ခြင်း၊ မိုးခေါင် ခြင်းတို့ကြောင့် အထွက် နှုန်းနည်းခြင်း၊ • သီးနှံစျေးနှိမ်ခံရခြင်း၊	• တောင်စောင်းများ၏ မတ်စောက် မှုဒဏ်ရီသည် အမြဲတမ်း စိုက်ခင်းအ ဖြစ် ပြောင်းလဲနိုင် သည့်အနေအထားရှိ ခြင်း၊	• တောင်စောင်းစိုက်ပျိုး နည်း ပညာဝန်ဆောင်မှု နှင့်ငွေကြေး ဝန်ဆောင် မှု အကူအ ညီ ရရှိရန် လက်လှမ်းမီမှုလို အပ် ခြင်း၊	• တောင်စောင်းစိုက်ပျိုးမှု နည်း ပညာဝန်ဆောင်မှု လက်လှမ်းမီ ရေးအခြေ နေဖန်တီးရန်၊	• အမြဲတမ်းတောင်စောင်း စိုက်ခင်းများတိုးတက် စိုက်ပျိုး ရေး
လယ်စပါးစိုက်ပျိုး ထုတ် လုပ်နိုင်မှုနည်းလျော့ နည်းခြင်း	• ဆည်မြောင်းရေလုံ လောက်စွာ မရခြင်း ကြောင့် လယ်မြေအား လုံးမစိုက်ပျိုးနိုင်ခြင်း၊ လက်ရှိ စိုက်ပျိုးနေသည့် လယ်(၇၇.၂) ဧကခန့်အ တွက်လည်းရေမလုံ လောက်ခြင်း • လယ်လုပ်သားငှားရမ်း ရန် ခက်ခဲခြင်း • အရည်အသွေးကျဆင်း လာ သောမျိုးစေ့များ စိုက်ပျိုးခြင်း။ • ပျိုးသက် အသက်ကြီး ခြင်း နှင့်စိုက်စနစ်အား နည်းခြင်း	• ဘီလူးချောင်းမှ ရေလုံ လောက် စွာရရှိနိုင်ခြင်း၊ • ကုလားမတောင်ရေ ထွက် စမ်း အားဆည် တည်ဆောက် ရန် ဖြစ် နိုင်ချေရှိခြင်း၊ • ကုလားမတောင်ခြေတွင် အ ထက် ဖော်ပြပါဆည် တည် ဆောက်နိုင်ပါက ၎င်းအနီးတွင် လယ်မြေ သစ်ဧက(၆၀)ခန့် ဖော် ထုတ်နိုင်ခြင်း • စိုက်ပျိုးရေးနည်းပညာ နှင့် မျိုး ကောင်းမျိုးသန့် များရရှိ နိုင်ခြင်း • လယ်ယာသုံးစက်ကရိ	• လက်ရှိ ဘီလူးချောင်း ရေ မြောင်း(၁)အား ပြုပြင်ရန် အထောက် အပံ့ လိုခြင်း • နည်းပညာ၊ငွေကြေး၀န် ဆောင်မှုဈေးကွက်ဖွံ့ ဖြိုးမှု အားနည်းခြင်း။ • ဖွံ့ဖြိုးရေးအဖွဲ့များနှင့် အဆက်အသွယ်အား နည်းခြင်း	• ရေသွင်းမြောင်းပြု ပြင် ၍လယ်စိုက်ဧကတိုး တက်အောင်ဆောင်ရွက် ခြင်း၊ • ကုလားမတောင်ရှိရေ ထွက် စမ်းအားဆည် ပိတ်ခြင်း၊ ၎င်းဆည် သောက်နိုင်သည့်လယ် မြေ သစ်ဧက(၆၀)ခန့် ဖော်ထုတ် ပြီး သီးနှံစိုက် ဧကတိုးတက်အောင် ဆောင်ရွက်ခြင်း • လယ်ယာသုံးစက်ကိရိ ယာများ ကို အရစ်ကျစ နစ်ဖြင့် ဝယ်ယူ သုံးစွဲ ခြင်းဖြင့် လယ်လုပ်သား	• ဘီလူးချောင်းရေ မြောင်း(၁) ပြု ပြင်ခြင်း • ကုလားမတောင်ရှိရေ ထွက် စမ်းအားဆည် ပိတ်ခြင်း၊ ၎င်းဆည် ရေသောက်နိုင်သည့် လယ်မြေသစ် ဧက (၆၀) ခန့်ဖော်ထုတ်ခြင်း • သီးနှံစိုက်ပျိုးမှုနည်း ပညာဖွံ့ ဖြိုး တိုး တက် ရေးသင်တန်းများ • စပါးမျိုးကောင်းမျိုး သန့်များ စိုက်ပျိုးခြင်း

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
		ယာနှင့် သွင်းအားစုများ အရစ်ကျဝယ် ယူစနစ်များပေါ်ပေါက်လာ ခြင်း		ရှားပါးမှုပြဿ နာဖြေရှင်းခြင်း • မြန်မာစိုက်ပျိုးရေးနှင့် ဆက် သွယ်၍ ဒေသနှင့် သင့်တော် သော စပါးမျိုးကောင်းမျိုးသန့် များ စိုက်ပျိုးခြင်း။	
❖ **တိရိစ္ဆာန်မြူရေး**					
• မွေးမြူရေးကို ဝင်ငွေရလုပ် ငန်းအဖြစ် မမွေးမြူနိုင် ခြင်း	• မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရန် ရင်းနှီးငွေမတတ် နိုင်ခြင်း၊ • တိရစ္ဆာန်ထွက်ကုန်များ ရောင်း ချရာတွင်ဈေး နှိမ်ခံရ ခြင်း၊ • ကာကွယ်ခြင်းကုသ ခြင်းမရှိ။ နည်းပညာဝန် ဆောင်မှုရရှိမှုနည်း သည်။	• အိမ်မွေးတိရိစ္ဆာန်မွေးမြူရန်မြေနေရာ၊ အစာနှင့်ရေရရှိခြင်း • နွားမွေးမြူရန်စားကျက်များစွာရှိခြင်း • ငါးမွေးမြူရန်နေရာရှိခြင်း။ • တိမွေးကု ဦးစီးဌာနရှိသည်။	• နည်းပညာနှင့် ငွေကြေးဝန် ဆောင်မှုများ ရရှိရေးအစီအ စဉ်နှင့်အချိတ်အဆက် အားနည်းသည်။ • ဌာနဆိုင်ရာနှင့် အချိတ်အဆက်ပြုလုပ်ခြင်း။	• တိရစ္ဆာန်မွေးမြူထုတ်လုပ်မှုစ နစ်တိုးတက်ရန် အခြေနေ ကောင်းများဖန်တီးပေးခြင်း ○ ငွေကြေးဝန်ဆောင်မှုလက် လှမ်းမီရေး ○ နည်းပညာဝန်ဆောင်မှုလက်လှမ်းမီရေး ○ ဈေးကွက် ○ သယ်ယူပို့ဆောင် ရေး	• ဝက်မွေးမြူခြင်း • ကြက်မွေးမြူခြင်း • ဘဲမွေးမြူခြင်း • ငါးမွေးမြူခြင်း • ငုံးမွေးမြူခြင်း • တိရစ္ဆာန် ဆေးဝါး
❖ **လယ်ယာလုပ်ငန်းမဟုတ်သောဝင်ငွေတိုးလုပ်ငန်းများ**					
• လယ်ယာလုပ်ငန်းမဟုတ် သော ဝင်ငွေတိုးလုပ်ငန်းလုပ် ငန်းလုပ်ကိုင်နိုင်ရန် အခွင့်အလမ်းနည်း ပါးသည်။	• အသက်မွေးဝမ်းလုပ်ငန်းကျွမ်းကျင်မှု အားနည်း။ • မြို့တက်၍သင်တန်းများရယူရန် နေထိုင်ရေး၊ စား စရိတ်များမ	• ဒေသအတွင်းနည်းပညာဝန်ဆောင်သည့် ဖွံ့ဖြိုးရေးအဖွဲ့များရှိသည်။	• အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်း ကျွမ်းကျင်မှုတိုးတက် ရေးအတွက် စီမံကိန်း များမရှိခြင်း၊ • လေ့လာသင်ယူရန် အဆက် အသွယ်၊	• နည်းပညာဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။ • ဝင်ငွေရလုပ်ငန်းများတိုးတက်လုပ်ကိုင်နိုင်မည့်	• အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းကျွမ်းကျင်မှုတိုး တက်ရေးသင်တန်းများ ○ အိမ်ဈေးဆိုင် တည်ထောင် ခြင်း

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
	တတ်နိုင်ခြင်း		အရင်း အနှီးမရှိ။	ပတ်ဝန်းကျင် အခြေနေဖန်တီးခြင်း ○ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ○ နည်းပညာနှင့်ငွေကြေးဝန်ဆောင်မှုများ	○ မုန့်၊ဖျော်ရည်သင်တန်း ○ ပဝါရွှေ့၊စက်ပြင် ○ စက်ချုပ်၊ဒီဇိုင်းနာ ○ စက်ကြီးယဉ်မောင်း ○ အနုပညာသင်တန်း (ဂီတာတီး၊အဆို
❖ **ကျန်းမာရေး**					
• ကျေးရွာဆေးခန်းမှ ကျန်းမာ ရေး ဝန်ဆောင်မှုလုံလောက် စွာ မပေး နိုင်သေးခြင်း	• ကျေးရွာဆေးခန်းအသုံး အဆောင်ပစ္စည်း ကိရိယာလုံ လောက်မှု မရှိ။	• မိခင်များ မိမိကျေးရွာတွင်မီးဖွါးလေ့ရှိသည်။ • ဆေးခန်းနှင့် တာဝန်ကျဆရာမမှ ဝန်ဆောင်မှုကောင်းစွာ ပေး နိုင်ခြင်း၊	• ကျေးရွာဆေးခန်းအသုံး အဆောင်ပစ္စည်း ကိရိယာဝယ်ယူ ရန်ငွေအရင်းအနှီးမရှိ။	• ကျေးရွာဆေးခန်း အသုံး အဆောင်ပစ္စည်း ကိရိယာဝယ်ယူရန်။	• ကျေးရွာဆေးခန်းအသုံး အဆောင် ပစ္စည်းကိရိယာ ဝယ်ယူ ခြင်း
❖ **ပညာရေး**					
• ကျောင်းသောက်သုံးရေလုံ လောက် မှုမရှိ။ • ကျောင်းအိမ်သာလုံလောက်မှု မရှိ • အလယ်တန်း၊အထက်တန်းပညာတတ်မြောက်သူဦးရေနည်း ပါးခြင်း	• သန့်ရှင်းသောသောက်သုံးရေ အရင်းမြစ်မရှိခြင်း၊ • ယင်လုံအိမ်သာဆောက်လုပ်ရန်မတတ်နိုင်ခြင်း • မြို့ကျောင်းတက်ရန်အခက် ခဲရှိခြင်း	• အဝီစိတွင်းတူးဖော်ရန် ဖြစ်နိုင်ခြေရှိခြင်း	• ပညာရေးရန်ပုံငွေအရင်းအနှီး မလုံလောက်ခြင်း။	• အဝီစိတွင်းတူးဖေါ်ခြင်း • ကျောင်းယင်လုံအိမ်သာဆောက် လုပ်ခြင်း။ • မိဘဆရာအသင်း၏ လုပ်ငန်းဆောင်ရွက်မှုပိုမို ကောင်းမွန်အောင်ဆောင်ရွက်ရန်။	• ကျောင်း ရေတုံကင်တူးဖေါ် ခြင်း။ • ကျောင်းယင်လုံအိမ်သာဆောက်လုပ်ခြင်း။
❖ **ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား**					
• လေ့လာသင်ယူရန်အခွင့် အလမ်း နည်းပါး	• စာကြည့်တိုက် စာအုပ်လုံ လောက် ပြည့်စုံမှုမ	• စာကြည့်တိုက် ဆောက်လုပ် ပြီးအဆင်သင့်	• စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရန်	• စာအုပ်များဝယ်ယူ ဖြည့်ဆီး ရန်၊	• စာကြည့်တိုက် စာအုပ်များ ဝယ်

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
• အားကစားကဏ္ဍအား နည်းသည်။	ရှိ။ • အတန်းပညာတတ်နည်း ပါးခြင်း • လူငယ်ဖွံ့ဖြိုးရေးအ တွက်အား ကစား၏အ ရေး ပါမှုကိုအလေးထား မှုနည်း။ပါးခြင်း၊ အား ကစားကွင်းမ ရှိ။	ရှိ။လူငယ်များ စာဖတ် လေ့ရှိ။ • လူငယ်အချို့သာဖုန်း အင်တာနက် လက်လှမ်း မီအသုံး ပြုနိုင်။ • ကျေးရွာတွင်အားကစား ကွင်း နေရာညှိနှိုင်းရယူ နိုင် သည်။	ငွေအရင်းအနှီးမရှိ။ • စာကြည့်တိုက်စီမံခန့်ခွဲ မှု နည်းပညာအားနည်း ခြင်း • အတန်းပညာတတ် နည်းပါးခြင်း • အားကစားကွင်းဖေါ် ထုတ်ရန် အရင်းအနှီးမ ရှိကြပါ။	• လူငယ်ဖွံ့ဖြိုးတိုးတက် ရေးအစီအစဉ်များရေးဆွဲ အကောင် အထည်ဖေါ် ခြင်း။ • အားကစားကွင်းသတ် မှတ် တည်ဆောက်၍ ပုံမှန်ပြုင်ပွဲ များကျင်းပ ပေးခြင်း	ယူဖြည့်ဆီးခြင်း • ကျေးရွာအားကစား ကွင်းသတ် မှတ် တည်ဆောက်ရေး • ဟောပြောပွဲများ • လူငယ်တွေ့ဆုံခန်းမ ဆောက်လုပ်ခြင်း
❖ **ကျေးရွာ အခြေခံ အဆောက်အဦးများ**					
• ကုန်ထုတ်လမ်းမ ကောင်း။ မိုးတွင်းသွား လာရာတွင် အခက် အခဲရှိသည်။	• မြေသားလမ်းဖြစ်ခြင်း • တံတားမှာ အလွန် ဟောင်းနေခြင်း	• လွိုင်ကော်နှင့် ဖြတ်လမ်း ရှိ သည်။ • ကုန်ထုတ်လမ်းနှင့် တံတား ကောင်းပါက ခရီးပိုနီးလာ မည်။	• လမ်းပြုပြင်ရန်နှင့်တံ တားဆောက်လုပ်ရန် အရင်း အနှီးမရှိ။	• ကုန်ထုတ်လမ်းအဆင့် မြှင့်တင် ခြင်း	• ကုန်ထုတ်တတား ဆောက် လုပ် ခြင်း • ကုန်ထုတ်လမ်း ဖေါက်လုပ် ခြင်း။
❖ **လျှပ်စစ်စွမ်းအင်**					
• မီးသုံးစွဲမှုနှင့် မီတာခ ပေးဆောင်မှု မျှတမှု မရှိဟုခံစားရ။	• အသုံးပြုသည့်အိမ်များ တွင် မီတာဘောက်များ မရှိ။	•	• မီတာဘောက်မရှိ။	• မီတာဘောက်များတပ် ဆင် ခြင်း • လျှပ်စစ်ဓါတ်မှ လူထုကို နား လည် အောင်ရှင်း လင်းခြင်း	• မီတာဘောက်များတပ် ဆင် ခြင်း • လျှပ်စစ်ဓါတ်မှ လူထုကို နား လည်အောင်ရှင်း လင်းခြင်း

ကိုးကားစာရင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ လွိုင်ကော်မြို့နယ်၊ ဝမ့်ကွန်ကျေးရွာတွင် ၂၀၁၅ ဇူလိုင်လတွင် ကျင်းပခဲ့သော ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှ မှတ်စုများ၊

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်၊

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ - ကျေးရွာအုပ်စု - မြို့နယ် - တိုင်းဒေသကြီး / ပြည်နယ် -	
စီမံချက်အမည် -	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ)	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• …….(ငွေသား) • ……..(ငွေသား) • ……(ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်								
အကျိုးခံစားမည့် ဦးရေ								
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ဌား)
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း
(၃) စီမံချက်ပြီးစီးမည့်အချိန်
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ